Search for Common Ground

Kingdom of the Netherlands

# Myanmar Impact Toolkit:

## Monitoring and Evaluating Counter

# Hate Speech Initiatives

# Contents


**Acknowledgements** 5

**Introduction** 6

Using this Toolkit 8

Is monitoring and evaluation only for donors? 10

**Challenging intolerance** 12

► **Tip: Defining "hate speech"** 14

"Hate speech" and free speech 18

► **Tip: Recent reports documenting hate speech in Myanmar** 22

Hate speech online 22

Counter-hate speech work 24

► **Tip: What works?** 26

► **Tip: Practical digital security tips and good internet practices** 28

**Introduction to monitoring and evaluation** 32

► **Tip: What is monitoring?** 34

► **Tip: What is evaluation?** 34

► **Tip: Monitoring and evaluation words** 40

**Step one: Project design** 44

► **Tip: What makes good project design?** 44

Tool: Understanding the problem you face 44

Tool: Understanding the context that you are in 46

Tool: Understanding your stakeholders 48

► **Tip: Working in partnerships and coalitions** 50

Tool: Understanding yourself and what you can do 52

Tool: Developing ideas of what to do 54

► **Tip: General approaches to countering hate speech** 58

Tool: Deciding which idea is best for you 60

Tool: Building your idea into a project 62

**Step two: Setting realistic targets and indicators** 66

► **What are indicators?** 66

► **Tip: Developing indicators** 70

Tool: Designing your indicators, baseline and target 72

► **Tip: Setting targets** 76

Tool: Quantitative and qualitative indicators and targets 78

► **Tip: Monitoring indicators** 82

Tool: Disaggregation 84

► **Tip: Dealing with risk and safety and motivation** 88

Tool: Indicators and the logical framework 90

► **Tip: Counter hate speech indicators** 94

**Step three: Implement monitoring and evaluation** 98

► Developing a monitoring and evaluation plan 100

► Methods and sources for gathering information 108

► Tip: Gathering information ethically 112

Tools for gathering information 114

► Tip: Interviewing skills 118

► Tip: Developing a case study 126

► Documenting the monitoring and evaluation results 136

► Analysing the information 140

► Conclusion 146

**References** 146

**Appendix** 148

► Organisational checklist 148

# Acknowledgements

This toolkit is the product of collaborative work between the following organizations:

- Center for Diversity and National Harmony (CDNH)
- Smile Education and Development Foundation
- Peace and Development Society
- Phandeeyar
- Religions for Peace - Myanmar (RfPM)
- The Seagull : Human Rights, Peace & Development
- CDA Collaborative Learning Projects
- The 88 Generation Peace and Open Society - Meikhtila
- Burma Monitor
- Metta Campaign Youth
- Metta Campaign
- Kalyana Myitta Development Foundation
- Judson Research Center of MIT
- Phandeeyar
- No Hate Speech Project by the institute of War and Peace Reporting (IWPR)
- Myanmar ICT for Development Organization (MIDO)
- Youth Circle
- Shwe Chin Thae Social Service – Shwebo
- United States Institute of Peace (USIP)
- Karuna Mission Social Solidarity/Caritas Myanmar

FREE EXPRESSION MYANMAR

The toolkit was developed by Freedom of Expression Myanmar as part of a Search for Common Ground project, support by the Kingdom of the Netherlands

Illustrations and graphic design by:
Joosk Studio

# Introduction

The **Myanmar Impact Toolkit: monitoring and evaluating counter hate speech initiatives** is the result of a joint effort by civil society organisations and local and international non-government organisations to better monitor and evaluate the impact of their counter-hate speech work. The Toolkit has the collective best practices of 23 leading organisations from across Myanmar that came together in a series of workshop hosted by Search for Common Ground and supported by the Kingdom of the Netherlands in September and October 2017 to share their knowledge, experiences, and skills, and together devise better ways to monitor and evaluate their work. The 23 participating organisations all shared one common characteristic – they are all working at the forefront of attempts to counter hate speech and promote tolerance.

The Toolkit is intended to spread the valuable knowledge, experience and skills identified during the workshops, so that more civil society organisations (CSOs), local and international non-governmental organisations (NGOs and INGOs), activists and others countering hate speech can benefit and improve their own monitoring and evaluation policies and practices. The participants agreed that good monitoring and evaluation not only helped them raise funds but more importantly enabled them to learn and improve the impact of their work.

The Toolkit includes three steps to achieving better monitoring and evaluation, each one tailored especially to be useful for those working to counter hate speech. The first step gives a brief explanation of how to design projects more effectively and includes some useful tools to support good design. The second step covers how to create useful indicators and set realistic project targets so that success can be measured. The third step explains participatory monitoring and evaluation and includes a choice of tools that can be easily used.

## နိဒါန်း

**သက်ရောက်မှုစစ်ဆေးတိုင်းတာခြင်း အသုံးပြု မြန်မာ့လမ်းညွှန်အမုန်းစကားကို ဆန့်ကျင်တန်ပြန်သော ဆောင်ရွက်ချက်များအား စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း** သည် မြန်မာနိုင်ငံရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသော အမုန်းစကားဆန့်ကျင်တန်ပြန်ရေးလုပ်ငန်းများ၏ သက်ရောက်မှုအား ပိုမိုကောင်းမွန်စွာစောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်နိုင်စေရန်ၚင်းအရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ပြည်တွင်း၊ပြည်ပမှအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းကြိုးပမ်းထားသည့် ရလဒ်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် အတွင်း Kingdom of the Netherland အထောက်အပံ့ဖြင့် Search for Common Ground မှ လက်ခံ ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ ပွဲစဉ်များတွင် မြန်မာနိုင်ငံတဝှမ်းရှိ ဦးဆောင်လှုပ်ရှားလျက်ရှိသော အဖွဲ့အစည်းပေါင်း ၂၃ မှ ၎င်းတို့၏ အသိပညာ၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို လာရောက်မျှဝေခဲ့ကြပြီး၊ ၎င်းတို့၏လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်စွာ လေ့လာစောင့်ကြည့်အကဲဖြတ်ဆန်းစစ်နိုင်ရန် အတူတကွ အားထုတ်ကြံစည်ထားသော အကောင်းမွန်ဆုံး အလေ့အကျင့်ကောင်းများကို ဤအသုံးပြုလမ်းညွှန်တွင် စုစည်းထားပါသည်။ တက်ရောက်ပါဝင်ခဲ့ကြသော အဖွဲ့အစည်း ၂၃ ၏ တူညီသော ဝိသေသလက္ခဏာတစ်ရပ်မှာ ၎င်းတို့အားလုံးသည် အမုန်းစကားကို ဆန့်ကျင်တန်ပြန်ပြီး လူအဖွဲ့အစည်းအတွင်း မတူကွဲပြားခြင်းအပေါ် သည်းခံနိုင်စွမ်းကို တိုးမြှင့်ရန် ရှေ့တန်းမှ ကြိုးစားဖော်ဆောင်နေကြခြင်းပင်ဖြစ်သည်။

အသုံးပြုလမ်းညွှန်သည် အလုပ်ရုံဆွေးနွေးပွဲစဉ်များအတွင်း ဖော်ထုတ်ခဲ့ကြသော အဖိုးတန်သည့် အသိပညာဗဟုသုတ၊ အတွေ့အကြုံ နှင့် ကျွမ်းကျင်မှုများကို ဖြန့်ဝေရန်ရည်ရွယ်ထားပါသည်။ သို့မှသာ အခြားသော လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ နှင့် အခြားအမုန်းစကားဆန့်ကျင်တန်ပြန်ရေးလုပ်ငန်းများအတွက် အကျိုးပြုကာ၊၎င်းတို့၏စောင့်ကြည့်အကဲဖြတ်ရေးမူဝါဒနှင့်အလေ့အကျင့်များကိုတိုးမြှင့်လာနိုင်မည်ဖြစ်သည်။ကောင်းမွန်သောစောင့်ကြည့်လေ့လာအကဲဖြတ်ရေး လုပ်ငန်းစဉ်သည် ရန်ပုံငွေရှာဖွေရာတွင်သာမက၊ ထို့ထက်အရေးကြီးသည့်အချက်ဖြစ်သော လုပ်ငန်းအကျိုးသက်ရောက်မှုကို လေ့လာရန်နှင့် တိုးမြှင့်ရာတွင် အထောက်အကူဖြစ်စေကြောင်း တက်ရောက်ပူးပေါင်းဆောင်ရွက်သူများမှ တညီတညွတ်တည်း သဘောတူခဲ့ကြသည်။

ပိုမိုထိရောက်သော စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်းကို အောင်မြင်စွာဆောင်ရွက်နိုင်စေရန် အသုံးပြုလမ်းညွှန်တွင် အဆင့် (၃) ဆင့် ထည့်သွင်းထားသည်။ အထူးသဖြင့် အမုန်းစကား ဆန့်ကျင်တန်ပြန်ခြင်း လုပ်ငန်း ဆောင်ရွက်နေသူများအတွက် အသုံးဝင်အဆင်ပြေစေရန် အဆင့်တစ်ဆင့်ချင်းစီကို အံဝင်ခွင်ကျပြုစုထားသည်။ ပထမအဆင့်တွင် စီမံကိန်းများကို ပိုမိုထိရောက်စွာ မည်သို့မည်ပုံ တည်ဆောက်ရန် အကျဉ်းချုံ့ရှင်းလင်းထားပြီး၊ ကောင်းမွန်သောစီမံကိန်းဒီဇိုင်းကို အထောက်အပံ့ဖြစ်စေရန် အသုံးဝင်မည့် Tool တချို့ကို ထည့်သွင်းထားသည်။ ဒုတိယအဆင့်တွင် အညွှန်းကိန်းများဖန်တီးပုံနှင့် အောင်မြင်မှုကို တိုင်းတာနိုင်စေရန် လက်တွေ့ဆန်သော စီမံကိန်း ရည်ညွှန်းအကျိုးရလဒ်များ ချမှတ်ပုံတို့ကို ဖော်ပြထားသည်။ တတိယအဆင့်တွင်မူ အများပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်ခြင်းကို ရှင်းလင်းဖော်ပြထားပြီး၊ လွယ်လင့်တကူအသုံးပြုနိုင်မည့် ရွေးချယ်စရာ Tool များကို ထည့်သွင်းပြုစုထားသည်။

## Using this Toolkit

- **What?**

The Toolkit will enable you to better design, monitor and evaluate your work countering hate speech. It is full of useful tips from others working in Myanmar.

- **Who?**

The Toolkit is for civil society organisations (board members, staff, and volunteers), NGOs and INGOs, activists and others in Myanmar that are countering hate speech. It is also useful for people that do not work directly on hate speech, but are trying to increase tolerance and promote diversity.

- **Why?**

Because we can learn useful tips and tools from each other, tailored to our work on countering hate speech in Myanmar.

- **Where?**

The Toolkit content was created by participants from across Myanmar, but it could be useful anywhere!

- **How?**

We have included as many practical tips and tools as possible which you can use to design your projects and develop and executing monitoring and execute plans. The tools are written in an order so that each one builds on the earlier one. All the tools can be used alone, but you will get better results if you complete them in collaboration with other stakeholders, including your colleagues,volunteers, and partners.

- **When?**
- **Now!**

## Tooklit အသုံးပြုခြင်း

- **ဘာကိုအကျိုးဖြစ်စေမလဲ**

Toolkit သည် သင့်အား အမုန်းစကားဆန့်ကျင်တန်ပြန်သည့် လုပ်ငန်းကို ပိုမိုကောင်းမွန်စွာ တည်ဆောက်နိုင်စေပြီး စောင့်ကြည့်လေ့လာ အကဲဖြတ်နိုင်စေပါလိမ့်မည်။

- **မည်သူတွေအတွက် အသုံးဝင်သလဲ**

Toolkit သည် အမုန်းစကားအား ဆန့်ကျင်တန်ပြန်နေကြသော မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းများ (ဘုတ်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ နှင့် စေတနာ့ဝန်ထမ်းများ)၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ နှင့် အခြား ပုဂ္ဂိုလ်များ အတွက် ဖြစ်ပါသည်။ အမုန်းစကားရေးရာကိစ္စရပ်များတွင် တိုက်ရိုက်အလုပ်မလုပ်သော်လည်း လူအဖွဲ့အစည်း အတွင်း မတူကွဲပြားခြင်းအပေါ် သည်းခံနိုင်စွမ်း တိုးမြှင့်ခြင်းနှင့် မတူကွဲပြားခြားနားမှုကို တိုးမြှင့် ဖော်ဆောင်နေသော ပုဂ္ဂိုလ်များအတွက်လည်း အသုံးဝင်ပါသည်။

- **ဘာကြောင့်အသုံးပြုသင့်သလဲ**

ကျွန်ုပ်တို့၏မြန်မာနိုင်ငံရှိအမုန်းစကားဆန့်ကျင်တန်ပြန်ရေးအလုပ်များနှင့်အံဝင်ခွင်ကျသည့်အသုံးဝင်သော Tool နှင့်အကြံပြုချက်များကို အပြန်အလှန်သင်ယူလေ့လာနိုင်သောကြောင့်ဖြစ်သည်။

- **ဘယ်မှာအသုံးပြုမလဲ**

ဤ Toolkit ပါအကြောင်းအရာများကိုမြန်မာနိုင်ငံအနှံ့အပြားမှ ပူးပေါင်းပါဝင်သူများဖြင့် ဖန်တီးခဲ့သော်လည်း မည်သည့်နေရာဒေသတွင်မဆို အသုံးဝင်နိုင်ပါသည်။

- **ဘယ်လိုအသုံးပြုမလဲ**

သင့်စီမံကိန်းများကို ပုံဖော်ဖို့ နှင့် လေ့လာစောင့်ကြည့်အကဲဖြတ်စစ်ဆေးနိုင်ရန် လက်တွေ့ ကျသည့် အကြံပြုချက်များနှင့် Tool များကို တတ်နိုင်သမျှ များများ ထည့်သွင်းပြုစုထားပါသည်။ Tool များကို တစ်ခုမတိုင်မီ တစ်ခု ဖန်တီးတည်ဆောက်နိုင်စေရန် အစီစဉ်ကျစွာရေးသားဖော်ပြထားသည်။ Tool များကို

- **ဘယ်အချိန်မှာ သုံးမလဲ**

အခုပဲစတင်လိုက်ပါ !

## Is monitoring and evaluation only for donors?

Monitoring and evaluation is often seen as something that donors demand, but there are many benefits for civil society organisations, NGOs and INGOs, activists and others countering hate speech because it helps us to:

- Clarify what we want to change, and how when and where
- Improve our strategy and tactics
- Question our assumptions and check whether we are being logical which leads to the formulation of our theory of change
- Understand if our work is going as we planned
- See problems and make changes to our work
- Learn what works well and what does not, so that we can design better projects
- Be accountable – just like we ask governments to be!

## စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း သည် အလှူရှင်များအတွက်ချည်းပဲလား။

စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ဆန်းစစ်ခြင်းသည်မကြာခဏဆိုသလိုအလှူရှင်၏တောင်းဆိုချက်ဟုအထင်မြင်ခံရတတ်သည်။ သို့သော် လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံ တကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် အကျိုးများစွာရှိလေသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းစောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်က ကျွန်ုပ်တို့ကို –

- ကျွန်ုပ်တို့ ဘာကို ပြောင်းလဲချင်သလဲ နှင့် ဘယ်အချိန် ဘယ်နေရာတွင် ဘယ်လိုပြောင်း လဲမည် ဆိုသည်ကို ရှင်းလင်းသိသာစေရန်
- ကျွန်ုပ်တို့၏ မဟာဗျူဟာနှင့် နည်းပရိယာယ်တို့ကို တိုးမြှင့်နိုင်ရန်
- ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်များကို မေးခွန်းထုတ်ရန် နှင့် မိမိတို့ထင်မြင်မှတ်ယူမှုများက ယထာဘူတကျ မကျ ကို စစ်ဆေးနိုင်ရန်
- ကျွန်ုပ်တို့၏ လုပ်ငန်းသည် ကျွန်ုပ်တို့ မူလစီစဉ်ထားသည့်အတိုင်း သွားနေရဲ့လား ဆိုသည်ကို သိမြင်နားလည်နိုင်စေရန်
- ပြဿနာများကို မြင်သာစေပြီး လုပ်ငန်းကို အပြောင်းအလဲများပြုလုပ်နိုင်ရန်
- မည်သည့်အရာက ကောင်းစွာအလုပ်ဖြစ်ပြီး ဘယ်အရာက အလုပ်မဖြစ်သည်ကို လေ့လာကာ ပိုမိုကောင်းမွန်သော စီမံကိန်းများကို ဒီဇိုင်းဆွဲလာနိုင်စေရန်
- အစိုးရကို ကျွန်ုပ်တို့ ဖြစ်စေချင်သည့်အတိုင်း ကျွန်ုပ်တို့ကိုယ်တိုင် တာဝန်ခံမှု ရှိလာစေရန် အကူအညီပေးပါသည်။

## Challenging intolerance

Myanmar has a long history of diversity, celebrating different traditions, eating different foods, speaking different languages, and worshipping different gods. However, despite this vibrant and valuable diversity, historical legacies undermine social cohesion and promote division. This chapter gives a very brief introduction to hate speech in Myanmar.


People from minority groups can face suspicion, hostility, and discrimination in Myanmar, demonstrated in a variety of ways. One of the most obvious is when intolerance is openly expressed. These expressions of intolerance can manifest beyond mere dislike, animosity, or suspicion into vehement expressions of actual hatred towards minority groups or individual members of minority groups. These expressions of hatred are often called “hate speech” in Myanmar. They can manifest both online and offline.

## လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် သည်းခံနိုင်စွမ်း မရှိခြင်းကို စိန်ခေါ်ခြင်း

မြန်မာနိုင်ငံသည်မတူကွဲပြားခြင်း၊မတူခြားနားသောရိုးရာဓလေ့များအားဆင်နွှဲကြခြင်း၊အမျိုးမျိုးသောအစားအစာများစားသောက်ကြခြင်း၊ ကွဲပြားသော ဘာသာစကားများ သုံးစွဲ ပြောဆိုကြခြင်းနှင့် မတူညီသော ဘာသာရေးဆိုင်ရာ ယုံကြည်မှုများကို လက်ကိုင်ထားကြခြင်းမှာ သမိုင်း ရှည်ကြာခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း ယခုကဲ့သို့ အသွေးစုံ၊ အဖိုးတန်သော မတူကွဲပြားခြင်းနှင့် သမိုင်းဝင်ကောင်းမွေဆိုးမွေများက  လူမှုရေးအရ ပေါင်းစပ်ညီညွတ်မှုကို သေးနုပ်စေပြီး အုပ်စုကွဲများကို ဖြစ်ထွန်းစေခဲ့သည်။ ယခုအခန်းတွင် မြန်မာနိုင်ငံရှိ အမုန်းစကားအကြောင်း အကျဉ်းချုံ့နိဒါန်းတစ်ပုဒ် မိတ်ဆက်ပေးမည်ဖြစ်သည်။

လူနည်းစုအုပ်စုများမှ လူပုဂ္ဂိုလ်တို့သည် မြန်မာနိုင်ငံတွင် သင်္ကာမကင်းခံရခြင်း၊ ရန်လိုမုန်းထားခြင်းနှင့် ခွဲခြားနှိမ်ချဆက်ဆံခြင်းကို နည်းအမျိုးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့ ကြရသည်။ အသိသာအထင်ရှားဆုံးများထဲမှ တစ်ခုသည် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် သည်းခံနိုင်စွမ်းမရှိခြင်းကို ပွင့်လင်းစွာ ထုတ်ဖော်ပြသသည့် အခါပင်ဖြစ်သည်။ ဤကဲ့သို့ လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ်သည်းခံနိုင်စွမ်းမရှိသောထုတ်ဖော်ရေးသားပြောဆိုချက်များသည်လူနည်းစုလူမျိုးစုများ (သို့မဟုတ်) လူနည်းစုလူမျိုးစုဝင် တစ်ဦးဦးအပေါ် မကြိုက်နှစ် သက်ခြင်း၊ အမျက်ထွက်ခြင်း၊ သို့မဟုတ်  အမုန်တကယ်မုန်းတီးမှုကိုဖော်ပြနေသည့် ပြင်းပြလှိုက်လှဲသော ဖော်ပြချက်များကို ကျော်ရုံမျှသာ သရုပ်ဖော်နိုင်လေသည်။ ဤကဲ့သို့ မုန်းတီးမှုဆိုင်ရာ ရေးသားထုတ်ဖော်ပြောဆိုချက်များကို မြန်မာနိုင်ငံတွင် မကြာခဏဆိုသလို “အမုန်းစကား” ဟု ခေါ်တွင်ကြသည်။ ထိုအမုန်းစကားများမှာ အင်တာနက်စာမျက်နှာတွင်သာမက အင်–တာနက်စာမျက်နှာ ပြင်ပတွင်လည်း သိသာထင်ရှားစွာ တွေ့နိုင်ပါသည်။

## Tip: Defining "hate speech"





Civil society organisations, activists, journalists, and others have different opinions of what can be called "hate speech". This is because "hate speech" is an emotive and subjective phrase, used by different people to deal with different problems. Despite "hate speech" being emotive and subjective, some international definitions have been developed by the UN's International Committee on the Elimination of Racial Discrimination[1] , the UN's Educational, Scientific and Cultural Organization[2] , the European Court of Human Rights[3] , and even Facebook[4] and YouTube[5] .

---

[1] "A form of other-directed speech which rejects the core human rights principles of human dignity and equality and seeks to degrade the standing of individuals and groups in the estimation of society." **UN Committee on the Elimination of Racial Discrimination (2013); General Recommendation No 35 on combatting racist hate speech, CERD/C/GC/35; Geneva.**

## အကြံပြုချက် - "အမုန်းစကား" ကို အဓိပ္ပါယ်သတ်မှတ်ခြင်း




အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ၊ ဂျာနယ်လစ်များနှင့် အခြားသူများတွင် မည်သည့်အရာများကို "အမုန်းစကား" ဟု ခေါ်တွင်နိုင်ကြောင်း မတူညီသော အမြင်အယူအဆ အမျိုးမျိုး ရှိကြပေလိမ့်မည်။ ၎င်းကဲ့သို့ ကွဲပြားနေရခြင်း အကြောင်းမှာ "အမုန်းစကား" ဟူသည့် စကားရပ်သည် စိတ်ခံစားချက်ဆန်ပြီး မတိကျသော (မိမိလိုသလိုဆွဲယူခံစား သတ်မှတ်နိုင်သော) စကားပိုဒ်ဖြစ်ကာ၊ လူအမျိုးမျိုးမှ ပြဿနာရပ်အမျိုးမျိုးနှင့် စပ်လျဉ်း၍ အသုံးပြုနေကြသောကြောင့်ဖြစ်သည်။ "အမုန်းစကား" ဟူသည့် စကားရပ်မှာ စိတ်ခံစားချက်ဆန်ပြီး မတိကျ သော်လည်း လူမျိုးရေးခွဲခြားဆက်ဆံမှုများပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကော်မတီ၊ ကုလသမဂ္ဂ ပညာရေး သိပ္ပံနှင့် ယဉ်ကျေးမှုကော်မတီ၊ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးတို့ သာမက ဖေ့စ်ဘွတ်ခ်နှင့် ယူကျူ့တို့ကပင် "အမုန်းစကား" ၏အချို့သော နိုင်ငံတကာအဓိပ္ပါယ်ဖွင့်ဆိုချက်များ ကို ဖန်တီးပြုစုခဲ့ကြပြီး ဖြစ်လေသည်။

---

၁။ "လူ့ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှု၏ ပင်မ လူ့အခွင့်အရေးစံနှုန်းများကို ပယ်ချသည့်၊ လူ့အဖွဲ့အစည်း၏ ခန့်မှန်းချက်အတိုင်း တစ်ဦးတစ်ယောက်ချင်းနှင့် အုပ်စုလိုက် ရပ်တည်ချက်ကို နှိမ့်ချပစ်ရန် ရည်ရွယ်သည့် အခြားတိုက်ရိုက်စကားပုံစံတစ်ခု။" လူမျိုးရေး ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး ကုလသမဂ္ဂကော်မတီ (၂၀၁၃)၊ လူမျိုးရေးခွဲခြားမှု အမုန်းစကားကို တိုက်ဖျက်ခြင်း အထွေထွေ အကြံပြုချက် အမှတ်စဉ် ၃၅၊ CERD/C/GC/35: ဂျနီဗာမြို့။

A simpler definition of hate speech used by some civil society organisations is "any expression of discriminatory hate towards people".[6]

- because they have – or are perceived to have – certain minority character istics such as their gender, ethnicity, religion, or nationality.

This definition means hate speech is:

- any expression imparting opinions or ideas
- that is expressed through any form such as written, spoken, or visual
- and spread through any medium such as the internet or television or in the street
- and includes not just bias, but intense and irrational emotions that are dis criminatory
- and that are targeted at individuals or groups
- because they have – or are perceived to have – certain minority character istics such as their gender, ethnicity, religion, or nationality.

---

[2] **"Expressions that advocate incitement to harm (particularly, discrimination, hostility or violence) based upon the target's being identified with a certain social or demographic group.** It may include, but is not limited to, speech that advocates, threatens, or encourages violent acts. For some, however, the concept extends also to expressions that

foster a climate of prejudice and intolerance on the assumption that this may fuel targeted discrimination, hostility and violent attacks." **UNESCO (2015); Countering hate speech online; Paris.**

[3] "All forms of expression which spread, incite, promote or justify racial hatred, xenophobia, anti-Semitism or other forms of hatred based on intolerance, including intolerance expressed by aggressive nationalism and ethnocentrism, discrimination and hostility towards minorities, migrants and people of immigrant origin." **Council of Europe Committee of Ministers (1997); Recommendation No. R (97)20; EU.**

[4] "Content that directly attacks people based on their race, ethnicity, national origin, religious affiliation, sexual orientation, sex, gender or gender identity, or serious disabilities or diseases." Facebook Community Guidelines on encouraging respectful behaviour.

[5] "Content that promotes violence or hatred against individuals or groups based on certain attributes, such as: race or ethnic origin, religion, disability, gender, age, veteran status, or sexual orientation/gender identity." **YouTube Community Guidelines.**

[6] Article 19 (2015); Hate speech explained; London.

[7] UN Human Rights Council (2013); Rabat Plan of Action on the prohibition of advocacy of national, racial, or religious hatred that constitutes incitement to discrimination, hostility, or violence; Geneva.

အချို့သော အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ အသုံးပြုသည့် အမုန်းစကား၏ ရိုးရှင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ "လူများအပေါ် ပြုလုပ်သည့် မည်သည့် ခွဲခြားနှိမ်ချဆက်ဆံမှုအမုန်းတရားဆိုင်ရာ ထုတ်ဖော်ရေးသားပြောဆိုချက်မဆို" ဖြစ်သည်။ ဆိုလိုရင်းမှာ အမုန်းစကားဟူသည် -

- ကျားမလိင်ကွဲပြားမှု (လူ့အဖွဲ့အစည်းမှမျှော်လင့်ထားသည်အတိုင်းခွဲခြားသတ်မှတ်ထားသော)၊ တိုင်းရင်းသားဖြစ်တည်မှု၊ ဘာသာတရား၊ သို့မဟုတ်၊ နိုင်ငံသားဖြစ်မှု စသည့် လူနည်းစုလက္ခဏာရပ်တစ်ရပ်ရပ်ရှိသောကြောင့်၊ သို့တည်းမဟုတ် ရှိသည်ဟု မှတ်ယူသောကြောင့်
- ယင်းလူတစ်ဦး သို့မဟုတ် အုပ်စုတစ်စုကို ပစ်မှတ်ထား ရည်ရွယ်ကာ
- ဘက်လိုက်မှု သာမက၊ ခွဲခြားနှိမ်ချဆက်ဆံမှုများဖြစ်သည့် အဓိပ္ပါယ်မရှိပြင်းထန်သော စိတ်ခံစားချက်များကိုပါ ထည့်သွင်းပြီး
- အင်တာနက်၊ ရုပ်မြင်သံကြား သို့မဟုတ် လမ်းပေါ်မှဖြစ်စေ မည်သည့်ကြားခံနယ် (မီဒီယာ) ကို မဆိုဖြတ်၍ ဖြန့်ဝေနိုင်သည့် အပြင်
- နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ၊ မြင်သာသော ဖော်ပြချက်ဖြင့် ဖြစ်စေ ဖော်ပြနိုင်သော
- ထင်မြင်ယူဆချက်နှင့် စိတ်ကူးများ ကို ဖြန့်ဖြူးသည့် မည်သည့် ထုတ်ဖော်ရေးသားပြောဆိုခြင်းကိုမဆို ရည်ညွှန်းသည်။

[၂] "သေချာသော လူမှုရေးနှင့်လူဦးရေအချိုးအစားအုပ်စုဖြင့် ပစ်မှတ်ကို သတ်မှတ်ပြီး၊ ယင်း သတ်မှတ်ချက်ကို အခြေခံ၍ အန္တရာယ်ဖြစ်စေရန် လှုံ့ဆော်မှု (အထူးသဖြင့် ခွဲခြားနှိမ်ချဆက်ဆံခြင်း၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှု) ကို စည်းရုံးထောက်ပံ့သော ထုတ်ဖော်ရေးသား ပြောဆိုချက်များ။ ၎င်းတွင် ခြိမ်းခြောက်မှုများကို စည်းရုံးထောက်ပံ့သော (သို့မဟုတ်) အကြမ်းဖက်အပြုအမူများကို စွမ်းအားပေးသော ကန့်သတ်ထားခြင်းမရှိသည့် စကားများ ပါဝင်နိုင်သည်။ မည်သို့ပင်ဆိုစေ အချို့သောသူများအတွက် ခံယူချက်သည် ပစ်မှတ်ထား ခွဲခြားနှိမ့်ချဆက်ဆံခြင်း၊ ရန်လိုမှု နှင့် ကြမ်းတမ်းသော တိုက်ခိုက်မှုများကို မီးလောင်ရာလေပင့်ပေးနိုင်သည် ဟူသော ယူဆချက်အပေါ် မလိုမုန်းတီးမှု အထွတ်အထိပ်နှင့် သည်းခံနိုင်စွမ်းမရှိခြင်း ကို မွေးယူထားသော ထုတ်ဖော်ပြောဆိုခြင်းဆီသို့လည်း ချဲ့ထွင်ထားသည်။" UNESCO (၂၀၁၅)၊ အွန်လိုင်းပေါ်ရှိအမုန်းစကားများကို တန်ပြန်ခြင်း၊ ပဲရစ်။

[၃] "လူနည်းစုလူအုပ်စုများ၊ ရွှေ့ပြောင်းသူများနှင့် ဝင်ရောက်နေထိုင်သူဖစ်မြစ်မှ လူများကို ဦးတည်သည့် ရန်လိုသော အမျိုးသားဝါဒီ၊ အခြားလူမျိုးများ၏ ယဉ်ကျေးမှုကို မိမိအမြင်၊ မိမိယဉ်ကျေးမှုရှုထောင့်မှနေ၍ အကဲဖြတ်ဆန်းစစ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ရန်လိုမှုများ အားဖြင့် ဖော်ပြသော သည်းခံနိုင်စွမ်းမရှိခြင်း အပါအဝင် လူမျိုးရေး မုန်းတီးမှု၊ ဂျူးမုန်းတီးမှု သို့မဟုတ် အခြားသော အမုန်းတရားပုံစံအမျိုးမျိုးကို ဖြန့်ချိ၊ လှုံ့ဆော်၊တိုးမြှင့်သည့် ထုတ်ဖော်ပြောဆိုခြင်း ပုံစံများအားလုံး။" ဝန်ကြီးများ၏ဥရောပ ကော်မတီကောင်စီ (၁၉၉၇)၊ အကြံပြုချက် အမှတ်စဉ် R(97)20; EU/

[၄] "လူများကို ၎င်းတို့၏ လူမျိုးရေး၊ တိုင်းရင်းသားဖြစ်မှု၊ နိုင်ငံသား၊ ဘာသာရေး၊ လိင်စိတ်တိမ်းညွှတ်မှု၊ လိင်၊ ကျားမအခြေပြု ခွဲခြားဆက်ဆံမှု နှင့် လိင်စိတ်ခံယူမှု သို့မဟုတ် ပြင်းထန်သော မသန်စွမ်းဖြစ်မှု အပေါ် မူတည်၍ တိုက်ရိုက်တိုက်ခိုက်သည့် အကြောင်းအရာ။" လေးစားဖွယ် အပြုအမူများကို အားပေးသည့် ဖေ့စ်ဘွတ်ခ်လူမှုအဝန်း အဝိုင်းလမ်းညွှန်ချက်များ။

[၅] "လူမျိုး၊ တိုင်းရင်းသားဖြစ်တည်မှု၊ ဘာသာတရား၊ မသန်စွမ်းဖြစ်ခြင်း၊ ကျားမအခြေပြုသော လိင်ခွဲခြားမှု၊ အသက်အရွယ်၊ စစ်သားဟောင်းဖြစ်ခြင်း၊ သို့မဟုတ် လိင်စိတ်တိမ်းညွှတ်မှုနှင့် လိင်စိတ်ခံယူမှုအပေါ်အခြေခံပြီး လူတစ်ဦး သို့မဟုတ် လူအုပ်စုတစ်စုကို တိုက်ခိုက်သည့် အကြမ်းဖက်မှု သို့မဟုတ် အမုန်းတရားကို မြှင့်တင်သည့် အကြောင်း အရာ။" YouTube ကုမ္ပဏီ - လမ်းညွှန်ချက်များ။

[၆] Article 19 (၂၀၁၅) အမုန်းစကားရှင်းလင်းခြင်း၊ လန်ဒန်။

[၇] ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (၂၀၁၃)၊ ခွဲခြားဆက်ဆံမှု၊ ရန်လိုမုန်းတီးမှုများ သို့မဟုတ် အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်းများ ပါဝင်သော အမျိုးသားရေး၊ လူမျိုးရေး၊ သို့မဟုတ် ဘာသာရေးဆိုင်ရာ မုန်းတီးမှုဖြစ်အောင် လှုံ့ဆော်ထောက်ပံ့ကူညီခြင်း၏တားမြစ်ချက်အပေါ် လုပ်ရှားမှု Rabat အစီအစဉ်၊ ဂျနီဗာ။

## "Hate speech" and free speech

Even if we can identify hate speech, we should be cautious about how we address it. Bans often end up censoring legitimate debate and criticism rather than actual hate speech, and therefore undermine the right to freedom of expression. For example, influential people such as politicians, religious leaders, and business people have often dismissed allegations of corruption or wrongdoing by claiming that such allegations are actually "hate speech" towards them. Dishonest claims of "hate speech" are also cried by representatives of more powerful groups to censor a minority group's legitimate complaints of discrimination.

**The Office of the United Nations High Commissioner for Human Rights** (OHCHR), which **represents the world's commitment to universal ideals of human dignity.**, has a useful test to decide whether something really is hate speech:

1. the context in which something is expressed
2. the speaker's position or status compared to their audience
3. the speaker's intention to incite hatred against a minority group
4. the content of the expression
5. the extent to which the speaker's expression will be heard or seen
6. the likelihood of imminent harm[8]

## "အမုန်းစကား" နှင့် လွတ်လပ်စွာပြောဆိုခွင့်

အမုန်းစကားကို ကျွန်ုပ်တို့ အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်နိုင်လျှင်တောင် ၎င်းအမုန်းစကားအား မည်သို့မည်ပုံ လေ့လာစုံစမ်းရမည်ကို ကျွန်ုပ်တို့ သတိကြီးစွာထားသင့်သည်။ တားဆီးပိတ်ပင်ခြင်းများသည် မကြာခဏဆိုသလို အမုန်းစကားစင်စစ်ထက် ယုတ္တိတန် ကျိုးကြောင်းဆီလျော်သော ဆွေးနွေးငြင်းခုံမှုများနှင့် ဝေဖန်ရေးများကို ဆင်ဆာပိတ်ပစ်ခြင်းဖြင့် အဆုံးသတ်လေ့ရှိပြီး ဤနည်းအားဖြင့် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခြင်း အခွင့်အရေးကို ပြိုလဲယိုင်နဲ့စေသည်။ ဥပမာဆိုရသော် နိုင်ငံရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များ နှင့် လုပ်ငန်းရှင် စသဖြင့် ဩဇာလွှမ်းမိုးနိုင်သော လူပုဂ္ဂိုလ်များက ယင်းတို့ကို စွပ်စွဲသည့် အကျင့်ပျက်ခြစားမှုများ (သို့မဟုတ်) အမှားလုပ်ခြင်းဆိုင်ရာ စွပ်စွဲပြောဆိုမှုများကို "အမုန်းစကား" ဟုဆိုကာ ဖြုတ်ပယ်လေ့ရှိကြသည်။ လူနည်းစုအုပ်စုများ၏ ၎င်းတို့ခံစားနေရသည့် ခွဲခြားဆက်ဆံမှုများအကြောင်း ကျိုးကြောင်းဆီလျော်ယုတ္တိတန်သော တိုင်ကြားချက်များကို ဆင်ဆာပိတ်ဆို့ပစ်ရန် အာဏာပိုကြီးသူအုပ်စုများ၏ကိုယ်စားလှယ်များမှ "အမုန်းစကား" အား မရိုးဖြောင့်သော သဘောဖြင့် အဓိပ္ပါယ်သတ်မှတ်ကြလေသည်။

လူ့အခွင့်အရေးကို ကိုင်တွယ်ဆောင်ရွက်သော လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးတွင် အမုန်းစကား အမှန်တကယ် ဟုတ်၊ မဟုတ်ဆိုသည်ကို ဆုံးဖြတ်ချက်ချနိုင်သော အသုံးဝင်လှသည့် ဆန်းစစ်ချက်တစ်ရပ်ရှိပါသည်။

(၁) ထုတ်ဖော်ပြောဆိုထားသည့်အကြောင်းအရာပါ အခြေအနေ

(၂) နာခံသူများနှင့် နှိုင်းယှဉ် သော ပြောဆိုသူ၏ နေရာ (သို့မဟုတ်) အဆင့်အတန်း

(၃) လူနည်းစု လူမျိုးစုကို ဆန့်ကျင်သော မုန်းတီးမှုကို လှုံ့ဆော်သည့် ပြောဆိုသူ၏ ရည်ရွယ်ချက်

(၄) ဖော်ထုတ်ပြောဆိုသည့် အကြောင်းအရာ

(၅) ပြောဆိုသူ၏ ရေးသားထုတ်ဖော်ပြောဆိုချက်အား မြင်သာကြားနာ ရောက်ရှိနိုင်သည့် အတိုင်းအတာ

(၆) ဖြစ်အံ့ဆဲဆဲအန္တရာယ်၏ ဖြစ်နိုင်ချေ

Hate speech includes deeply offensive and derogatory words or phrases, often aiming to dehumanise groups or people or incite hostility, discrimination, or violence towards them.

Hate speech can be expressed by people from a range of backgrounds, including rich or poor, urban or rural, university-educated or primary level passes, men or women and young or old. Hate speech can be found in many sources, including in music, on television, over the radio, in leaflets or newspapers, in sermons, in public rallies and on the internet.

---

[9] Download the report at: https://www.sfcg.org/tag/myanmar-reports

မြန်မာနိုင်ငံရှိ အမုန်းစကားတွင် လူနည်းစုတစ်စုကို လူသားအဖြစ်မှ အဆင့်နိမ့်လျှော့ကျစေရန် (သို့မဟုတ်) ယင်းလူနည်းစုသို့ ဦးတည်သော ရန်လိုမုန်းတီးမှု၊ ခွဲခြားနိမ်ချဆက်ဆံမှု နှင့် အကြမ်းဖက်မှုများဖြစ်ပေါ်အောင် လှုံ့ဆော်ရန် မကြာခဏဆိုသလို ရည်ရွယ်ထားပြီး၊ နက်နဲလှသည့် နှင့်သိုးကြမ်းတမ်း၊ နှိမ်ချသော စကားလုံးနှင့် စကားရပ်များ ပါဝင်သည်။

အမုန်းစကားကို ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ၊ မြို့ပေါ် သို့မဟုတ် ကျေးလက်၊ တက္ကသိုလ်အဆင့်ပညာတတ် သို့မဟုတ် မူလတန်းအဆင့်အောင်မြင်သူ၊ အမျိုးသား သို့မဟုတ် အမျိုးသမီး၊ အသက်ကြီးငယ်မရွေး နောက်ခံအမျိုးမျိုးမှ လာသော လူများမှ ထုတ်ဖော်ပြောဆိုနိုင်သည်။ အမုန်းတရားကို သီချင်း၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လက်ကမ်းစာရွက် သို့မဟုတ် သတင်းစာများ၊ တရားဒေသနာများ၊ လူထုစုဝေးပွဲများ နှင့် အင်တာနက် အပါအဝင် ရင်းမြစ်များစွာတွင် ရှာဖွေတွေ့ရှိနိုင်သည်။

[9]Download the report at: https://www.sfcg.org/tag/myanmar-reports

## Tip: Recent reports documenting hate speech in Myanmar

There are many civil society organisations documenting hate speech in Myanmar and publishing their findings, including:

- Smile Education and Development Foundation + University of Winchester (2016); **Religion, Hate speech and social media in Myanmar: Analyzing methods of intervention**
- C4ADS (2016); **Sticks and Stones: Hate speech narratives and facilitators in Myanmar**
- United States Institute of Peace (2014); **Media and conflict in Myanmar: Opportunities for media to advance peace**

## Hate speech online

Hate speech is especially common on social media platforms, particularly Facebook, where it can include photos or videos that are quickly and easily shared, either by name or anonymously. Civil society organisations working to counter hate speech found the following online trends in Myanmar:

- More than 100 Facebook pages are regularly creating and publishing text, images or videos that express hatred towards a minority group in Myanmar
- Facebook pages and posts that promote democratic values such as peace, tolerance, and respect for diversity in Myanmar get a significant amount of comments expressing hatred towards a particular group

## အကြံပြုချက် - မြန်မာနိုင်ငံရှိ အမုန်းစကားကို လေ့လာမှတ်တမ်းတင်ထားသော မကြာသေးမီက အစီရင်ခံစာများ

အောက်ဖော်ပြပါ အဖွဲ့နှင့် အစီရင်ခံစာများ အပါအဝင် မြန်မာနိုင်ငံရှိ အမုန်းစကားများကို မှတ်တမ်းပြုနေပြီး ၎င်းတို့၏ လေ့လာတွေ့ရှိချက်များကို ထုတ်ဝေဖြန့်ချိနေသော အရပ်ဖက်လူ့အဖွဲ့အစည်းများစွာ ရှိပါသည်။

- Smile Education and Development Foundation + University of Winchester (2016); Religion" Hate speech and social media in Myanmar: Analyzing methods of intervention
- C4ADS (2016); Sticks and Stones: Hate speech narratives and facilitators in Myanmar
- United States Institute of Peace (2014); Media and conflict in Myanmar: Opportunities for media to advance peace

## အွန်လိုင်းပေါ်ရှိ အမုန်းစကား

အမုန်းစကားသည် လူမှုမီဒီယာပလက်ဖောင်းပေါ်တွင်၊ အထူးသဖြင့် အမည်နာမဖြင့် ဖြစ်စေ၊ အမည်ဝှက်ဖြင့် ဖြစ်စေ လွယ်လင့်တကူနှင့် မြန်မြန်ဆန်ဆန် မျှဝေနိုင်သော ဓာတ်ပုံ၊ ဗီဒီယိုများပါဝင်သော ဖေ့စ်ဘွတ်ခ်ပေါ်တွင် အတွေ့များတတ်သည်။ အမုန်းစကားကို ဆန့်ကျင်တန်ပြန်နေကြသော အရပ်ဖက်လူ့အဖွဲ့အစည်းများမှ မြန်မာနိုင်ငံရှိ အောက်ပါ အွန်လိုင်းအမုန်းစကားပုံစံများကို လေ့လာတွေ့ရှိခဲ့ကြသည်။

- အရေအတွက် ၁၀၀ ကျော်သော ဖေ့စ်ဘွတ်ခ်စာမျက်နှာများသည် ပုံမှန်အားဖြင့် မြန်မာနိုင်ငံရှိ လူနည်းစု တစုစုအား ဦးတည်တိုက်ခိုက်ထားသော မုန်းတီးမှုဖော်ပြချက်ဆိုင်ရာ စာသား၊ ရုပ်ပုံ သို့မဟုတ် ဗီဒီယိုများကို ဖန်တီး ဖြန့်ဝေလျက်ရှိကြသည်။
- ငြိမ်းချမ်းရေး၊ လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် သည်းခံနိုင်စွမ်းနှင့်မြန်မာနိုင်ငံရှိ မတူကွဲပြားမှုများအား လေးစားခြင်း စသည့် ဒီမိုကရေစီတန်ဖိုးများကို တိုးမြှင့် ဖော်ဆောင်လျက်ရှိသည့် ဖေ့စ်ဘွတ်ခ်စာမျက်နှာများနှင့် ပို့စ်များအောက်တွင် လူနည်းစု အုပ်စုတစ်စုကို ဦးတည်ထားသော မုန်းတီးမှုအားဖော်ပြနေသည့် ထင်မြင်ချက်များ အဆမတန်များပြားစွာ တွေ့ရှိရသည်။

## Counter-hate speech work

Civil society organisations, NGOS and INGOs, activists and others are actively working to challenge hate speech and promote a culture of tolerance in Myanmar. **A stakeholder mapping conducted by Search for Common Ground found that** strategies and tactics are diverse and vary widely, but include the following:

- Monitoring hate speech: People identify and track hate speech, both online on Facebook pages, and offline such as the distribution of leaflets or videos.
- Mitigating rumours: People identify an unsubstantiated and harmful rumour, usually offline, and then actively set out to dispel it, collaborating with local public officials, journalists, and influential social media users.
- Building response mechanisms: People coordinate local public officials, police, MPs, influential social media users, activists, and civil society organisa tions so that they are ready to respond to any potential violence.
- Directly countering hate speech on social media: People identify content on social media pages or posts and add comments refuting the claims or declaring it hate speech.
- Proactive hate speech reduction campaigns on social media: People create grassroots campaigns to build wider support for tolerance and to promote counter narratives and peace speech.
- Peace promotion: People produce movies, books, reports, and other mate rials that promote peace, coexistence, and tolerance.
- Legal advocacy: People building coalitions to pressurise the government to adopt or amend laws or bills.

## အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရသည့် လုပ်ငန်း

အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ နှင့် အခြားသူများသည် မြန်မာနိုင်ငံတွင် အမုန်းစကားကို တက်ကြွစွာ စိန်ခေါ်လျက်ရှိနေကြပြီး မတူကွဲပြားမှုများကို သည်းခံနိုင်သော ယဉ်ကျေးမှုထွန်းကားလာစေရန် တိုးမြှင့်ဖော်ဆောင်လုပ်ကိုင်နေကြသည်။ Search for Common Ground မှ အကောင်အထည်ဖော်လုပ်ကိုင် ခဲ့သော စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများကို ပုံဖော်သည့် မဟာဗျူဟာနှင့် နည်းပရိယာယ်တို့သည် ကျယ်ပြန့်စွာမတူကွဲပြားလျက် ရှိနေကြပြီး အောက်ပါတို့ ပါဝင်ပါသည်။

- အမုန်းစကားကို စောင့်ကြည့်လေ့လာခြင်း – အွန်လိုင်းပေါ်ရှိ ဖေ့စ်ဘွတ်ခ်စာမျက်နှာများနှင့် အွန်လိုင်းပြင်ပရှိ လက်ကမ်းစာစောင်များ သို့မဟုတ် ဗီဒီယိုများတွင် အမုန်းစကားကို အမျိုးအစားသတ်မှတ်ကာ ခြေရာခံကြသည်။
- ကောလဟာလများကို လျှော့ချခြင်း – အထူးသဖြင့် အော့ဖ်လိုင်းရှိ သက်သေခိုင်မာမှုမရှိဘဲ ထိခိုက်စေသော ကောလဟာလများကို အမျိုးအစားသတ်မှတ်ကာ၊ ဒေသခံတာဝန်ခံအရာရှိများ၊ ဂျာနယ်လစ်များနှင့် သြဇာရှိသော လူမှုကွန်ယက်မီဒီယာ အသုံးပြုသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယင်း ကောလဟာလများကို ဖယ်ရှားပစ်ဖို့ရန် တက်ကြွစွာ ဆောင်ရွက်သည်။
- တုံ့ပြန်ဖြေရှင်းပေးသည့် ယန္တရားများ တည်ဆောက်ခြင်း – ဖြစ်နိုင်ချေရှိသည့်အကြမ်းဖက်မှုများကို တုံ့ပြန်ဖြေရှင်းရာတွင် အသင့်ဖြစ်နေစေရန် ဒေသခံတာဝန်ခံအရာရှိများ၊ ရဲများ၊ လွှတ်တော်အမတ်များ၊ နှင့် သြဇာရှိသော လူမှုကွန်ယက်မီဒီယာ အသုံးပြုသူများ၊ တက်ကြွလှုပ်ရှားသူများ နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ နှင့် ညှိနှိုင်းဆောင်ရွက်သည်။
- လူမှုကွန်ယက်မီဒီယာပေါ်ရှိ အမုန်းစကားအား တိုက်ရိုက် ဆန့်ကျင်တန်ပြန်ခြင်း – လူမှုကွန်ယက်မီဒီယာစာမျက်နှာများ (သို့မဟုတ်) ပို့စ်များတွင် ပါဝင်သောအကြောင်းအရာများကို ခွဲခြားသတ်မှတ်ပြီး၊ ဖော်ပြချက်များကို ချေပသည့်၊ သို့မဟုတ် ယင်းတို့သည် အမုန်းစကားဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်သည့် ထင်မြင်ယူဆချက်များကို ရေးသားထည့်သွင်းကြသည်။
- လူမှုကွန်ယက်မီဒီယာပေါ်တွင် အမုန်းစကားအား တက်ကြွစွာ လျှော့ချသည့် ကင်မ်ပိန်းများ – မတူကွဲပြားမှုကို သည်းခံနိုင်စွမ်းအား ကျယ်ပြန့်စွာ အထောက်အပံ့ဖြစ်စေရန်နှင့် အမုန်းစကားဆန့်ကျင်ရေး တန်ပြန်စကားများ၊ ငြိမ်းချမ်းရေးစကားများကို တိုးမြှင့်ရန်အတွက် အောက်ခြေလူထုပါဝင်သော ကင်မ်ပိန်းများကို ဖန်တီးကြသည်။
- ငြိမ်းချမ်းရေးအား တိုးမြှင့်ခြင်း – ငြိမ်းချမ်းရေး၊ အတူယှဉ်တွဲနေထိုင်ရေး နှင့် မတူကွဲပြား ခြင်းကို သည်းခံနိုင်စွမ်းရည်အား မြှင့်တင်သည့် ရုပ်ရှင်ဇာတ်လမ်းများ၊ စာအုပ်များ၊ အစီရင် ခံစာများနှင့် အခြားသော အထောက်ကူပစ္စည်းများကို ထုတ်လုပ်ကြသည်။
- ဥပဒေရေးရာ စည်းရုံးလှုံ့ဆော်မှု – ဥပဒေများကို ပြင်ဆင်ရန် (သို့မဟုတ်) ရေးဆွဲ အတည်ပြုရန်အတွက် အစိုးရကို ဖိအားပေးရန် ပူးပေါင်းအဖွဲ့များ ဖွဲ့စည်းကြသည်။

## Tip: What works?

Civil society organisations, NGOs and INGOs, activists and others have found some best practices for countering hate speech in Myanmar:

- Work locally and build up local networks and relationships
- Be creative in whatever you do
- Become an expert in using social media so that you know all the tips and techniques
- Share ideas and learn from other organisations or individuals doing similar work – organisations with creative and technical skills collaborating has a positive impact
- Work with youth groups and university students
- Coordinate your actions and activities with others, and keep coordinating
- Engage with people from other fields to help you innovate

## အကြံပြုချက် - ဘယ်အရာက အလုပ်ဖြစ်သလဲ။

အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများနှင့် အခြားသူများမှ မြန်မာနိုင်ငံရှိ အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရန် အကောင်းမွန်ဆုံးသော အလေ့အထများ ရှာဖွေတွေ့ရှိခဲ့ကြပြီးဖြစ်သည်။

- ဒေသတွင်းတွင် အလုပ် လုပ်ပြီး ဒေသတွင်း ကွန်ယက်များချိတ်ဆက်ကာ ဆက်ဆံရေးများ တည်ဆောက်ပါ။
- သင်၏လုပ်ကိုင်မှုတိုင်းတွင် ဖန်တီးမှုရှိပါ။
- အကြံဉာဏ်များနှင့် နည်းလမ်းများအားလုံးကို သိရှိနိုင်ရန် လူမှုကွန်ယက်မီဒီယာ အသုံးပြုရာတွင် ကျွမ်းကျင်သူဖြစ်ပါစေ။
- အကြံဉာဏ်များကို မျှဝေပြီး အလားတူလုပ်ကိုင်ဆောင်ရွက်နေကြသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှ သင်ယူပါ ဖန်တီးနိုင်စွမ်းနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းက အပြုသဘောဆောင်သော သက်ရောက်မှုကို ရရှိစေသည်။
- လူငယ်အဖွဲ့များ၊ တက္ကသိုလ်ကျောင်းသူကျောင်းသားများ နှင့် ပူးပေါင်းဆောင်ရွက်ပါ။
- သင်၏ လုပ်ရပ်များ၊ လုပ်ဆောင်ချက်များကို အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်ပါ။
- သင့်အားကူညီဆန်းသစ်ဖန်တီးပေးမည့် အခြားကဏ္ဍမှ ပုဂ္ဂိုလ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပါ။

## Tip: Practical digital security tips and good internet practices



- **Encrypt your files**

Keep your files private because breaches of digital security can happen. Use FileVault (on Mac) or BitLocker (on Windows) on your computer to encrypt your files so that no one can read them.

- **Send safe messages**

SMS can be easily read by others. You can use encrypted message apps such as **Signal** or **WhatsApp** instead. If you use Facebook Messenger, make sure "encryption" is turned on in the app settings.

- **Protect yourself from viruses**

## အကြံပြုချက် – သင်၏အမှန်းစကားဆန့်ကျင်တန်ပြန်ရေး လုပ်ငန်းအတွက် လက်တွေ့ဒစ်ဂျစ်တယ်လုံခြုံရေး အကြံပြုချက်များ



- **သင့်ဖိုင်များကို ဖုံးကွယ်ပြီး စာဝှက်ကုဒ်ပြောင်းထားပါ။**

ဒစ်ဂျစ်တယ်လုံခြုံရေးချိုးဖောက်မှုများ ဖြစ်ပေါ် နိုင်သောကြောင့် သင့်ဖိုင်များကို ဖုံးကွယ်ထားပါ။ သင့်ဖိုင်များကို မည်သူမျှ ဖတ်၍မရစေရန် သင့် ကွန်ပျူတာပေါ်တွင် FileVault သို့မဟုတ် BitLocker အသုံးပြုခြင်းဖြင့် စာဝှက်ကုဒ်ပြောင်းထားပါ။

- **လုံခြုံသော မက်ဆေ့ဂ်ျပို့ပါ။**

ထိခိုက်လွယ်သောမက်ဆေ့ဂ်ျများပို့ရာတွင် အခြားသူများမှ အလွယ်တကူဖတ်ရှု၍ရနိုင်သဖြင့် စာတိုပို့ခြင်း (SMS) ကိုအသုံး မပြုပါနှင့်။ သင့်အဖွဲ့နှင့်အခြားပူးတွဲလုပ်ကိုင်သူများကြားတွင်စာဝှက်ကုဒ်ပြောင်းထားသောမက်ဆေ့ဂ်ျဝန်ဆောင်မှုအက်ပလီကေးရှင်း များဖြစ်သည့် Signal နှင့် WhatsApp ကို သုံးစွဲပါ။ အကယ်၍ အချင်ချင်း ဆက်သွယ်ပြောဆိုရန် Facebook Messenger ကို အသုံးပြုပါက – အက်ပလီကေးရှင်းဆက်တင် တွင် "စာဝှက်ကုဒ်ပြောင်းခြင်း" ကို သေချာဖွင့်သုံးပါ။

- **ဖိုင်းရပ်စ်များမှ သင့်ကိုယ်သင် ကာကွယ်ပါ။**

Whenever possible update your Windows, Android or iOS software so that it is more secure (you can find free WIFI in many hotels, restaurants, and malls in Myanmar). Install an anti-virus programme or app. The best free ones are **Avast** and **AVG**. Do not open documents or click on unfamiliar links that you have been emailed from anyone (including your colleagues!) without first checking them for viruses.

- **Secure your accounts and passwords**

Turn on “two-factor authentication” security in Gmail or Facebook so that if they spot something suspicious, they will send your phone a message to check it is really you. Also use phrases instead of words for stronger passwords, and replace a few letters with numbers. For example, “counter” would be hacked by a computer in 1 millisecond, but “CounterHateSp33ch” would take 227 million years! Visit **HowSecureIsMyPassword.net** to check if your password is okay.

- **Keep your browsing private**

Use the more private search engine **duckduckgo.com** instead of Google. Add the plugin “HTTPS Everywhere” to your Chrome or Firefox apps to encrypt your web browsing.

- **Stop others spying on you**

Cover your computer webcam and mic with tape in case someone has hacked in and is watching or listening to you. Be aware when carrying your phone that its camera and mic can also be hacked to spy on you.

ပိုမိုလုံခြုံစေရန် ဘယ်အချိန်မဆို ဖြစ်နိုင်လျှင် သင့် Window ? Andriod သို့မဟုတ် iOS ဖုန်း ဆော့ဖ်ဝဲများကို Update လုပ်မြှင့်တင်ပါ။ (မြန်မာနိုင်ငံရှိ ဟိုတယ်အတော်များများ၊ စားသောက်ဆိုင်များ နှင့် ဈေးဝယ်မောလ်များတွင် အခကြေးငွေပေးစရာမလိုသော wifi များ ရနိုင်သည်။) Anti-Virus ပရိုဂရမ် နှင့် အက်ပလီကေးရှင်းများ ထည့်သွင်းထားပါ။ အခကြေးငွေကျခံစရာမလိုသော အကောင်းဆုံး ပရိုဂရမ်များမှာ Avastနှင့် AVG တို့ဖြစ်သည်။ သင့် လုပ်ဖော်ကိုင်ဖက်များ အပါအဝင် မည်သူ့ထံမှ ဖြစ်စေ လက်ခံရရှိသော အီးမေးလ်တွင် ပါရှိသည့် သင်မသိသော Link များ သို့မဟုတ် စာရွက်စာတမ်းများကို ဗိုင်းရပ်စစ်ဆေးမှုမပြုဘဲ ဖွင့်မကြည့်ပါနှင့်။

- **သင့်အကောင့်နှင့် စကားဝှက် ကို လုံခြုံအောင်ထားပါ။**

ဖေ့စ်ဘွတ်ခ်နှင့် Gmail ရှိ "two-factor authentication" ကိုဖွင့်ထားပါ။ သို့မှသာ မသင်္ကာဖွယ်ရာ တစုံတခုဖြစ်လာလျှင် ၎င်းတို့မှ သင့် ဖုန်းထဲသို့ မက်ဆေ့ဂျ်ပို့ သတိပေးပြီး သင့်အကောင့်ကို သင်ကိုယ်တိုင်အမှန်တကယ်သုံးနေခြင်း ဟုတ် မဟုတ် စစ်ဆေးနိုင်မည် ဖြစ်သည်။ ထိုကဲ့သို့ပင် သန်မာခိုင်ခံ့သော စကားဝှက်အတွက် စကားလုံးများအစား စကားပိုဒ်များကို အသုံးပြုပြီး စကားလုံးအချို့နေရာတွင် နံပါတ်များ အစားထိုးအသုံးပြုပါ။ ဥပမာ – "counter" ဆိုသည့်စကားလုံးကို ကွန်ပျူတာတစ်လုံးမှ ၁ စက္ကန့်၏ အပုံတစ်ထောင်အတွင်း၌ပင် တိုက်ခိုက်ခံရနိုင်သော်လည်း၊ "CounterHateSp33ch" ဆိုသည့် စကားဝှက်ကို တိုက်ခိုက်ရန်မှု နှစ်သန်းပေါင်း ၂၂၇ သန်း ကြာမြင့်လိမ့်မည်ဖြစ်သည်။ သင့် စကားဝှက် အဆင်ပြေ မပြေကို စစ်ဆေးနိုင်ရန် HowSecureIsMyPassword.net သို့လည်းပတ်ကြည့်ပါ။

- **သင့် Browsing ကို ကိုယ်ပိုင်တစ်သီးတသန့်ဖြစ်ပါစေ။**

အထိအခိုက် ဖြစ်နိုင်ချေရှိသော ကိစ္စရပ်များကို မြန်မာပြည်တွင် ရှာဖွေလျှင် Google အစား ကိုယ်ပိုင်တသီးတသန့်ပိုမိုဖြစ်သော duckduckgo.comကိုအသုံးပြုပါ။ သင်ဖွင့်သည့်ဝက်ဘ်ဆိုက်များကိုစာဝှက်ကုဒ်ပြောင်းရန် Chromeနှင့် Firefox ဘရောက်ဇာများ အားလုံးတွင် "HTTPS Everywhere" ကို ထည့်ပါ။

- **အခြားသူများက သင့်ကို လျှို့ဝှက်ထောက်လှမ်းနေခြင်းအား ရပ်တံ့ပါ။**


အခြားတစုံတယောက်မှ သင့်လုံခြုံရေးကို တိုက်ခိုက်ဝင်ရောက်ပြီး စောင့်ကြည့်၊ နားထောင်နေခြင်းကို ကာကွယ်ရန် သင့်ကွန်ပျူတာ webcam နှင့် မိုက်ခ်် များကို တိပ်ဖြင့်ဖုံးအုပ်ထားပါ။ သင့်ဖုန်းကင်မရာနှင့် မိုက်ခ််များ၏ လုံခြုံရေးကို တိုက်ခိုက်ဝင်ရောက်ပြီး သင့်ကို စောင့်ကြည့်နေနိုင်သည့်အတွက် သင့်ဖုန်းကို သယ်ဆောင်ထားစဉ် သတိရှိပါ။

## Introduction to monitoring and evaluation


The purpose of monitoring and evaluation is to compare what was originally planned with what actually happens. This chapter covers the basics of monitoring and evaluation and introduces some of the methods used in counter hate speech projects in Myanmar.

## စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း မိတ်ဆက်

စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ဆန်းစစ်ခြင်း မိတ်ဆက်စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်မှာ မူလပထမစီစဉ်ထားသည်များနှင့် ဖြစ်ပျက်လာသည့်အရာများကို နှိုင်းယှဉ်ခြင်းပင် ဖြစ်သည်။ ဤအခန်းတွင် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း အခြေခံများကို ဖော်ပြမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံရှိအမှုန်းစကားအား ဆန့်ကျင်တန်ပြန်သည့် စီမံကိန်းများတွင် အသုံးပြုသည့် နည်းလမ်းအချို့ကိုလည်း မိတ်ဆက်ပေးမည် ဖြစ်သည်။



| Tip: What is monitoring? | Tip: What is evaluation? |
|---|---|
| ■ **What?**<br>Monitoring is the systematic collection of information on all aspects of a project while it is being implemented.<br><br>■ **How?**<br>Monitoring is the collection of information so that we can compare what was planned and what actually happened, including:<br>● Context<br>● Staff performance<br>● Expenditure<br>● Implementation of activities | ■ **What?**<br>Evaluation is the systematic and objective assessment of an ongoing or completed project.<br><br>■ **How?**<br>Evaluations compare the projects planned results with the actual results (“results” are sometimes called outcomes, impact, or objectives). Evaluations ask what has happened and why, check whether a project was efficient and effective, and assess its longer-term sustainability. |



| အကြံပြုချက်။ စောင့်ကြည့်လေ့လာခြင်း ဆိုသည်မှာ အဘယ်နည်း။ | အကြံပြုချက်။ အကဲဖြတ်ဆန်းစစ်ခြင်း ဆိုသည်မှာ အဘယ်နည်း။ |
|---|---|
| ■ ဘာလဲ<br>လေ့လာစောင့်ကြည့်ခြင်းဆိုသည်မှာစီမံကိန်းတစ်ခုကို အကောင်အထည် ဖော်နေစဉ်ကာလတာတစ်လျှောက်လုံး ၎င်း၏ ရှုထောင့်များအားလုံးနှင့် သက်ဆိုင်သော စနစ်ကျသည့် သတင်းအချက်အလက် စုဆောင်းမှုပင် ဖြစ်သည်။<br><br>■ ဘယ်လိုစောင့်ကြည့်လေ့လာမလဲ<br>လေ့လာစောင့်ကြည့်ခြင်းသည်စီစဉ်ထားသည်နှင့်အမှန်တကယ် ဖြစ်ပျက်ခဲ့သည်တို့ကို နှိုင်းယှဉ်နိုင်ရန်အတွက် အောက်ပါအချက်များ ကို ထည့်သွင်းသုံးသပ်ရသည့် သတင်းအချက်အလက်စုဆောင်းမှုပင် ဖြစ်သည်။<br><br>• အကြောင်းအရာ<br>• ဝန်ထမ်းစွမ်းဆောင်ရည်<br>• ကုန်ကျစရိတ်<br>• လှုပ်ရှားမှုများကို အကောင်အထည် ဖော်ခြင်း | ■ ဘာလဲ<br>အကဲဖြတ်ဆန်းစစ်ခြင်းဆိုသည်မှာ ဆောင်ရွက်နေဆဲ စီမံကိန်း တစ်ခု သို့မဟုတ် ပြီးမြောက်သွားသည့် စီမံကိန်းတစ်ခု၏ စနစ်ကျပြီး တိကျသော အကဲဖြတ်ခြင်းလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။<br><br>■ ဘယ်လိုအကဲဖြတ်ဆန်းစစ်မလဲ<br>အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်က စီမံကိန်းများမှ လျာထားသော ရလဒ်များနှင့် အမှန်တကယ်ရလာသော ရလဒ်များကို နှိုင်းယှဉ်သည်။ ("ရလဒ်များ" (results) ကို တခါတရံတွင် စီမံကိန်းအပြီးရလဒ်များ (Outcomes)၊ အကျိုးသက်ရောက်မှု (Impact)၊ သို့မဟုတ် ရည်ရွယ်ချက်များ (Objectives) ဟုလည်း ခေါ်ဝေါ်သုံးစွဲသည်။ အကဲဖြတ်ဆန်းစစ်ခြင်းကဘာတွေဖြစ်ခဲ့ပြီးပြီလဲနှင့် ဘာကြောင့် ဖြစ်သလဲကို မေးခွန်းထုတ်ပြီး၊ စီမံကိန်းသည် အရည်အချင်းပြည့်မီရဲ့လား နှင့်ထိရောက်မှုရှိရဲ့လားကိုစစ်ဆေးပါသည်။ ထို့နောက်တွင်စီမံကိန်း၏ကာလကြာရှည်စွာ သက်ရောက်မှုရှိသည့် အောင်မြင်မှု ကိုအကဲဖြတ်သည်။ |

- Beneficiaries
- Effects
- Problems.

**Why?**

Monitoring enables us to better manage our projects, by assessing the current situation to spot problems and to find solutions. These problems can be about implementation, delays, staffing, or finances for example  or about how to adjust programming to ensure success.

**Who?**

Project staff, managers, volunteers, and partners should all be involved in planning and doing the monitoring. If you have finance staff, they should handle monitoring expenditure, and managers should handle managing staff performance.

**When?**

Monitoring is done throughout the project. It is a good idea to have monitoring team meetings monthly or quarterly.

**Why?**

Evaluating enables us to decide whether our project has achieved its intended results, and make conclusions that will help us learn for future projects.

**Who?**

Project staff, managers, volunteers, and partners should all be involved in evaluating a project, making conclusions, and documenting lessons learned. Often donors will ask external people to do evaluations, to have an unbiased opinion. But even external people will base their evaluation on interviews with everyone involved in a project.

**When?**

Evaluations are usually done at the end of a project. Sometimes if a project is long, for example three years, an evaluation is also done in the middle to check that the project will still reach its intended results.

- အကျိုးခံစားရသူများ
- သက်ရောက်မှုများ
- ပြဿနာများ/ အားနည်းချက်များ

## ဘာကြောင့်လေ့လာစောင့်ကြည့်သင့်လဲ

ပြဿနာရပ်များကို တွေ့မြင်ရန် နှင့် အဖြေများကို ရှာဖွေရန် လက်ရှိအနေအထားကို ဆန်းစစ်ခြင်းအားဖြင့် လေ့လာစောင့်ကြည့်ခြင်းလုပ်ငန်းစဉ်က ကျွန်ုပ်တို့၏ စီမံကိန်းများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေပါသည်။ ဥပမာအားဖြင့် ပြဿနာရပ်များတွင် အကောင်အထည်ဖော် လုပ်ဆောင်ခြင်း နှောင့်နှေးကြန့်ကြာခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့် ငွေကြေးဆိုင်ရာ ဒါမှမဟုတ် ပရိုဂရမ်ကို အောင်မြင်ဖို့ရာ ချိန်ညှိခြင်း

## ဘယ်သူတွေက ပြုလုပ်ရမည်လဲ

စီမံကိန်းဝန်ထမ်းများ၊ မန်နေဂျာများ၊ စေတနာ့ဝန်ထမ်းများနှင့် အတူလက်တွဲလုပ်ကိုင်သူများအားလုံးသည်လေ့လာစောင့်ကြည့်ခြင်း လုပ်ငန်းစဉ်ကို ပြုလုပ်ရန် စီစဉ်ရာတွင်လည်းကောင်း၊ အကောင်အထည် ဖော်ရာတွင်လည်းကောင်း ပါဝင်သင့်သည်။ အကယ်၍သင့်၌ ဘဏ္ဍာရေးဝန်ထမ်းများရှိခဲ့သော် ထိုသူများမှ အသုံးစရိတ်လေ့လာစောင့်ကြည့်ခြင်းကိုကိုင်တွယ်သင့်ပြီး၊ မန်နေဂျာများမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းရည်အား စီမံခန့်ခွဲခြင်းကို ကိုင်တွယ်ရမည် ဖြစ်သည်။

## ဘယ်အချိန်မှာ ပြုလုပ်မလဲ

စောင့်ကြည့်လေ့လာခြင်းကိုစီမံကိန်းကာလ တလျှောက်လုံးတွင် ဆောင်ရွက်ရမည်။ လစဉ် သို့မဟုတ် ၄ လ တစ်ကြိမ် လေ့လာစောင့်ကြည့်ရေးအဖွဲ့ အစည်းအဝေးပြုလုပ်ခြင်းက ကောင်းမွန်သော အယူအဆပင်ဖြစ်သည်။

## ဘာကြောင့် အကဲဖြတ်ဆန်းစစ်သင့်သလဲ

အကဲဖြတ်ဆန်းစစ်ခြင်းက ကျွန်ုပ်တို့အား စီမံကိန်းမှ မူလရည်ရွယ်ထားသည့် ရလဒ်များကို အောင်မြင်ရရှိရဲ့လား ဆိုသည်ကို ဆုံးဖြတ်ချက်ချနိုင်စေသည်။ ထို့အပြင်အနာဂတ်စီမံကိန်းများအတွက် သင်ခန်းစာယူစရာ တွက်ဆချက်များကို ဖြစ်ပေါ်စေသည်။

## ဘယ်သူတွေက ပြုလုပ်ရမည်လဲ

စီမံကိန်းဝန်ထမ်းများ၊ မန်နေဂျာများ၊ စေတနာ့ဝန်ထမ်းများနှင့် အတူလက်တွဲလုပ်ကိုင်သူများအားလုံးသည် စီမံကိန်းအား အကဲဖြတ်ဆန်းစစ်ခြင်း၊ အဆုံးအဖြတ်များပြုလုပ်ခြင်းနှင့် စီမံကိန်း၏ အားနည်းချက်များမှ သင်ယူခဲ့ရသော သင်ခန်းစာများအား မှတ်တမ်းပြုရာတွင် ပါဝင်သင့်သည်။ မကြာခဏဆိုသလို ဘက်မလိုက်သော အမြင်အယူအဆများကို ရရှိရန် အလှူရှင်များမှ စီမံကိန်းပြင်ပရှိ လူများကို အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်ဖို့ရန် တောင်းဆိုတတ်ကြသည်။ သို့သော် ယင်းပြင်ပမှ ပုဂ္ဂိုလ်များသည်ပင် ၎င်းတို့၏ အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို စီမံကိန်းတွင် ပါဝင်ခဲ့ရသော လူတိုင်းနှင့် ပြုလုပ်သည့် အင်တာဗျူးများ အပေါ်တွင်သာ အခြေခံကြရမည် ဖြစ်သည်။

## ဘယ်အချိန်မှာ ပြုလုပ်မလဲ

အကဲဖြတ်ဆန်းစစ်ခြင်းကို အစဉ်သဖြင့် စီမံကိန်းအဆုံးတွင် ပြုလုပ်လေ့ရှိကြသည်။ တခါတရံ စီမံကိန်းက ကြာရှည်ခဲ့သော် (ဥပမာ ၃နှစ်တာ စီမံကိန်း) စီမံကိန်းမှ မူလရည်ရွယ်ထားသည့် ရလဒ်များတွင် ရှိနေ၊ မရှိနေကို ဆန်းစစ်ရန် အတွက် ယင်းအကဲဖြတ် ဆန်းစစ်ခြင်းကို စီမံကိန်းကာလအလယ်တွင်ပြုလုပ် သင့်ပါသည်။

Civil society organisations, NGOs and INGOs, activists and others working to counter hate speech in Myanmar use a range of monitoring and evaluation tools and methods depending on their type of project:

- Monitoring hate speech: Tracked the number of cases found, and the number of people accessing their monitoring reports.
- Mitigating rumours: Tracked the number of rumours found, where they happened, and the extent to which the police and journalists responded in a positive way.
- Building response mechanisms: Tracked the readiness of mechanisms and the extent to which the mechanisms responded in particular cases.
- Directly countering hate speech on social media: Tracked the number of positive examples of counter-comments, and the number of hate speech posts or comments that were removed as a result.
- Proactive hate speech reduction campaigns on social media: Tracked the number of people that have engaged in the campaigns, and the extent to which people's attitudes have changed because of seeing the campaign.
- Peace promotion: Tracked the number of people that have read their out puts, and the extent to which beneficiaries watching videos have changed their attitudes.
- Legal advocacy: Tracked the extent to which MPs attitudes and support are influenced by attending meetings or workshops.

မြန်မာနိုင်ငံရှိ အမုန်းစကားကို ဆန့်ကျင်တန်ပြန်နေကြသည့် အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများနှင့် အခြားသူများက ၎င်းတို့၏ စီမံကိန်းအမျိုးအစားအပေါ် မူတည်၍ အမျိုးမျိုးသော စောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်ခြင်း Tool နှင့် နည်းလမ်းများကို အသုံးပြုကြသည်။

- အမုန်းစကားကို စောင့်ကြည့်လေ့လာခြင်း – လေ့လာတွေ့ရှိရသည့် ကိစ္စရပ် အရေအတွက် နှင့် ၎င်းတို့၏ စောင့်ကြည့်လေ့လာခြင်းအစီရင်ခံစာများကို လက်လှမ်းမီသည့် လူအရေ အတွက်ကို ခြေရာခံသည်။

- ကောလဟာလများကို လျှော့ချခြင်း – ကောလဟာလပေါ်ပေါက်ရာနေရာနှင့် တွေ့ရှိရသော ကောလဟာလအရေအတွက် အပြင်ရဲနှင့် ဂျာနယ်လစ်များမှ ယင်းကို အပြုသဘောတုံ့ပြန်ဆောင်ရွက်ချက် ပမာဏကို ရှာဖွေသည်။

- တုံ့ပြန်ဆောင်ရွက်သည့်ယန္တယားများကို တည်ဆောက်ခြင်း – ယန္တယားများ၏ တုံ့ပြန်ဆောင်ရွက်ရန် အသင့်အနေအထား ဖြစ်ခြင်း နှင့် ကိစ္စရပ်များအပေါ် ၎င်း ယန္တရားမှ တုံ့ပြန်သည့် ပမာဏ ကို သဲလွန်စရှာသည်။

- လူမှုကွန်ယက်မီဒီယာပေါ်ရှိ အမုန်းစကားကို တိုက်ရိုက် ဆန့်ကျင်တန်ပြန်ခြင်း – အမုန်းစကားအား တန်ပြန်သည့် အပြုသဘောဆောင်သော ထင်မြင်သုံးသပ်ချက်များ၏ အရေအတွက်နှင့် အကျိုးဆက်အနေဖြင့် ပယ်ဖျက်ခံရသော အမုန်းစကား ပို့စ်များ သို့မဟုတ် ထင်မြင်ယူဆချက်များ၏ အရေအတွက်ကို ခြေရာခံသည်။

- အမုန်းစကားလျှော့ချရေး တက်ကြွသော လူမှုကွန်ယက်မီဒီယာကမ်ပိန်း – ကမ်ပိန်းကို ပါဝင်ချိတ်ဆက်ကြသော လူအရေအတွက် နှင့် ၎င်းကမ်ပိန်းကို တွေ့မြင်သောကြောင့် သဘောထားရပ်တည်ချက် ပြောင်းလဲသွားသည့် ပမာဏကို ရှာဖွေလေ့လာသည်။

- ငြိမ်းချမ်းရေးအား တိုးမြှင့်ခြင်း – စီမံကိန်း၏ လက်ငင်းရလဒ်(Output) များကိုဖတ်ရှုလေ့လာသည့် လူအရေအတွက်နှင့် ၎င်းတို့၏ သဘောထားရပ်တည်ချက်ကို ပြောင်းလဲစေသည့် ဗီဒီယိုများကို ကြည့်ရှုသည့် အကျိုးခံစားရသူများ၏ ပမာဏ ကို လေ့လာသုံးသပ်သည်။

- ဥပဒေရေးရာ ထောက်ပံ့အားပေးမှု – စီမံကိန်းအရ ကျင်းပပြုလုပ်သည့် အစည်းဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို တက်ရောက်ခြင်းအားဖြင့် လွှတ်တော်အမတ်တို့၏ သဘောထားရပ်တည်ချက်နှင့် ထောက်ခံမှုများကို စီမံကိန်းဖော်ဆောင်သူများမှ လွှမ်းမိုးနိုင်လာသည့် ပမာဏ အား လေ့လာသည်။

## Tip: Monitoring and evaluation words

People use a lot of different technical words in English when talking about monitoring and evaluation. Here are a few of them explained.

| | |
|---|---|
| **Assumptions** | External factors and events that could affect the success or failure of your project that you may have limited control over. |
| **Baseline** | The situation at the beginning of a project. |
| **Benchmark** | A reference point against which performance and achievements can be measured |
| **Participants** | The people or groups that participate in and benefit from your project. They can include direct participants or beneficiaries (that immediately benefit) and indirect participants or beneficiaries (that will benefit in the long-term). |
| **Causality** | The direct effect of something on another thing happening – the relationship of cause and effect and the principle that nothing can happen without being caused. |
| **Data** | Qualitative or quantitative values that have not yet been processed and turned into information. |
| **DM&E** | Acronym of “design, monitoring and evaluation”, highlighting the importance of project design. |
| **Effectiveness** | The extent to which the project activities contributed to the result. |
| **Efficiency** | The reasonableness of the cost of the activities compared to the result. |
| **Gender sensitive M&E** | Assessing your project to see how experiences and effects differ between genders |
| **Generalisation** | A broad conclusion based on evidence |

## အကြံပြုချက် - စောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်ခြင်းစကားလုံးများ

လေ့လာစောင့်ကြည့်အကဲဖြတ်ဆန်းစစ်ခြင်းအကြောင်းပြောကြသည့်အခါ လူများက မတူညီသော "Jargon" ဟုခေါ်သည့် အင်္ဂလိပ်နည်းပညာစကားလုံးများကို သုံးကြသည်။ အောက်တွင် စကားလုံးအနည်းငယ်ကို ရှင်းပြပါမည်။

| | |
|---|---|
| ထင်မြင်မှတ်ယူမှုများ | သင့် စီမံကိန်း၏ အောင်မြင်မှုကို ထိခိုက်စေနိုင်သော ပြင်ပအချက်အလက်များနှင့် အဖြစ်အပျက်များ |
| အခြေခံမျဉ်း | စီမံကိန်း၏ အစပျိုး အခြေအနေ။ |
| အခြေခံစံနှုန်း | စွမ်းဆောင်ချက်နှင့် အောင်မြင်မှုကို တိုင်းတာနိုင်သည့် ကိုးကားအချက်အလက်။ |
| အကျိုးခံစားရသူများ | သင့်စီမံကိန်းမှ အကျိုးသက်ရောက်မည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ။ ချက်ချင်းအကျိုးရလဒ်ကိုရရှိသည့် တိုက်ရိုက်အကျိုးခံစားရသူများ နှင့် အချိန်ကြာမှ သက်ရောက်မှုရှိသည့် သွယ်ဝိုက်အကျိုးခံစားရသူများ ဟူ၍ ထည့်သွင်းသတ်မှတ်နိုင်သည်။ |
| ကြောင်းကျိုးဆက်စပ်မှု | အခြားအရာတွင် ဖြစ်ပျက်နေသော တစုံတခု၏ တိုက်ရိုက် သက်ရောက်မှု |
| ဒေတာအချက်အလက် | သတင်းအချက်အလက်အဖြစ် အဖြေမထွက်ရသေးသည့် ပုံကြမ်းထည် အရည်အတွက် သို့မဟုတ် အရည်အသွေးပြတန်ဖိုးများ |
| DM&E | စီမံကိန်းဒီဇိုင်း၏ အရေးကြီးမှုကို ထင်သာစေသည့် "ဒီဇိုင်း (Design)၊ စောင့်ကြည့်လေ့လာခြင်း (Monitoring) နှင့် အကဲဖြတ်ဆန်းစစ်ခြင်း (Evaluation)" တို့၏ အတိုကောက်စကားလုံးများ |
| အကျိုးသက်ရောက်မှု | ရလဒ်ထွက်စေသည့် စီမံကိန်းဆောင်ရွက်ချက် ပမာဏ |
| အရည်အချင်းပြည့်မှီခြင်း | ရလဒ်နှင့်ယှဉ်လျှင် ဆောင်ရွက်ချက်များ၏ ကုန်ကျစရိတ်က လက်သင့်ခံနိုင်ဖွယ်ရာဖြစ်ခြင်း၊ သင့်တင့်ခြင်း။ |
| ကျားမကွဲပြားမှုကို အထူးပြု စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း | အမျိုးသမီး နှင့် အမျိုးသားကြားတွင် အတွေ့အကြုံ နှင့် အကျိုးသက်ရောက်မှုကွဲပြားခြားနားပုံကို မြင်သာနိုင်ရန် သင့်စီမံကိန်းကို ဆန်းစစ်ခြင်း။ |
| ယေဘုယျအခြေအနေပေါ်တွင် အခြေပြုသော ဖော်ပြချက် | သက်သေအခြေပြုထားသော အုပ်စုတစ်စုအကြောင်း ကျယ်ပြန့်သောအဖြေ သို့မဟုတ် ကျယ်ပြန့်သော နိဂုံးချုပ် |

| | |
|---|---|
| **Indicators** | Measurable, tangible signs that something has been done – showing a clear signal of change. |
| **Information** | Qualitative or quantitative knowledge about a fact or circumstance. |
| **Logical framework** | Tool used to design projects. The logical framework or logframe is a document that gives a logical overview of the objectives, activities and resources of a project. It also provides information about external elements that may influence the project, called assumptions. |
| **M&E** | Acronym of "monitoring and evaluation". |
| **M&E plan** | Implementation strategy for the collection, analysis and use of data. |
| **ME&L** | Acronym of "monitoring, evaluation and learning", highlighting the importance of lessons learned. |
| **Means of verification** | What type of information will be used to show changes and where it will be found. |
| **Problem tree** | Visual representation of a problem, showing the cause and effect. |
| **Project** | A series of activities delivered in a specific period to achieve a desired result. |
| **Relevance** | The appropriateness of your project to solving a real problem according to the real needs and priorities of your beneficiaries/participants in accordance with the context |
| **Risk** | A potential internal or external problem that would undermine your ability to deliver your project. |
| **Sustainability** | The likelihood that the benefits of your project will continue after your project ends. |
| **Theory of change** | How and why a desired change is expected to happen in a particular context. |
| **Validity** | The extent to which a test accurately measures what it is intended to measure. |

| | |
|---|---|
| အညွှန်းကိန်းများ | တစုံတခုကို လုပ်ဆောင်ပြီးစီးပြီး ဖြစ်ကြောင်း တိုင်းတာနိုင်သော၊ ထင်ရှားစွာတွေ့မြင်နိုင်သော သင်္ကေတများ |
| သတင်းအချက်အလက် | တိကျသောအချက်အလက် နှင့် အခြေအနေတစ်ရပ် အကြောင်း အရည်အသွေး သို့မဟုတ် အရည်အတွက်ပြ အသိပညာ။ |
| ကျိုးကြောင်းဆိုင်လုံသော မူဘောင် | စီမံကိန်းများကို ဒီဇိုင်းဆွဲရန် အသုံးပြုသည့် Tool |
| M&E | "စောင့်ကြည့်လေ့လာခြင်း (Monitoring) နှင့် အကဲဖြတ်ဆန်းစစ်ခြင်း (Evaluation)" တို့၏ အတိုကောက်စကားလုံးများ |
| M&E စီမံချက် | ဒေတာအချက်အလက်ကို စုဆောင်းမှု၊ ခွဲခြမ်းစိတ်ဖြာခြင်း နှင့် အသုံးပြုမှုအတွက် မဟာဗျူဟာကို အကောင်ထည် ဖော်ဆောင်ရွက်ခြင်း |
| ME&L | စီမံကိန်းမှရရှိသော သင်ခန်းစာများ၏ အရေးပါမှုကို မီးမောင်းထိုးပြလျက်ရှိသော "စောင့်ကြည့်လေ့လာခြင်း (Monitoring)၊ အကဲဖြတ်ဆန်းစစ်ခြင်း (Evaluation) နှင့် သင်ယူလေ့လာခြင်း (Learning)" တို့၏ အတိုကောက်စကားလုံးများ |
| စစ်ဆေးရန်နည်းလမ်းများ | အပြောင်းအလဲများ နှင့် ယင်းကို မည်သည့်နေရာတွင် တွေ့ရှိလိမ့်မည် ဆိုသည့်အချက်အား ပြသရန် မည်သည့် သတင်းအချက်အလက်အမျိုးအစားကို အသုံးပြုမလဲ။ |
| ပြဿနာသစ်ပင် | အကြောင်းနှင့် အကျိုးကို ပြသနေသော ပြဿနာ၏ မြင်သာသည့် နမူနာပုံစံ။ |
| စီမံကိန်း | လိုချင်သည့် ရလဒ်ကို ရရှိရန် တိကျသည့်အချိန်ကာလတစ်ခုအတွင်း လုပ်ကိုင်ဆောင်ရွက်ရသည့် လုပ်ဆောင်ချက်အတွဲများ။ |
| ဆက်စပ်မှု | အကျိုးခံစားခွင့်ရှိသူများ၏ လက်တွေ့လိုအပ်ချက်များနှင့် ဦးစားပေးမှုများ အရ လက်တွေ့ပြဿနာကို ဖြေရှင်းရန် သင့်စီမံကိန်း၏ သင့်လျော်မှု |
| ဖြစ်နိုင်ချေအန္တရာယ် | သင့် စီမံကိန်းကို လုပ်ကိုင်နိုင်စေရာတွင်သင်၏စွမ်းရည်ကို သေးသိမ်လျော့ကျစေမည့် အလားလာရှိသည့် အတွင်း အပြင် ပြဿနာ။ |
| တာရှည်ခိုင်မာသည့် စဉ်ဆက်မပြတ် အောင်မြင်မှု | စီမံကိန်းပြီးဆုံးသွားသည့်အခါ ယင်းမှ ကောင်းကျိုးရလဒ် ဆက်လက်ဖြစ်ပေါ်သက်ရောက်နိုင်ချေ။ |
| ပြောင်းလဲမှု သီအိုရီ | သီးခြားအခြေအနေတစ်ခုတွင် ဆန္ဒရှိသော အပြောင်းအလဲကို ဘယ်လိုပုံစံဖြစ်ပျက်ရန် နှင့် ဘာကြောင့် ဖြစ်ပျက်ရန် မျှော်လင့်ထားသလဲ။ |
| တရားဝင်လက်ခံနိုင်မှု | စစ်ဆေးချက်တစ်ခုက တိုင်းတာရန် ရည်ရွယ်ထားသည့်အရာကို တိကျမှန်ကန်စွာတိုင်းတာသည့် ပမာဏ။ |

## Step one: Project design

Monitoring and evaluation of counter-hate speech projects is much easier, faster, and more productive if a project has been well designed from the start. Good project design enables monitoring and evaluation, as well as improves project effectiveness, promotes project sustainability, and facilitates adjustments necessary in a changing context. This chapter introduces project design and includes use ful tips and tools to help you design your counter hate speech project.

## Tip: What makes good project design?

A well-designed counter-hate speech project requires:

- Understanding yourself, your stakeholders, and the context you are working in
- Understanding where you are and the problem you face, what change you want to see, and how you can achieve that change
- Identifying what you can feasibly achieve, what you can dor or produce, and how and what you need to do so you can measure results.

## Tool: Understanding the problem you face

The Problem Tree (sometimes known also as the conflict tree) Tool enables you to imagine hate speech like the trunk of a tree, where the roots of the tree are the causes of hate speech, and the branches of the tree are the effects of hate speech. The best approach is to draw an actual tree and write on it.

## အဆင့်တစ်။ စီမံကိန်းဒီဇိုင်း

အကယ်၍သာ စတင်စဉ်ကတည်းက စီမံကိန်းကို ကောင်းမွန်စွာ ပုံစံချခဲ့မည်ဆိုပါက အမုန်းစကား ဆန့်ကျင်တန်ပြန်ရေး စီမံကိန်းများ၏ စောင့်ကြည့် လေ့လာရေးနှင့် အကဲဖြတ်ဆန်း စစ်ခြင်းလုပ်ငန်းစဉ်က ပိုမိုလွယ်ကူ၊ လျင်မြန်ပြီး ပိုမိုအောင်မြင်စေပါလိမ့်မည်။ ကောင်းမွန်သော စီမံကိန်းပုံစံသည် စောင့်ကြည့်လေ့လာ အကဲဖြတ် ဆန်းစစ်ခြင်းကို ပြုလုပ်စေနိုင်ရုံသာမက စီမံကိန်း၏ အကျိုးသက်ရောက်မှုကို တိုးမြင့်စေပြီး၊ စီမံကိန်းစဉ်ဆက် မပြတ်အောင်မြင်မှုကို တိုးပွားစေကာ၊ ပြောင်းလဲနေသော အခြေအနေတစ်ခုတွင် လိုအပ်သည့် ညှိနှိုင်းမှုများကို အထောက်အကူပေးနိုင်ပါသည်။ ဤအခန်းမှ စီမံကိန်းပုံစံကို မိတ်ဆက်ပေးမည်ဖြစ်ပြီး၊ သင်၏ အမုန်းစကား ဆန့်ကျင်တန်ပြန်ရေး စီမံကိန်းကို ရေးဆွဲရာတွင် သင့်ကို အကူအညီပေးနိုင်မည့် အသုံးဝင်သော အကြံပြုချက်များနှင့် Tool များကို ထည့်သွင်းထားသည်။

## အကြံပြုချက် – ဘယ်အရာက ကောင်းမွန်သော စီမံကိန်းဒီဇိုင်းကို ဖြစ်စေသလဲ။

ကောင်းမွန်စွာပုံစံချထားသော အမုန်းစကားဆန့်ကျင် တန်ပြန်ခြင်း စီမံကိန်းတစ်ခု၏ လိုအပ်ချက်များမှာ –

- သင်ကိုယ်တိုင်၊ ပါဝင်သူများ နှင့် သင်လုပ်ကိုင်ဆောင်ရွက်နေရသော အခြေအနေ ကို နားလည်သဘောပေါက်ခြင်း
- သင်ဘယ်နေရာမှာလဲ နှင့် သင်ကြုံတွေ့ရသည့် ပြဿနာ၊ ဘယ်လိုအပြောင်းအလဲမျိုးကို သင်တွေ့ချင်သလဲ နှင့် ထိုအပြောင်းအလဲကို သင်ဘယ်လိုရရှိအောင်မြင်စေနိုင်သလဲ ဆိုသည်တို့ကို နားလည်ခြင်း
- သင် ဘာကို နိုင်နိုင်နင်းနင်းရရှိအောင်မြင်နိုင်မလဲ၊ ဘာကို ထုတ်လုပ်နိုင်မလဲ၊ ဘယ်လိုထုတ်လုပ်နိုင်မလဲနှင့် ထိုသို့ထုတ်လုပ်နိုင်အောင် သင်ဘာလိုအပ်သလဲ ဆိုသည်တို့ကို သတ်မှတ်ခြင်း ဒါမှသာ သင်သည်အဖြေကိုတိုင်းတာနိုင်မည်ဖြစ်သည်။

## Tool:သင်ကြုံတွေ့ရသည့်ပြဿနာအား နားလည်သဘောပေါက်ခြင်း

ပြဿနာသစ်ပင်တွင် အမုန်းစကားကို သစ်ပင်ပင်စည်အဖြစ်၊ တစ်ချိန်တည်းမှာပင် သစ်မြစ်များက အမုန်းစကားဖြစ်ပေါ်စေသော အကြောင်းတရားများအဖြစ် နှင့် သစ်ကိုင်းများက အမုန်းစကား၏အကျိုးဆက်အဖြစ် သင့်ကိုစိတ်ကူးမြင်ယောင်ကြည့်နိုင်အောင် ကူညီပေးပါသည်။ သစ်ပင်တစ်ပင်ပုံကို ဆွဲပြီး ၎င်းပေါ်တွင် ရေးမှတ်ခြင်းက အကောင်းဆုံးနည်းလမ်းဖြစ်သည်။

| Example Problem Tree Tool | | | |
|---|---|---|---|
| **Effect** | General exclusion of minorities increases. | Society’s general acceptance of violence increases. | Victims’ mental health deteriorates. |
| **Problem** | Hate speech and intolerance are common. | | |
| **Cause** | Certain actors aiming to create political instability. | Lack of awareness and limited access to education relating to minorities’ beliefs and customs. | Legal acceptability of different forms of discrimination. |

## Tool: Understanding the context that you are in

The PESTLE Tool enables you to understand the context that you are working in. Each letter of the PESTLE acronym stands for a different part of the context within which you will be implementing your counter-hate speech project. Doing a PESTLE helps you to identify the general direction of change in your context, break free of unconscious assumptions and become more objective, and avoid areas or ideas that are likely to fail for reasons beyond your control. There may be further boxes, relevant for each country context, that can be included to support further analysis.

| ပြဿနာသစ်ပင် ဥပမာ Tool | | | |
|---|---|---|---|
| **အကျိုးဆက်** | လူနည်းစုများ၏ အထွေထွေ သော ဖယ်ကျဉ်ခံရမှု တိုးမြင့် လာသည်။ | လူ့အဖွဲ့အစည်း၏ အကြမ်းဖက်မှု ကိုလက်သင့်ခံခြင်း တိုးမြင့် လာသည်။ | ထိခိုက်ခံစားရသူများ၏ စိတ် ပိုင်းဆိုင်ရာကျန်းမာရေး အခြေအနေ ပိုမိုဆိုးရွား လာသည်။ |
| ပြဿနာ | အမုန်းစကားနှင့် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် သည်းခံနိုင်စွမ်းမရှိခြင်းများကို အတွေ့များလာသည်။ | | |
| အကြောင်းတရား | နိုင်ငံရေးမငြိမ်မသက် ဖြစ်အောင် ဖန်တီးရန် ရည်ရွယ်နေသော (ထို)သူများ | လူနည်းစုများ၏ ယုံကြည်မှု၊ ဓလေ့ ထုံးစံများနှင့် စပ်လျဉ်း၍ နားလည်သိမြင်မှု ကင်းမဲ့ခြင်း၊ ထိုအသိပညာကို ရရှိနိုင်ရန် အကန့်အသတ်ဖြစ်နေခြင်း။ | အမျိုးမျိုးသော ခွဲခြားနှိမ့်ချ ဆက်ဆံခြင်း အပေါ် ဥပဒေအရ လက်သင့် ခံထားခြင်း။ |

## Tool: သင်ရောက်ရှိနေသော အခြေအနေအား နားလည်ခြင်း

PESTLE Tool သည်သင်အလုပ်လုပ်နေသောအခြေအနေအားနားလည်သဘောပေါက်ရန် သင့်အား ကူညီပေးသည်။ PESTLE ၏ အတိုကောက် စာလုံးတစ်လုံးစီတိုင်းက အမုန်းစကားဆန့်ကျင်တန်ပြန်သည့် စီမံကိန်းအား အကောင်အထည်ဖော်မည့် အချိန်အတောအတွင်းရှိ အမျိုးမျိုးသော အခြေနေများအတွက် ရပ်တည်သည်။ PESTLE ပြုလုပ်ခြင်းက သင့်စီမံကိန်းကာလအခြေအနေအတွင်း အထွေထွေသော အပြောင်းအလဲ ဦးတည်ချက်များကို သတ်မှတ်နိုင်ရန်၊ မေ့လျော့နေသော ယူဆချက်တို့အားဖောက်ထွက်လာစေပြီး ပိုမိုတိကျလာစေကာ၊ သင့် ထိန်းချုပ်မှုပြင်ပရှိ အကြောင်းအရင်းများကြောင့် ရှုံးနိမ့်စေမည့် နယ်ပယ်နှင့် အတွေးအခေါ်တို့ကို ရှောင်ရှားနိုင်ရန် သင့်အား ကူညီပေးပါသည်။

| | Political | Economic | Social | Technological | Legal | Environmental |
|---|---|---|---|---|---|---|
| What are the key drivers, trends, and forces in your external environment? | The next election, the current and potential candidates. | Your local economy or if there are any big projects or industry in or coming to your area. | How social attitudes and practices are changing. | Infrastructure such as roads or electricity, or peoples' use of mobile phones. | Potentially new hate speech law being developed by the government. | Big development projects such as dams or deforestation. |
| What are their implications on your work, organisation, and stakeholders? | Effect of candidates' views on hate speech. | Effect of increase or decrease of income. | Effect of peoples' views on diversity. | Effect of more access to social media. | Effect of the law on peoples' behaviour. | Effect of land change on conflict and intolerance. |
| What are your strategic options in response? | Work with new political candidates. | Work with unions. | Work with schools and youth groups. | Work with schools and digital groups. | Work with lawyers and the police. | Work with community activists and CSOs. |

## Tool: Understanding your stakeholders

The Stakeholder Analysis Tool helps you identify your stakeholders and analyse their role in your counter-hate speech project. To use this tool, make a list of people that are somehow related to your work, and then try to put them in one of the four boxes depending on how influential and how interested they are in countering hate speech.

| | နိုင်ငံရေးနှင့် ဆိုင်သော | စီးပွားရေးနှင့် ဆိုင်သော | လူမှုရေးနှင့် ဆိုင်သော | နည်းပညာနှင့် ဆိုင်သော | ဥပဒေ ရေးရာ | သဘာဝ ပတ်ဝန်း ကျင်နှင့် ဆိုင်သော |
|---|---|---|---|---|---|---|
| သင့်ပြင်ပပတ်ဝန်းကျင်ရှိ ဘယ်အရာတွေက အဓိက - မောင်းနှင်သူ/ မောင်းနှင်သည့်အရာများ၊ ပုံစံများနှင့်တွန်းအားများ - ဖြစ်ကြသလဲ။ | နောက်ရွေးကောက်ပွဲ၊ လက်ရှိနှင့် အလားလာရှိသော အမတ်လောင်းများ | သင့်ဒေသတွင်း စီးပွားရေးသို့မဟုတ် သင့်ဒေသတွင်းသို့ အသစ်လာမည့် ကြီးမားသောစီမံကိန်းများ(သို့မဟုတ်) စက်မှုလုပ်ငန်း | လူမှုရေးရပ်တည်ချက်များနှင့် အလေ့အကျင့်များ မည်သို့ ပြောင်းလဲနေသလဲ။ | လမ်း၊ လျှပ်စစ်မီး၊ လူတို့၏ မိုဘိုင်းလ်ဖုန်း အသုံးပြုသည့် အရေအတွက် စသော နိုင်ငံ့အဖွဲ့အစည်း၏ အခြေခံလိုအပ်သော စနစ်နှင့် လုပ်ငန်း။ | အစိုးရမှ ပြုစုနေသော အလားအလာရှိသည့် အမုန်းစကား ဥပဒေ | ရေလှောင်တမံ သို့မဟုတ် သစ်တောဖြုန်းတီးခြင်း စသည့် ကြီးမားသည့် စီမံကိန်းများ |
| သင့်အလုပ်၊ အဖွဲ့အစည်း၊ ပါဝင်သူများများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ရည်ညွှန်းချက်များမှာ အဘယ်နည်း။ | အမုန်းစကားအပေါ် အမတ်လောင်း၏ အမြင်အရ သက်ရောက်မှု | ဝင်ငွေတိုးပွားလာခြင်း သို့မဟုတ် လျော့ကျသွားခြင်း၏ သက်ရောက်မှု | မတူကွဲပြားမှုအပေါ် လူတို့၏အမြင်အရ သက်ရောက်မှု | လူမှုကွန်ယက်မီဒီယာသို့ ပိုမိုအသုံးပြုနိုင်မှု၏ သက်ရောက်မှု | လူတို့၏ အပြုအမူအပေါ် ဥပဒေ၏ သက်ရောက်မှု | ပဋိပက္ခနှင့် သည်းခံနိုင်စွမ်းမရှိခြင်းအပေါ် ကုန်းမြေအပြောင်းအလဲ၏ သက်ရောက်မှု |
| တုံ့ပြန်မှုအနေဖြင့် သင်၏ မဟာဗျူဟာမြောက်သော ရွေးချယ်မှုများမှာ အဘယ်နည်း။ | နိုင်ငံရေး အမတ်လောင်း အသစ်များနှင့် အတူတကွ လုပ်ဆောင်ခြင်း။ | သမဂ္ဂများနှင့် အတူတကွ လုပ်ဆောင်ခြင်း။ | ကျောင်းများ၊ လူငယ်အုပ်စုများနှင့် အတူတကွ လုပ်ဆောင်ခြင်း။ | ကျောင်းများ၊ ဒစ်ဂျစ်တယ်အုပ်စုများနှင့် အတူတကွ လုပ်ဆောင်ခြင်း။ | ရှေ့နေ၊ ရဲတို့နှင့် အတူ လုပ်ဆောင်ခြင်း။ | လူအဖွဲ့အစည်း၊ တက်ကြွလှုပ်ရှားသူများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် အတူလုပ်ဆောင်ခြင်း။ |

## Tool: ပါဝင်သူများကို နားလည်ခြင်း

ပါဝင်သူများကို ခွဲခြမ်းစိတ်ဖြာလေ့လာသည့် Tool များက ပါဝင်သူများကို သတ်မှတ်ရန်နှင့် သင့် အမုန်းစကားတန်ပြန်ရေး စီမံကိန်းအတွင်း ၎င်းတို့၏ အခန်းကဏ္ဍကို စိတ်ဖြာလေ့လာနိုင်ရန် သင့်ကို ကူညီနိုင်ပါသည်။ ဤ tool ကို အသုံးပြုရန် သင့်အလုပ်ဖြင့် မည်သို့ပင်ဆိုစေ ဆက်စပ်နေသောသူများကို စာရင်းပြုစုပါ။ ထို့နောက် အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရန် ဘယ်လောက်စိတ်ဝင်စားမှုရှိသလဲ နှင့် ဘယ်လောက်လွှမ်းမိုးနိုင်ခြေရှိသလဲ အပေါ် မူတည်၍ အောက်တွင်ပြထားသော အကွက် ၄ ခု ထဲမှ တစ်ကွက်တွင် ၎င်းတို့ကို ထည့်သွင်းပါ။

| Example Stakeholder Analysis Tool | | |
|---|---|---|
| Level of influence to counter hate speech ↑ | **Influential actors who are not interested**<br><br>These stakeholders are influential but not very interested in countering hate speech. Your aim is to engage and consult with them so that you can increase their interest in countering hate speech (to move them into the “Key Actor” box). | **Key Actors who are influential and interested**<br><br>These stakeholders are influential and interested in countering hate speech. You will focus most of your effort here, and make sure that they are not only engaged and consulted with regularly – including in project design – but also involved in governance and decision-making. |
| | **Actors who are not influential but who are interested**<br><br>These stakeholders are not influential and not interested in countering hate speech. You may decide to inform them to increase their interest but you do not need to include them in your project design. | **Actors who are interested but not very influential**<br><br>These stakeholders are interested in countering hate speech but are not very influential. You will keep them informed and consult with them because they will support you, and you may want to include them in your project design. |
| Level of interested to counter hate speech → | | |

## Tip: Working in partnerships and coalitions

The findings of monitoring and evaluation have shown that working in partnerships and coalitions is nearly always more impactful than working alone. Both formal and informal partnerships help civil society organisations, NGOs and INGOs, activists understand what each other is doing, support one another, reduce replication of efforts, and build greater pressure to counter hate speech. It is good to build this into your project design right from the beginning.

## Tool ပါဝင်သူများအားလေ့လာစိတ်ဖြာခြင်း Tool ဥပမာ

| | | |
|---|---|---|
| အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရန် လွှမ်းမိုးနိုင်မှု အဆင့် ↑ | **စိတ်ပါဝင်စားမှု မရှိသော လွှမ်းမိုးနိုင်သူ အုပ်စု**<br><br>ဤပါဝင်သူများက လွှမ်းမိုးနိုင်မှုရှိသော်လည်း အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရန် စိတ်ပါဝင်စားမှု သိပ်မရှိချေ။ သင့်ရည်ရွယ်ချက်က ၎င်းတို့နှင့်ဆက်သွယ်ချိတ်ဆက်ပြီး ဆွေးနွေးခြင်းအားဖြင့် (ထိုသူများအား အဓိကအရေးပါသူများ အကွက်သို့ရွှေ့နိုင်ရန် အတွက်) ၎င်းတို့၏ စိတ်ပါဝင်စားမှုကို တိုးမြှင့်ရန်ဖြစ်သည်။ | **အဓိက အရေးပါသူများ**<br><br>ဤပါဝင်သူများက လွှမ်းမိုးနိုင်စွမ်းရှိသကဲ့သို့ အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရာတွင်လည်း စိတ်ပါဝင်စားမှုရှိကြသည်။ သင့်အင်အားများကို ဤနေရာတွင် အာရုံစိုက်ရမည်ဖြစ်ပြီး၊ (စီမံကိန်းပုံစံရေးဆွဲခြင်းအပါအဝင်) ၎င်းတို့နှင့် ချိတ်ဆက်ဆွေးနွေးရုံသာမက အုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ချက်ချရာတွင်လည်း ထည့်သွင်းရမည် ဖြစ်သည်။ |
| | **စိတ်ပါဝင်စားမှုရှိသော မလွှမ်းမိုးနိုင်သူ အုပ်စု**<br><br>ဤပါဝင်သူများက အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရာတွင် စိတ်ပါဝင်စားမှုလည်း မရှိသလို လွှမ်းမိုးမှုလည်း မရှိပါ။ (၎င်းတို့အား "ဂရုတစိုက်စဉ်းစားဆင်ခြင်မှုကို ပြပါ" ဆိုသည့် အကွက်သို့ရွှေ့နိုင်ရန် အတွက်) ၎င်းတို့၏ စိတ်ပါဝင်စားမှုကို တိုးမြှင့်ရန် အကြောင်းကြားချိတ်ဆက်ဖို့ သင်ဆုံးဖြတ်ချင် ဆုံးဖြတ်နိုင်ပါသည်။ သို့သော် စီမံကိန်း ဒီဇိုင်းဆွဲရာတွင် ၎င်းတို့ကို ထည့်သွင်းဖို့ မလိုပါ။ | **စိတ်ပါဝင်စားမှုရှိသော လွှမ်းမိုးနိုင်ခြင်းနည်းသော အုပ်စု**<br><br>ဤပါဝင်သူများက အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရာတွင် စိတ်ပါဝင်စားမှုလည်း ရှိသော်လည်း လွှမ်းမိုးမှု မရှိပါ။ ၎င်းတို့ကို သင့်ကို အထောက်အပံ့ပြုမည်ဖြစ်သောကြောင့် ၎င်းတို့နှင့် ချိတ်ဆက်ဆွေးနွေးမှုများ ပြုလုပ်လိမ့်မည်ဖြစ်သလို၊ စီမံကိန်းရေးဆွဲရာတွင်လည်း ၎င်းတို့ကို သင် ထည့်သွင်းချင် ထည့်သွင်းနိုင်သည်။ |
| အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရန် စိတ်ဝင်စားမှု အဆင့် ----------------------> | | |

## အကြံပြုချက် – မိတ်ဖက် နှင့် ပူးပေါင်းအဖွဲ့များ တွင် လုပ်ကိုင်ခြင်း

တစ်ဦးတစ်ယောက်တည်း လုပ်ကိုင်ခြင်းထက် မိတ်ဖက်များ၊ ပူးပေါင်းအဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်ခြင်းက အမြဲတမ်းနီးပါး များစွာ အကျိုးသက်ရောက်မှုဖြစ်စေကြောင်း စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်း၏ တွေ့ရှိချက်များက ပြသခဲ့ပြီး ဖြစ်သည်။ တရားဝင်နှင့် ထုံးစံအတိုင်းမဟုတ်သော မိတ်ဆက်ဖွဲ့စည်းခြင်းများက အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့ဝင်များ၊ တက်ကြွလှုပ်ရှားသူများကို တစ်ဦးနှင့် တစ်ဦး လုပ်ဆောင်နေသည်များကို နားလည်စေပါသည်။ ထို့အတူ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် တစ်ဦးကိုတစ်ဦး အထောက်အပံ့ဖြစ်စေကာ၊ ပုံစံတူထပ်တူ အင်အားစိုက်ထုတ်နေရခြင်းကို လျော့ကျစေပြီး အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရန် ပိုမိုအားကောင်းသည့် ဖိအားကို တည်ဆောက်လာနိုင်စေမည် ဖြစ်သည်။ ယခုပြောပြခဲ့သော လုပ်ငန်းစဉ်ကို သင်၏ စီမံကိန်း အစကတည်းက ဆောင်ရွက်နိုင်လျှင် ပိုကောင်းသည်။

## Tool: Understanding yourself and what you can do

The SWOT Tool, which is sometimes called a “situational analysis tool”, narrows your PESTLE analysis down to what is happening to you and in your immediate environment, so that you can develop clearer ideas for your project.

| **Example SWOT Tool** | |
|---|---|
| **Strengths** | **Weaknesses** |
| Write here about your internal strengths. Consider what you are well known for, what your staff are good at doing, where your location is, and what strong partnerships you have, etc. | Write here about your internal weaknesses. Consider what things you are not good at, what skills and knowledge you do not have, the partnerships that you have not yet got, and so forth. |
| **Opportunities** | **Threats** |
| Write here about external opportunities. Use the PESTLE “options” but narrow it right down to your project options – what project opportunity do you have given the PESTLE findings? What can you change and affect? | Write here about external risks to your potential project or projects. Use the PESTLE findings to examine what problems your potential project could face. |

## Tool: သင့်ကိုယ်သင်နှင့် သင်ဘာလုပ်နိုင်သည်ကို နားလည်သဘောပေါက်ခြင်း

တခါတရံ အခြေအနေကို လေ့လာဆန်းစစ်သည့် Tool ဟု သတ်မှတ်ခြင်း ခံရသော SWOT သည် PESTLE ပုံစံ စိတ်ဖြာဆန်းစစ်ချက်မှနေ၍ သင် ဘာလုပ်ရမည်ကို ပိုမိုရှင်းလင်းပြတ်သားစေမည့် အကြံဉာဏ်များ တည်ဆောက်နိုင်ရန်အလို့ငှာ သင်နှင့် သင့်ကို တိုက်ရိုက်ဆက်စပ်နေသော ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များဆီသို့ ကျစ်လစ်စွာနှင့် နက်နဲစွာ လေ့လာဆန်းစစ်ခွင့် ရစေပါသည်။

| **Example SWOT Tool ဥပမာ** | |
|---|---|
| **အားသာချက်** | **အားနည်းချက်** |
| ဤနေရာတွင် သင်၏ အတွင်းဘက်အခြမ်းမှလာသည့် အားသာချက်များကို ရေးပါ။ သင် ဘာအတွက်ကြောင့် လူသိများသလဲ၊ သင့်ဝန်ထမ်းများက ဘယ်နေရာတွင် တော်သလဲ၊ သင့်တည်နေရာနှင့် အင်အားတောင့်သည့် မည်သည့်မိတ်ဖက် သင့်မှာ ရှိသလဲ ဆိုသည်တို့ကို ထည့်သွင်းစဉ်းစားပါ။ | ဤနေရာတွင် သင်၏ အတွင်းဘက်အခြမ်းမှလာသည့် အားနည်းချက်များကိုရေးပါ။ သင်ညံ့သောအလုပ်၊ သင့်မှာ မရှိသည့် ကျွမ်းကျင်မှုနှင့် အသိပညာ၊ သင့်မှာမရှိသေးသည့် မိတ်ဖက်များ စသဖြင့် ထည့်သွင်းစဉ်းစားပါ။ |
| **အခွင့်အလမ်း** | **ခြိမ်းခြောက်မှု** |
| ဤနေရာတွင် ပြင်ပမှလာသည့် အခွင့်အလမ်းများကို ရေးပါ။ PESTLE "ရွေးချယ်မှုများ" ကို သုံးပါ။ သို့သော် သင့် စီမံကိန်း ရွေးချယ်မှုများ အား ခပ်ကျဉ်းကျဉ်းချုပါ။ PESTLE ရှာဖွေတွေ့ရှိချက်များမှ ပေးသည့် မည်သည့်စီမံကိန်းအခွင့်အလမ်းများ သင့်မှာရှိသလဲ။ သင်ဘာကို ပြောင်းလဲနိုင်ပြီး၊ ဘာကိုသက်ရောက်မှုရှိစေမလဲ။ | ဤနေရာတွင် သင့်စီမံကိန်း သို့မဟုတ် အနာဂတ်စီမံကိန်းဆီသို့ ပြင်ပမှဦးတည်လာနိုင်သည့် အန္တရာယ်များကို ရေးပါ။ သင့်စီမံကိန်းကြုံတွေ့နိုင်သည့် ပြဿနာရပ်များကို ဆန်းစစ်ရန် PESTLE ရှာဖွေတွေ့ရှိချက်များကို အသုံးပြုပါ။ |

Once you have filled in the table, your next step is to discuss and agree together:

1. What you want to achieve, which should take advantage of your internal strengths to respond to an external opportunity

2. External opportunities coming up that can help you address your internal weaknesses
3. Internal strengths you can use to reduce the likelihood and impact of exter nal threats either to you or to what you want to achieve

4. Ways that you can address your internal weaknesses so that external threats are minimised.

## Tool: Developing ideas of what to do

Once you have some ideas you need to go through each one and use some tools to make them clearer. The Dimensions of Change Tool helps you to narrow down exactly who you are targeting. Your idea should fit into at least one of these categories.

ဇယားထဲတွင် ဖြည့်သွင်းပြီးသည့်အခါ သင်၏ နောက်ခြေလှမ်းမှာ အချင်းချင်းအတူတကွ ဆွေးနွေးသဘောတူကြရန် ဖြစ်သည်။

၁။ သင်ဘာကို အောင်မြင်ရရှိချင်သလဲ၊ အပြင်ဘက်ရှိ အခွင့်အလမ်းသို့ တုံ့ပြန်ရန် သင်၏ အတွင်းဘက် အားသာချက်များမှ ဘာကို အခွင့်ကောင်းယူ အသုံးချသင့်သလဲ။

၂။ သင်၏ အတွင်းဘက်ရှိ အားနည်းချက်များကို သိရှိဖို့ ကူညီပေးနိုင်မည့် ပြင်ပမှ ရောက်လာနေသော အခွင့်အလမ်းများ

၃။ သင့်ဆီသို့တိုက်ရိုက် သို့မဟုတ် သင်အောင်မြင်ချင်သည့်အရာဆီသို့ ရောက်ရှိလာနိုင်မည့် ပြင်ပမှ ခြိမ်းခြောက်မှုများ၏ ဖြစ်နိုင်ချေ နှင့် ရေရှည်သက်ရောက်မှုကို လျှော့ချရန် အသုံးပြုနိုင်သည့် အတွင်းဘက်ရှိ အားသာချက်များ

၄။ ပြင်ပမှ ခြိမ်းခြောက်မှုများ လျော့ကျသွားစေရန် သင့် အတွင်းဘက်ရှိ အားနည်းချက်များကို စုံစမ်းသိရှိနိုင်မည့် နည်းလမ်းများ

## Tool: ဘာလုပ်ရမည်ဆိုသည့် အကြံအစည်အတွေးအခေါ်များကို တည်ဆောက်ခြင်း

သင့်မှာ အကြံတချို့ ရှိပြီးပါက အကြံတစ်ခုချင်းစီကို အပြန်အလှန်သုံးသပ်ရန် လိုအပ်ပြီး၊ ၎င်းအကြံဉာဏ်များကို ပိုမိုရှင်းလင်း ပြတ်သားစေရန် Tool တချို့ကို အသုံးပြုရမည် ဖြစ်သည်။ အပြောင်းအလဲရှုထောင့်များ Tool က သင် ဘယ်သူတွေကို ပစ်မှတ်ထား နေသလဲ ဆိုသည့် အချက်ဆီသို့ ကျစ်လစ်တိကျစွာ ရောက်ရှိနိုင်အောင် ကူညီပေးပါလိမ့်မည်။

| Example Dimensions of Change Tool | | | | |
|---|---|---|---|---|
| | **Personal** | **Relational** | **Structural** | **Cultural** |
| Your project idea focuses on… | Working with individual beneficiaries to increase their knowledge and skills. | Building relationships between project participants from across dividing lines to enable them to work together. | Creating changes in public spaces or encouraging policy or legal changes. | Changing social and cultural beliefs and attitudes that cause conflict. |
| For example… | Training youth on how to counter hate speech on Facebook. | Bringing religious and cultural leaders together to talk. | Advocacy to the police to create a dedicated office to counter hate speech. | Making television programmes on the harms of stereotyping or on promoting relationships. |

The KAB Tool also enables you to clarify what level of change your project will focus on. Your idea should fit into one or more of these categories.

| Example KAB Tool | | |
|---|---|---|
| **Knowledge** | **Attitude** | **Relational** |
| You want to achieve a change in knowledge among a certain group of people.<br>This is the easiest to achieve as it means people only need to learn about hate speech in general and learn some skills to counter hate speech. But it is also the least impactful because even though they know about hate speech, they may not change their attitude or practice. | You want a group of people to change their mindset. This is harder to achieve because you have to convince people to change their mindset about hate speech and minority groups. | You want a group of people to change their behavior.<br>This is the hardest to achieve because you have to convince people to go out and do something differently than before. |

| အပြောင်းအလဲရှုထောင့်များ Tool ဥပမာ | | | | |
|---|---|---|---|---|
| | ပုဂ္ဂိုလ်ရေး | ဆက်ဆံရေး | တည်ဆောက်ပုံ | ယဉ်ကျေးမှု |
| သင့်စီမံကိန်း အကြံအစည်က အာရုံစိုက်ထားသော ...... | အကျိုးခံစားခွင့်ရသူများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို တိုးမြှင့်ရန်ယင်းတို့ တစ်ဦးချင်းစီနှင့် အတူ လုပ်ဆောင်ခြင်း | အကျိုးခံစားခွင့်ရရှိသူများကို အတူတကွအလုပ်လုပ်နိုင်လာကြစေရန် ၎င်းတို့အကြား ဆက်ဆံရေးတစ်ရပ်တည်ဆောက်ပေးခြင်း | အများပိုင်နေရာများတွင် အပြောင်းအလဲများ ဖန်တီးခြင်း (သို့မဟုတ်) မူဝါဒများကို တိုးမြှင့်ခြင်း (သို့မဟုတ်) ဥပဒေအပြောင်းအလဲ ကို ဖန်တီးခြင်း | လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်ချက်များ၊ နှင့် ရပ်တည်ချက် သဘောထား ပြောင်းလဲခြင်း |
| ဥပမာဆိုရသော် ...... | ဖေ့စ်ဘွတ်ခ်လူမှု ကွန်ယက်စာမျက်နှာပေါ်ရှိ အမုန်းစကားကို မည်သို့မည်ပုံ ဆန့်ကျင်တန်ပြန်ရန်လူငယ်များကို သင်တန်းပေးခြင်း | ဘာသာရေးနှင့် ယဉ်ကျေးမှုခေါင်းဆောင်များကို အတူတကွ စကားပြောဆိုဖို့ရန် စုစည်းခြင်း။ | လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ်သည်းခံနိုင်စွမ်းရည် တိုးမြှင့်ရန် ဒေသခံရဲများကို စည်းရုံး အထောက်အပံ့ပေးခြင်း။ | ခေါက်ရိုးကျိုးအမြင်ပုံစံကြောင့် ထိခိုက်စေခြင်းအကြောင်း ရုပ်မြင်သံကြားအစီအစဉ်များ ပြုလုပ်ခြင်း။ |

KAB ဟူသော Tool ကလည်း သင်၏ ပြောင်းလဲမည့် အကြံအစည်အတွေးအခေါ်အပေါ် ရှင်းလင်းစေရန် ကူညီပေးသည်။ သင့်အတွေးအခေါ်အကြံအစည်များက အောက်ပါ အမျိုးအစားတစ်ခုခုတွင် အံဝင်သင့်သည်။

| Example KAB Tool KAB Tool ဥပမာ | | |
|---|---|---|
| အသိပညာဗဟုသုတ | သဘောထားရပ်တည်ချက် | အလေ့အကျင့် |
| လူအစုအဖွဲ့တစ်ခုအကြား အသိပညာ အပြောင်းအလဲ တစ်ခုအား သင်ဆောင်ရွက် အောင်မြင်ချင်သည်။ လူအများအနေဖြင့် အမုန်းစကား အကြောင်းကို သင်ယူရုံသာဖြစ်သဖြင့် အောင်မြင်ဖို့ အလွယ်ကူဆုံး ဖြစ်ပါသည်။ သို့သော် အမုန်းစကားအကြောင်းသင်ယူပြီးကြသည့်တိုင် ၎င်းတို့ ရပ်တည်ချက် သဘောထားများကို ပြောင်းလဲချင်မှ ပြောင်းလဲမည်ဖြစ်သောကြောင့် သက်ရောက်မှု အနည်းဆုံးလည်း ဖြစ်နေပြန်သည်။ | သင့်အနေဖြင့် လူ့အစုအဖွဲ့တစ်ခု၏ ကာလကြာရှည် လက်ခံထားသည့် အတွေးအခေါ်တစ်ခုကို ပြောင်းလဲချင်သည်။ လူအများ၏ အမုန်းစကားနှင့် လူနည်းစုဆိုင်ရာ ကာလကြာရှည်လက်ခံထားသည့် အတွေးအခေါ်တစ်ခုကို ပြောင်းလဲပစ်ဖို့ရန် သင်အနေဖြင့် သူတို့ သဘောကျလက်ခံ ယုံကြည်လာအောင် ပြုလုပ်ရမည်ဖြစ်သောကြောင့် ဤအချက်က အောင်မြင်ဖို့ ပို၍ခက်ခဲသည်။ | လူအစုအဖွဲ့တစ်ခုမှ ၎င်းတို့ အလေ့အထများကို ပြောင်းလဲပစ်ဖို့ သင်အလိုရှိသည်။ လူအများက အပြင်ထွက်၍ ယခင်နှင့် ကွဲပြားသော တစုံတရာကို လုပ်ချင်လာကြရန် သင့်အနေဖြင့် လူအများ သဘောကျလက်ခံ ယုံကြည်လာအောင် ပြုလုပ်ရမည်ဖြစ်သောကြောင့် ဤသည်မှာ အောင်မြင်ဖို့ အခက်ခဲဆုံးဖြစ်လေသည်။ |

## Tip: General approaches to countering hate speech

There are some general approaches to countering hate speech used worldwide and in Myanmar, which you can adapt to the problem you have identified. They are existing theories of change, often used in the peacebuilding field, that have been adapted here for countering hate speech approaches.

- Individual approach: Changing the mindsets of many people to build pressure for change
- Healthy relationships and connections approach: Breaking down polarisation, division, prejudice, and stereotypes between groups
- Withdrawal of resources approach: Interrupting the supply of people and resources to those who are spreading hate speech
- Reduction of violence approach: Decreasing the level of violence being used by people who are spreading hate speech
- Root causes approach: Addressing underlying injustice, inequality, exclusion, threats to identity, and discrimination
- Policy influence approach: Convincing governments to change their policies and laws
- Good governance approach: Supporting institutions that have a role in countering hate speech
- Political elites approach: Holding politicians accountable to counter hate speech
- Grassroots mobilisation approach: Building mass movements to demand change
- Peace agreements approach: Supporting a settlement between different groups involved in hate speech
- Economic actions approach: Challenging those who make economic gain from continuing hate speech.
- Community reintegration approach: Facilitating the return of victims of hate speech into civic space
- Culture of peace approach: Transforming social and cultural norms, values, and behaviours to reject intolerance and support understanding

## အကြံပြုချက် - အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရန် အထွေထွေသော နည်းလမ်းများ

ကမ္ဘာအနှံ့အပြားနှင့် မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသော အမုန်းစကားဆန့်ကျင်သည့် နည်းလမ်းအချို့ရှိသည်။ သင် သတ်မှတ်ထားသော ပြဿနာနှင့် ကိုက်ညီမည့်နည်းကို သင် ကောက်ယူအသုံးပြုနိုင်သည်။

- တစ်ဦးချင်း ချဉ်းကပ်ပုံ - အပြောင်းအလဲအတွက် ဖိအားကို တည်ဆောက်ရန် လူအများ၏ ကာလကြာရှည် လက်ခံထားသည့် အတွေးအခေါ်ကို ပြောင်းလဲခြင်း။
- ကျန်းမာသော ဆက်ဆံရေးနှင့် ဆက်သွယ်မှု ချဉ်းကပ်ပုံ - အုပ်စုနှစ်စုကြားရှိ ဆန့်ကျင်ဘက်အယူအဆဖြင့် အုပ်စုကွဲခြင်း၊ အုပ်စုများခွဲထုတ်ပိုင်းခြားခြင်း၊ မတရားသဖြင့် မနှစ်မြို့ခြင်း၊ ပုံသေစိတ်ကူးများ စသည်တို့ကို အားလျော့ပျက်ပြားစေခြင်း။
- ရင်းမြစ်များကို ရပ်သိမ်းပယ်ဖျက်ခြင်း လမ်းစဉ် - အမုန်းစကားကို ဖြန့်ဝေနေသည့် လူတို့၏ သတင်းရင်းမြစ်များနှင့် အထောက်အပံ့များကို ကြားဝင်ဖျက်ဆီးခြင်း။
- အကြမ်းဖက်မှုလျှော့ချရေး ပုံစံ - အမုန်းစကားဖြန့်ဝေနေသည့် လူတို့ အသုံးပြုလျက်ရှိသော အကြမ်းဖက်မှု အဆင့်ကို လျှော့ချခြင်း။
- အခြေခံအကြောင်းအရင်း လမ်းစဉ် - အောက်ခြေရှိ တရားမမျှတမှု၊ မညီမျှမှု၊ ဖယ်ကျဉ်ခြင်း၊ ဝိသေသလက္ခဏာကို ခြိမ်းခြောက်မှု နှင့် ခွဲခြားနှိမ်ချဆက်ဆံခြင်း တို့ကို စုံးစမ်းလေ့လာခြင်း။
- မူဝါဒလွှမ်းမိုးရေး ပုံစံ - မူဝါဒများနှင့် ဥပဒေများကို ပြောင်းလဲဖော်ဆောင်ရန် အစိုးရအား လက်ခံယုံကြည်လာစေခြင်း။
- ကောင်းမွန်သော အုပ်ချုပ်ရေး ပုံစံ - အမုန်းစကားကို တန်ပြန်ရာတွင် အခန်းကဏ္ဍတစ်ခုမှာရှိနေသည့် အဖွဲ့အစည်းများကို အထောက်အပံ့ပေးခြင်း။
- နိုင်ငံရေးအထက်တန်းလွှာများ ပုံစံ - အမုန်းစကားကို တန်ပြန်ဆန့်ကျင်ဖို့ရန် နိုင်ငံရေးသမားများကို တာဝန်ခံမှု ရှိစေခြင်း။
- အောက်ခြေအဆင့်စည်းရုံးခြင်း ပုံစံ - အပြောင်းအလဲကို တောင်းဆိုရန် ကြီးမားသော လှုပ်ရှားမှုများကို တည်ဆောက်ပြုလုပ်ခြင်း။
- ငြိမ်းချမ်းရေးသဘောတူညီမှု ချဉ်းကပ်ပုံ - အမုန်းစကားတွင် ပါဝင်သော လူ့အဖွဲ့အစည်းများကြားရှိ စေ့စပ်ပြေငြိမ်းခြင်းကို ထောက်ပံ့အားပေးခြင်း။
- စီးပွားရေးဆောင်ရွက်ချက် ပုံစံ - အမုန်းစကားကို ဆက်လက်ဖြစ်ပေါ်စေခြင်းမှ စီးပွားရေးအကျိုးအမြတ်ပြုလုပ်နေကြသော သူများကို စိန်ခေါ်ခြင်း။
- ရပ်ရွာပြန်လည်ပေါင်းစည်းရေး ပုံစံ - အမုန်းစကား၏ သားကောင်များ မြို့ရွာလူထုထဲသို့ ပြန်အလာကို အဆင်ပြေချောမွေ့အောင် အကူညီပေးခြင်း
- ငြိမ်းချမ်းရေး ယဉ်ကျေးမှု ပုံစံ - လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် သည်းခံနိုင်မှု စွမ်းရည်မရှိခြင်းအား ငြင်းပယ်ရန် နှင့် နားလည်မှုများကို မြှင့်တင်ရန် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ၊ တန်ဖိုးများ နှင့် အပြုအမူများ ကို ပုံစံပြောင်းလဲခြင်း။

## Tool: Deciding which idea is best for you

You can use the Decision-Making Tool to narrow down which idea fits with you and your organisation. Fill the table in and then give each answer a mark out of three to see which ideas are the most appropriate for you (with the mark of 1 being the least appropriate and 3 being the most appropriate). Once you have marked each example, you can total the marks and see which is the best idea for you.

| Example Decision-Making Tool | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | **How much does it fit your mission, vision, or values?** | **How much will it impact on your beneficiary?** | **How appropriate is it to Myanmar culture?** | **How will the approach of the project impact on your organisation?** | **How capable are you to deliver it?** | **How much internal and external support is there?** | **How long will it take?** | **How sustainable will it be?** | **Total marks** |
| Example 1 | +3 (very close to our mission) | +1 (low level of impact or reach) | +3 (very accepted / traditional) | +2 (no impact or new staff or structure) | +3 (used to this approach) | +2 (accepted by most) | +1(long time) | +1 (low impact so low change) | 16 out of 24 |
| Example 2 | +2 (will change our style) | +3 (high level of impact) | +1 (it is sensitive to some) | +1 (need new campaign team) | +1 (need new skills) | +1 (sensitive to some) | +3 (quick project) | +3 (big mindset change) | 15 out of 24 |

## Tool: သင့်အတွက် အကောင်းဆုံးစိတ်ကူးအကြံကို ဆုံးဖြတ်ချက်ချခြင်း

သင်နှင့် သင့်အဖွဲ့အစည်းအတွက် မည်သည့်စိတ်ကူးအကြံက သင့်တော်သလဲဆိုသည်ကို အာရုံထားစဉ်းစားရန် ဆုံးဖြတ်ချက်ချခြင်း Tool ကို အသုံးပြုနိုင်သည်။ စိတ်ကူးအကြံများကို ဇယားတွင်ဖြည့်ပြီး၊ မည်သည့်စိတ်ကူးအကြံကတော့ဖြင့် သင်နှင့်အကိုက်ညီ ဆုံးဖြစ်သည်ကို သိမြင်ရန် အဖြေတစ်ခုစီကို အမှတ် ၃ မှတ်မှ တစ်မှတ်မှတ်ပေးပါ။ (အမှတ် ၁ သည်ကိုက်ညီသင့်တော်မှု အနည်းဆုံး အဖြစ် သတ်မှတ်ပြီး၊ အသင့်တော်ဆုံးစိတ်ကူးဆိုလျှင် အမှတ် ၃ ပေးပါ။) ဥပမာတစ်ခုစီကို အမှတ်ပေးပြီးလျှင် အမှတ်များကို ပေါင်းပြီး မည်သည့်စိတ်ကူးက သင့်အတွက် အကောင်းဆုံးဖြစ်သလဲ ဆိုတာ ကြည့်ပါ။

**ဆုံးဖြတ်ချက်ချမှတ်ခြင်း Tool ဥပမာ**

| | သင်၏ ရည်ရွယ်ချက်၊ အနာဂတ်ရည်မှန်းချက် သို့မဟုတ် စံတန်ဖိုးများ နှင့် မည်မျှ ကိုက်ညီသလဲ။ | သင့်စီမံကိန်း၏ အကျိုးခံစားခွင့်ရသူများအပေါ် ရေရှည်သက်ရောက်မှု မည်မျှရှိသလဲ။ | မြန်မာ့ယဉ်ကျေးမှုနှင့် မည်သို့ ကိုက်ညီသလဲ။ | စီမံကိန်း၏ ချဉ်းကပ်ပုံက သင့်အဖွဲ့အစည်း အပေါ် ဘယ်လို ရေရှည်သက်ရောက်မှု ရှိသလဲ။ | ၎င်းကို လုပ်ဆောင်ဖို့ သင် ဘယ်လောက် တတ်နိုင်သလဲ။ | အတွင်းနှင့် အပြင်မှ ထောက်ပံ့မှု မည်မျှရှိသလဲ။ | ဘယ်လောက် ကြာမလဲ။ | ဘယ်လောက် ရေရှည် စဉ်ဆက် မပြတ်သည့် တိုးတက်အောင်မြင်မှု ဖြစ်လိမ့် မလဲ။ | စုစုပေါင်း အမှတ် |
|---|---|---|---|---|---|---|---|---|---|
| ဥပမာ ၁ | +၃ (ကျွန်ုပ်တို့ အဖွဲ့ရည်မှန်းချက်နှင့် အလွန်နီးစပ်သည်။) | +၁ (ရေရှည်သက်ရောက်မှုအဆင့် နိမ့်သည်) | +၃ (ထုံးတမ်းစဉ်လာအလွန်ညီပြီး လက်ခံနိုင်ဖွယ်ဖြစ်သည်) | +၂ (ရေရှည်သက်ရောက်မှု၊ ဝန်ထမ်းသစ် သို့မဟုတ် ပုံစံ မရှိ) | +၃ (ဤချဉ်းကပ်ပုံနှင့် အသားကျပြီးသား) | +၂ (အများစုက လက်ခံ) | +၁ (ရှည်လျားနှေးကွေးတဲ့ အချိန်) | +၁ (ရေရှည်သက်ရောက်မှု ပမာဏ နိမ့်သောကြောင့် အပြောင်းအလဲနိမ့်) | စုစုပေါင်း အမှတ် ၂၄ မှတ်မှ ၁၆ မှတ် ရရှိသည် |
| ဥပမာ ၂ | +၂ (ကျွန်ုပ်တို့၏ ပုံစံကို ပြောင်းလဲလိမ့်မည်) | +၃ (ရေရှည်သက်ရောက်မှု အဆင့် အလွန်မြင့်) | +၁ (အချို့သူများ အတွက် ထိခိုက်လွယ်) | +၁ (ကင်မ်ပိန်းအဖွဲ့ အသစ်လိုအပ်) | +၁ (ကျွမ်းကျင်မှု အသစ်များ လိုအပ်) | +၁ (အချို့ အတွက် ထိခိုက်လွယ်) | +၃ (အံ့အားသင့်ဖွယ် မြန်ဆန်) | +၃ (ကြီးမားသော အတွေး အခေါ်ပြောင်းလဲမှု ) | စုစုပေါင်း အမှတ် ၂၄ မှတ်မှ ၁၅ မှတ် ရရှိသည် |

## Tool: Building your idea into a project

Once you have decided on an idea, you can use the Logical Framework Tool to design your project. The Logical Framework (mostly called a "Log frame") is the tool most commonly used by civil society organisations, NGOs and INGOs, governments and other organizations to design a project. Start in the top left of the table and follow the guidance in each box. Once you have completed the top row, move down the table, completing one row at a time.  Throughout this chapter, we will look at different tools that can be applied to build a complete logframe and to understand how each of the logframe sections are important components for analysing and improving our work.

## Tool: စီမံကိန်းထဲသို့ သင့်စိတ်ကူးများထည့်သွင်းတည်ဆောက်ခြင်း

စိတ်ကူးအကြံတစ်ခုကို ဆုံးဖြတ်ချက်ချပြီးသည့်အခါ၊ သင်၏ စီမံကိန်းကို ဒီဇိုင်းဆွဲရန် ကျိုးကြောင်းခိုင်လုံသောမူဘောင် Tool ကို အသုံးပြုနိုင်သည်။ ကျိုးကြောင်းခိုင်လုံသောမူဘောင် (တခါတရံတင် Log Frame ဟုလည်းခေါ်ဆို)သည် အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့များမှ စီမံကိန်းကို ဒီဇိုင်းဆွဲရန် အသုံးများကြသော Tool တစ်ခုဖြစ်သည်။ ဇယား၏ ဘယ်ဖက်မှ စတင်ပြီး၊ ဇယားကွက်တစ်ခုစီရှိ လမ်းညွှန်ချက်များကို လိုက်နာပါ။ ထိပ်ပိုင်း Row ကို ဖြည့်စွက်ပြီးသည့်အခါ တစ်ကြိမ်တွင် Row တစ်ခုသာဖြည့်ပြီး ဇယားကွက်ကိုအောက်သို့ရွှေ့ပါ။

## Example Logical Framework Tool

| | Assumptions | Logic check |
|---|---|---|
| Impact / overall objective / goal<br>Write here what is the long-term impact on society that your project will contribute to. Remember that you cannot achieve this alone.<br>For example, “increase in tolerance among religious and community leaders in target area”. | Write here any assumptions such as on the cause of the problem you are seeking to address. For example, “Assumption that levels of tolerance are largely due to the guidance of religious and community leaders in target area”. | If we contribute to this impact, and our assumption is correct, will we solve the problem? This is where we formulate our theory of change For example, will this impact solve the problem identified using the Problem Tree Tool: “Hate speech and intolerance are common”? |
| Outcome / purpose / effect / immediate objective / results<br>Write here what will be achieved by the end of your project. This should be what your project alone achieves. It usually is a change in knowledge, attitudes, or behaviours.<br>For example, “increase in constructive and safe meetings between religious and community leaders in target area”. | Write here any assumptions such as on changes in knowledge, attitude, or behaviour.<br>For example, “Assumption that bringing religious and community leaders in the target area together constructively will change their attitude to one another”. | If we achieve these outcomes and our assumptions are correct, will we successfully contribute to the impact?<br>For example, will an increase in constructive meetings between religious and community leaders in the target area, and our assumption that attitudes will change as a result, contribute to increasing tolerance i? |
| Output<br>Write here what tangible things your project will deliver before the outcome is achieved. These are always countable.<br>For example, “10 religious and community leaders trained together in conflict resolution in the target area”. | Write here any assumptions such as on levels of participation and engagement. For example, “Assumption that religious and community leaders in the target area will fully participate and engage in the workshops”. | If we produce these outputs, and our assumptions are correct, will we achieve the outcome? For example, will training, and our assumption that participants will fully engage, result in more constructive meetings? |
| Activity<br>Write here what you will do step by step to deliver your outputs.<br>For example, “conduct three workshops”. | Write here any assumptions such as on attendance and whether anyone will try to stop your activities.<br>For example, “Assumption that religious and community leaders in the target area will attend the workshops”. | If we do these activities, and our assumptions are correct, will they produce the output?<br>For example, if we run the workshops, and our assumption that the leaders will attend is correct, will the workshops deliver trained leaders? |
| Input<br>Write here what you need to do the activities.<br>For example, “$1,000 and 2 project officers”. | Write here any assumptions such as internal issues.<br>For example, “Assumption that we can find skilled project officers”. | If we get these inputs, and our assumptions are correct, will the activities be possible to do?<br>For example, if we get the money, and assumption that we can find staff is correct, will it be possible to deliver the workshops? |

## ကျိုးကြောင်းခိုင်လုံသောမှုဘောင် Tool ဥပမာ

| | ယူဆချက်များ | ယုတ္တိဗေဒစစ်ဆေးမှု |
|---|---|---|
| ရေရှည်သက်ရောက်မှု/ ခြုံငုံရည် မှန်းချက် /ပန်းတိုင်<br><br>သင့်စီမံကိန်းမှ လူ့အဖွဲ့အစည်းပေါ်သို့ ဖြန့်ဝေမည့် ရေရှည်သက်ရောက်မှု ကိုရေးပါ။<br>သင် တစ်ဦးတည်းဖြင့် ဤရေရှည်သက်ရောက်မှု ကို အောင်မြင်အောင် လုပ်နိုင်လိမ့်မည် မဟုတ်ဆို သည်ကို သတိရပါ။<br>ဥပမာ – " ဦးတည်ဒေသအတွင်းရှိ မတူညီသော ဘာသာရေးနှင့် လူထုခေါင်းဆောင်များအကြား ရှိသည့် နားလည်းလက်ခံနိုင်စွမ်း မြင့်တက်လာ သည်။" | သင်ရှာဖွေစုံစမ်းနေသည့် ပြဿနာရပ်၏ အကြောင်းရင်းဆိုင်ရာ ထင်မြင်ယူဆချက် မှန်သမျှကို ချရေးပါ။<br>ဥပမာ – "ဘာသာရေးနှင့် လူမျိုးရေးခေါင်း ဆောင်များ၏ လမ်းညွှန်မှုကြောင့် သည်းခံ နိုင်စွမ်းအဆင့် ကြီးစွာမြင့်မားသည် ဟူ သောယူဆချက်" | အကယ်၍ ကျွန်ုပ်တို့မှ ဤရေရှည်သက်ရောက်မှုကို ဖြန့်ဝေနိုင်ပြီး၊ ကျွန်ုပ်တို့ ယူဆချက်များ မှန်ကန်ခဲ့သော် ကျွန်ုပ်တို့ ပြဿနာကို ဖြေရှင်းလိမ့်မလား။<br>ဥပမာ – "အမုန်းစကားနှင့် သည်းခံနိုင်စွမ်းမရှိခြင်းများ ကို တွေ့ရတတ်သည်။" ဆိုသည့် ပြဿနာသစ်ပင် Tool ကို အသုံးပြုပြီး သတ်မှတ်ထားသော ပြဿနာ ကို ဤရေရှည်သက်ရောက်မှုက အကျိုးပြုဖြေရှင်းနိုင် မည်လား။ |
| စီမံကိန်းအပြီးရလဒ်/ရည်ရွယ်ချက်/ သက်ရောက် မှု/ ချက်ချင်းရသည့် (အနီးကပ်)ရည်ရွယ်ချက်/ ရလဒ်<br><br>စီမံကိန်းအပြီးတွင်ရရှိမည့်အောင်မြင်မှုကို ရေးပါ ။ အကျိုးရလဒ်ဆိုသည်မှာ သင်တစ်ယောက်တည်း လုပ်ကိုင် အောင်မြင်မည့် အရာဖြစ်သည်။ အသိ ပညာပိုင်း၊ သဘောထားရပ်တည်ချက်ပိုင်း သို့မဟုတ် အပြုအမူပိုင်း အပြောင်းအလဲကိုရည် ရွယ်သည်။<br>ဥပမာ – "ဦးတည်ဒေသအတွင်းရှိ မတူညီသော ဘာသာရေးနှင့် လူမျိုးရေး ခေါင်းဆောင်များကြား အကျိုးပြုပြီး လုံခြုံသော အစည်းအဝေးပွဲများတိုး မြင့်လာသည်။" | အသိပညာပိုင်း၊ သဘောထား ရပ်တည် ချက်ပိုင်းသို့မဟုတ် အပြုအမူပိုင်း အပြောင်း အလဲအပေါ် ထင်မြင်ယူဆချက်များကို ရေး ချပါ။<br>ဥပမာ – "ဘာသာရေးနှင့် လူ့အဖွဲ့အစည်း ခေါင်းဆောင်များ မှ အပြုသဘောဖြင့် တစ်ဦးနှင့် တစ်ဦး သဘောထားရပ်တည် ချက်များကို ပြုပြင်ပေးမည် ဆိုသည့် ထင် မြင်ယူဆချက်" | အကယ်၍ ဤစီမံကိန်းအပြီး ရလဒ်များနှင့် ကျွန်ုပ်တို့၏ ယူဆချက်များ မှန်ကန်ပါက ရေရှည်အကျိုးသက် ရောက်မှုကို အောင်မြင်စွာ ပံ့ပိုးပေးနိုင်လိမ့်မလား။<br>ဥပမာ – ဘာသာရေးနှင့် လူ့အဖွဲ့အစည်း ခေါင်းဆောင် များကြား အပြုသဘောဆောင်သည့် အစည်းအဝေး များ တိုးမြှင့်ခြင်း နှင့် ရလဒ်အဖြစ် ရပ်တည်ချက် သဘောထားများ ပြောင်းလဲသွားလိမ့်မည် ဆိုသော ကျွန်ုပ်တို့ယူဆချက်က ဦးတည်ဒေသတွင် လူထု – အတွင်း သည်းခံနိုင်မှုတိုးမြှင့်ခြင်းအား ပံ့ပိုး ပေးလိမ့်မလား။ |
| လက်ငင်းရလဒ် Outcome ဟုခေါ်သော စီမံကိန်းအပြီးရလဒ်မတိုင်မီ သင့် စီမံကိန်းမှ ထွက်ရှိမည့် ထင်ရှားစွာတွေ့မြင်နိုင်သောအရာ များကို ရေးပါ။<br>ဤအရာများက အမြဲရေတွက်နိုင်ရမည်။<br>ဥပမာ – "ပဋိပက္ခဖြေရှင်းခြင်းသင်တန်းရရှိပြီးဖြစ် သောဘာသာရေးနှင့် လူမျိုးရေးခေါင်းဆောင် ၁၀ ဦး" | ပါဝင်မှုအဆင့်နှင့် ချိတ်ဆက်မှု အဆင့် အပေါ် ထင်မြင်ယူဆချက်များကို ဤနေရာတွင် ရေးပါ။<br>ဥပမာ – "ဘာသာရေးနှင့် လူမျိုးရေးခေါင်း ဆောင်များမှ အလုပ်ရုံ ဆွေးနွေးပွဲများတွင် ပြည့်ဝစွာ ပါဝင်တက်ရောက်ကြမည် ဟူ သော ထင်မြင်ယူဆချက်" | အကယ်၍ ဤလက်ငင်းရလဒ်များကို ထုတ်လုပ်ပြီး၊ ကျွန်ုပ်တို့ထင်မြင်ယူဆချက်များ မှန်ကန်လျှင် Outcome ဟုခေါ်သော စီမံကိန်းအပြီးရလဒ်ကို ရရှိအောင်မြင်မည်လား။<br>ဥပမာ – သင်တန်းနှင့် တက်ရောက်သူများမှ အပြည့် အဝချိတ်ဆက်မည်ဆိုသော ကျွန်ုပ်တို့ထင်မြင်ချက်က ပိုမိုအကျိုးဖြစ်ထွန်းစေသောတွေ့ဆုံပွဲများတွင်အကျိုး သက်ရောက်စေမလား။ |
| လှုပ်ရှားမှုသင့် လက်ငင်းအကျိုးရလဒ်များကို ဖြစ် ထွန်းစေရန် သင်မည်သည်တို့ကို အဆင့်ဆင့်လုပ် ဆောင်သွားမလဲ ဆိုတာ ဤနေရာတွင်ရေးပါ။<br>ဥပမာ – "အလုပ်ရုံဆွေးနွေးပွဲ ၃ ခု ပြုလုပ်သည်" | တက်ရောက်မှုနှင့် တစုံတဦးက သင့်လှုပ် ရှားမှုများကို ရပ်တံ့အောင် ကြိုးပမ်းမလား ဆိုသည့် ထင်မြင်ယူဆချက် မှန်သမျှကို ဤနေရာတွင်ရေးပါ။<br>ဥပမာ – "ဘာသာရေးနှင့် လူမျိုးရေးခေါင်း ဆောင်များမှ အလုပ်ရုံ ဆွေးနွေးပွဲများသို့ တက်ရောက်ကြလိမ့်မည် ဆိုသောယူဆ ချက်" | အကယ်၍ ဤလှုပ်ရှားမှုများကို ပြုလုပ်ပြီး၊ကျွန်ုပ်တို့ ယူဆချက်များ မှန်ကန်လျှင် လက်ငင်းအကျိုးရလဒ် များကို ထုတ်လုပ်လာနိုင်မလား။<br>ဥပမာ – အလုပ်ရုံဆွေးနွေးပွဲများကို ကျွန်ုပ်တို့ ကျင်းပ ပြီးခေါင်းဆောင်များ တက်ရောက်ကြလိမ့်မည် ဆို သောကျွန်ုပ်တို့ ယူဆချက်မှန်လျှင် အလုပ်ရုံဆွေးနွေး ပွဲများမှလေ့ကျင့်ထားပြီးသော ခေါင်းဆောင်များ ထွက် ရှိလာ နိုင်မလား။ |
| ထည့်ဝင်မှု လှုပ်ရှားမှုများကိုဆောင်ရွက်ရန် သင် ဘာလိုအပ်သည်ကိုဤနေရာတွင်ရေးပါ။<br>ဥပမာ – "ဒေါ်လာ ၁၀၀၀ နှင့် စီမံကိန်း အရာရှိ ၂ ဦး" | အတွင်းဘက်ပြဿနာများ စသည့် ယူဆ ချက်များကို ဤနေရာတွင်ရေးပါ။<br>ဥပမာ – "ကျွမ်းကျင်မှုရှိသော စီမံကိန်းအရာ ရှိ ၂ ဦးကို ကျွန်ုပ်တို့ရှာတွေ့နိုင်သည် ဟူ သော ယူဆချက်" | အကယ်၍ ဤထည့်ဝင်မှုများကို ရရှိပြီး၊ ကျွန်ုပ်တို့ယူဆ ချက်များ မှန်ကန်လျှင် ဤလှုပ်ရှားမှုများကို လုပ်ဆောင် ရန် ဖြစ်နိုင်ချေရှိသလား။<br>ဥပမာ – အကယ်၍ပိုက်ဆံရရှိပြီးဝန်ထမ်းများကိုကျွန်ုပ် တို့ ရှာတွေ့နိုင်သည် ဟူသော ယူဆချက် မှန်လျှင် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပဖို့ရန် ဖြစ်နိုင်ချေ ရှိ သလား။ |

## Step two: Setting realistic targets and indicators

The purpose of monitoring and evaluation is to compare the change that you originally planned with the change that happens. This means that a well-designed counter-hate speech project needs to include indicators that measure the amount of change that happens and then compares that to previously set targets. This chapter introduces indicators and targets for counter-hate speech projects and in cludes tools to develop and perfect yours.

### What are indicators?

Indicators are just tools for measuring change and are found everywhere in life, such as a thermometer which measures changes in temperature, or an accounts book that measures a business's income. Indicators are fundamental to all projects because they are what we use to monitor and evaluate. Without indicators, we would never know whether our counter-hate speech projects are affecting change.

Indicators need to be created when designing a project so that they can be used to measure the situation before starting any of the project activities – this is called a "baseline" measurement. Once an indicator is designed and a baseline measurement has been taken, a measurement of what the indicator needs to show at the end of the project must be decided – this is called a "target".

## အဆင့်နှစ်။ လက်တွေ့ကျသော ရည်မှန်းချက်များနှင့် အညွှန်းကိန်းများ တည် ဆောက်ခြင်း

လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်မှာ သင်မူလ ရည်ရွယ်ထားသည့် ပြောင်းလဲခြင်း နှင့် ဖြစ်ပေါ်လာသည့် ပြောင်းလဲခြင်းကို နှိုင်းယှဉ်ဖို့ရန် ဖြစ်သည်။ ဆိုလိုသည်မှာ ကောင်းစွာဒီဇိုင်းချထားသော အမုန်းစကားဆန့်ကျင်တန်ပြန်ရေး စီမံကိန်းတစ်ခု၌ ပြောင်းလဲဖြစ်ပေါ်လာပြီးနောက် ယင်းကို ယခင်ချမှတ်ထားခဲ့သော ရည်ညွှန်းအကျိုးရလဒ်များနှင့် နှိုင်းယှဉ်ထားသည့် အပြောင်းအလဲပမာဏကို သည့် တိုင်းတာရန် အညွှန်းကိန်းများကို ထည့်သွင်းရေးဆွဲရမည် ဖြစ်သည်။ ဤအခန်းတွင် အမုန်းစကားဆန့်ကျင်တန်ပြန်ရေး စီမံကိန်းများအတွက် အညွှန်းကိန်းနှင့် ရည်ညွှန်အကျိုးရလဒ် များ ကို မိတ်ဆက်ပေးမည်ဖြစ်ပြီး၊ သင်၏ အညွှန်းကိန်းနှင့် ရည်ရွယ်ချက်များကို ပြည့်စုံစွာတည်ဆောက်နိုင်ရန် Tool များထည့်သွင်းထားပါသည်။

## အညွှန်းကိန်းဆိုတာ ဘာလဲ

အညွှန်းကိန်းဆိုသည်မှာ အပြောင်းအလဲများကို တိုင်းတာရန်Tool များဖြစ်ကြပြီး၊ ယင်းကို အပူချိန်အတက်အကျကို တိုင်းတာသည့် သာမိုမီတာ (သို့မဟုတ်) လုပ်ငန်းဝင်ငွေကို တိုင်းတာသည့် စာရင်းအကောင့်စာအုပ် စသဖြင့် လူမှုဘဝရှိ နေရာတိုင်းတွင် တွေ့ရှိနိုင်ပါသည်။ အညွှန်းကိန်းများသည် လေ့လာစောင့်ကြည့်ရန် နှင့် ဆန်းစစ်အကဲဖြတ်ရန် ကျွန်ုပ်တို့ သုံးစွဲသည့် အရာများဖြစ်သောကြောင့် စီမံကိန်းများအားလုံးအတွက် ယင်းတို့က အခြေခံဖြစ်သည်။ အညွှန်းကိန်းများ မပါဝင်ဘဲ၊ ကျွန်ုပ်တို့၏အမုန်းစကားဆန့်ကျင်တန်ပြန်ရေး စီမံကိန်းများက အပြောင်းအလဲကို ထိရောက်စေသလား ဆိုသည် ကို မသိနိုင်ပါ။

စီမံကိန်းလှုပ်ရှားမှုများ မစတင်မီ အခြေအနေများကို တိုင်းတာရန် အညွှန်းကိန်းများကို စီမံကိန်းပုံစံရေးဆွဲစဉ်တည်းက တည်ဆောက်ရန်လိုအပ်သည်။ ယင်းကို "အခြေခံမျဉ်း" တိုင်းတာချက် ဟုခေါ်ဆိုသည်။ အညွှန်းကိန်းတစ်ခုကို ပုံဖော်ပြီး အခြေခံမျဉ်းတိုင်းတာချက်တစ်ခုကို ချမှတ်ပြီးပြီဆိုလျှင် စီမံကိန်းအဆုံးတွင် မည်သည့်အညွှန်းကိန်းကို ပြသရန် လိုအပ်သလဲ ဆိုသည့် တိုင်းတာချက်တစ်ခု - ကို ဆုံးဖြတ်ရမည်။ ယင်းကို "Target" ရည်ညွှန်းအကျိုးရလဒ် ဟုခေါ်သည်။

The indicator should be monitored during the project to check whether the final target is likely to be reached or not, and if not, the project activities can be adjusted. At the end of the project, the indicator is checked to get the final result and see whether the target has been reached or not, to complete the evaluation.

Developing indicators takes time and can be difficult for projects countering hate speech because it is difficult to measure trust, tolerance, and reconciliation. However, you should:

- Be clear about the way that you and your organisation make change – what approach do you normally take?
- Check whether your organisation has already developed some useful indi cators that can be reused
- Ask stakeholders what they think best shows that the situation is changing – try asking victims of hate speech what needs to change and how they would see that it has changed
- Break hate speech down into smaller parts and measure them
- Consider measuring victims' social capital – how would their relationships and networks change if hate speech was reduced?

နောက်ဆုံး ရည်ညွှန်းအကျိုးရလဒ်ကို ရောက်နိုင်ချေ ရှိ မရှိကို စစ်ဆေးရန် အညွှန်းကိန်းကို စီမံကိန်းကာလ တလျှောက်လုံးတွင် စောင့်ကြည့်လေ့လာနေရမည် ဖြစ်သည်။ ရည်ညွှန်းအကျိုး ရလဒ်ကို မရောက်ရှိလျှင် စီမံကိန်းလုပ်ရှားမှုများကို ချိန်ညှိရမည် ဖြစ်သည်။ စီမံကိန်းအဆုံးသတ်တွင်နောက်ဆုံးရလဒ်နှင့်ရည်ညွှန်းအကျိုးရလဒ်ကိုရောက်ရှိပြီးဖြစ်မဖြစ်ကိုသိရှိရန်နှင့်၊အကဲဖြတ်ဆန်းစစ်ခြင်းကို ပြီးမြောက်နိုင်ရန် အညွှန်းကိန်း ကို စစ်ဆေးရမည် ဖြစ်သည်။

ယုံကြည်မှု၊ သည်းခံမှု နှင့် ပြန်လည်ပေါင်းစည်းရေးတို့ကို တိုင်းတာရန် ခက်ခဲသဖြင့် အမုန်းစကားဆန့်ကျင်တန်ပြန်ရေး စီမံကိန်များ အတွက် အညွှန်းကိန်းများတည်ဆောက်ရန်မှာ အချိန်ယူရသလို၊ ခက်ခဲမှုလည်း ရှိပေသည်။ မည်သို့ပင်ဆိုစေ သင်ပြုလုပ်သင့်သည်များမှာ -

- သင် နှင့် သင့်အဖွဲ့အစည်းမှ ပြောင်းလဲခြင်း ဖြစ်စေမည့် နည်းလမ်းကို ရှင်းလင်းပါစေ – မည်သည့် ချဉ်းကပ်ပုံ ကို ပုံမှန် အသုံး ပြုလေ့ရှိသလဲ။
- ပြန်လည်အသုံးပြုနိုင်မည့် အသုံးဝင်သော အညွှန်းကိန်းတချို့ကို သင့်အဖွဲ့အစည်းက တည်ဆောက်ပြီးပြီလား ဆိုသည်ကို စစ်ဆေးပါ။
- အခြေအနေပြောင်းလဲနေသည်ကို ပြသသည့် အကောင်းဆုံးဟု ပါဝင်သူများမှ ထင်မြင်သည့်အရာကို မေးပါ– ဘာကို ပြောင်းလဲချင်သလဲ နှင့် အပြောင်းအလဲကို မည်သို့မြင်နိုင်မလဲ ဆိုသည့် မေးခွန်းများကို အမုန်းစကား၏သားကောင်များအား မေးဖို့ကြိုးစားပါ။
- အမုန်းစကားကို အစိတ်အပိုင်းငယ်များအဖြစ်သို့ ဖြိုခွဲပြီး၊ ၎င်းတို့ကို တိုင်းတာပါ။
- သားကောင်များ၏ ပုဂ္ဂိုလ်ရေးကွန်ယက် ကို ထည့်သွင်းစဉ်းစားပါ– အကယ်၍ အမုန်းစကားလျှော့ချနိုင်လျှင် ၎င်းတို့၏ ဆက်ဆံရေးများနှင့် ကွန်ယက်ချိတ်ဆက်မှု အပြောင်းအလဲက ဘယ်လိုဖြစ်မလဲ။

## Tip: Developing indicators



The most common reason indicators are hard to create is because what you are trying to achieve is not written clearly enough. For example, it would be very hard to make an indicator for “people are more tolerant” because it is not clear which people you mean, where they are, or of what they need to be more tolerant of. Before you write your indicator, check that what you want to achieve is SMART:

- Specific – is it precise and specific?
- Measurable – can you quantify it?
- Achievable – do you have the knowledge and skills required?
- Realistic –is it possible with the time and resources available to you
- Timebound-have you set a time period?

## အကြံပြုချက် - အညွှန်းကိန်း တည်ဆောက်ခြင်း



အညွှန်းကိန်းများကို ပြုလုပ်ရန် ခက်ခဲသည့် လူသိအများဆုံး အကြောင်းပြချက်မှာ သင်ဘာကို အောင်မြင်ရရှိချင်သလဲ ဆိုသည်ကို ရှင်းလင်းစွာ မရေးထားသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် "လူများက ပိုမိုသည်းခံကြသည်" ဟူသည့် အပြောင်းအလဲ အတွက် အညွှန်းကိန်းတစ်ခုကို ဖန်တီးရန် လွန်စွာခက်ခဲလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်လူပုဂ္ဂိုလ်၊ ဘယ်နေရာ က လူပုဂ္ဂိုလ်၊ သို့မဟုတ် ၎င်းတို့ပိုမိုသည်းခံနိုင်စွမ်းများရှိလာဖို့ မည်သည်တို့ကို လိုအပ်ကြောင်း မရှင်းလင်းသောကြောင့် ဖြစ်သည်။ သင့်အညွှန်းကိန်းများကို မရေးခင် သင် အောင်မြင်ရရှိလိုသည်များကို SMART ဖြစ် မဖြစ် စစ်ဆေးပါ။

၎င်းတို့မှာ -

- တိကျရမည်
- တိုင်းတာနိုင်ရမည်
- အောင်မြင်နိုင်စရာဖြစ်ရမည်
- လက်တွေ့ကျရမည်
- အချိန်ကိုက်ဖြစ်နိုင်ရမည်

## Tool: Designing your indicators, baseline and target

It is important that indicators, baselines, and targets include their necessary parts, otherwise they will be very hard to use. This tool explains what indicators, baselines and targets must include to be useful and measurable.

| Example Indicator Parts Tool | | |
|---|---|---|
| **Indicator includes…** | **Baseline includes…** | **Target includes…** |
| What will be measured.<br>What unit of measurement will be used.<br>What is the intended place or population. | The measurement or situation before the project starts. | The timeframe.<br>The measurement or situation aimed for by the end of the project. |
| For example, "The number of comments on Mandalay mosque's Facebook page that include hate speech". | For example, "10 comments per week". | For example, "5 comments per week by 1 January 2019". |

Once an indicator has all the necessary parts, it is important to check whether it is good quality. This tool includes questions to test the indicator's quality. A good indicator will answer "yes" to every question.

## Tool: သင်၏အညွှန်းကိန်းများ၊ အခြေခံမျဉ်း နှင့် ရည်ညွှန်းချက်ရလဒ်များကို ပုံစံချခြင်း

အညွှန်းကိန်း၊ အခြေခံမျဉ်းများ နှင့် ရည်ညွှန်းချက်ရလဒ်များထဲတွင် လိုအပ်သော အစိတ်အပိုင်းများ ထည့်သွင်းရန်အရေးကြီးသည်။ မဟုတ်လျှင် အသုံးပြုရခက်ခဲလိမ့်မည်။ အသုံးဝင်စေရန်နှင့် တိုင်းတာ၍ရစေရန် မည်သည့်အညွှန်းကိန်း၊ အခြေခံမျဉ်းများနှင့် ရည်ညွှန်းချက်ရလဒ်များကို ထည့်သွင်းရမည့်အကြောင်း ယခု Tool မှ ရှင်းပြမည်ဖြစ်သည်။


| **အညွှန်းကိန်းအစိတ်အပိုင်းများ Tool ဥပမာ** | | |
|---|---|---|
| အညွှန်းကိန်းတွင် ပါဝင်ရမည်မှာ ... | အခြေခံမျဉ်းတွင် ပါဝင်ရမည်မှာ ... | ရည်ညွှန်းချက်ရလဒ်တွင် ပါဝင်ရမည်မှာ ... |
| ဘာကိုတိုင်းတာမလဲ။<br>မည်သည့် အတိုင်းအတာယူနစ်ကို အသုံးပြုမလဲ။<br>ရည်ရွယ်ထားသည့် နေရာသို့မဟုတ် လူဦးရေက ဘာလဲ။ | စီမံကိန်းမစတင်မီက အတိုင်းအတာ သို့မဟုတ် အခြေအနေ | သတ်မှတ်ထားသောအချိန်ကာလတစ်ခုစီမံကိန်းအပြီး အတွက် ရည်ရွယ်ထားသည့် အတိုင်းအတာ သို့မဟုတ် အခြေအနေ |
| ဥပမာ - "အမှန်းစကားများပါဝင်သည့် ဦးတည်နေရာအတွင်းရှိဖေ့စ်ဘွတ်ခ် စာမျက်နှာပေါ်ရှိထင်မြင်ယူဆချက် ကွန်မန့်များအရေအတွက်" | ဥပမာ - "၁ပတ်တွင် ထင်မြင်ယူဆချက် ကွန်မန့် ၁၀ ခု" | ဥပမာ - "ဇန်နဝါရီလ ၁ ရက် ၂၀၁၉ ခုနှစ် အထိ ၁ပတ်တွင် ထင်မြင်ချက်ကွန်မန့် ၅ ခု" |

အညွှန်းကိန်းတစ်ခုတွင်လိုအပ်သောအစိတ်အပိုင်းအားလုံးပါရှိပြီးသည့်အခါကောင်းမွန်လုံလောက်သောအရည်အသွေးရှိရဲ့လားဆိုသည်ကို စစ်ဆေးရန် အရေးကြီးသည်။ အညွှန်းကိန်း၏ အရည်အသွေးကို စမ်းသပ်ရန် မေးခွန်းများအား ဤ Tool က ထည့်သွင်းထားသည်။ ကောင်းမွန်သော အညွှန်းကိန်းတစ်ခုက မေးခွန်းတိုင်းကို "Yes" ဟု ဖြေမည်သာ ဖြစ်သည်။

| Example Indicator Quality Tool | | | |
|---|---|---|---|
| **Proposed indicator** | **Reliability** | **Feasibility** | **Utility in decision-making** |
| Write here your proposed indicator. Make sure it includes what will be measured, what unit will be used, and what is the intended place or population. | It is credible (believable) [ ] If different people use it, they will get the same answer [ ] It does not include assumptions [ ] | It is viable (possible) [ ] We can get the information needed [ ] Our team has or will have the capacity to use it [ ] It is not too complicated [ ] | The information it measures is linked to a key decision [ ] The information it measures is important for decision-making [ ] |
| For example, "The number of comments on a particular religious group's Facebook page that include hate speech". | It is credible because the information and source (Facebook) is believable as true. Different people will get the same answer. It includes no assumptions. | It is viable because it is possible to carry out. We can get the information from Facebook. We have the capacity to get the information. It is easy to do. | The comments show people's attitude and decision making around hate speech because if they are tolerant they will decide not to comment with hate speech. |

| အညွှန်းကိန်းအရည်အသွေး **Tool** ဥပမာ | | | |
|---|---|---|---|
| ကြံ့ရွယ်ထားသည့် အညွှန်းကိန်း | ယုံကြည်လောက်ဖွယ်ရှိခြင်း | အလုပ်ဖြစ်နိုင်ခြင်း | ဆုံးဖြတ်ချက်ချရာတွင် ပြည့်ဝသော အရည်အသွေး |
| သင်၏ကြံ့ရွယ်ထားသည့် အညွှန်းကိန်းကို ဤနေရာတွင် ချရေးပါ။ ယင်းအညွှန်းကိန်း တွင် ဘာကို တိုင်းတာမည်၊ ဘယ်အတိုင်းအတာယူနစ်ကို အသုံးပြုမည် နှင့် ရည်ရွယ် ထားသည့် နေရာ နှင့် လူဦးရေ ကို ထည့်သွင်းထားကြောင်း သေချာပါစေ။ | ယင်းမှာ ယုံကြည်လောက်စရာ ဖြစ်သည်။ [ ]<br><br>အကယ်၍ မတူညီသော လူများကအသုံးပြုလျှင်လည်း ၎င်းလူများတွင် အဖြေ တစ်ခုတည်းရလိမ့်မည်။ [ ]<br><br>ယင်းတွင် ယူဆချက်များ မပါဝင် ပါ။ [ ] | ယင်းမှာ ဖြစ်နိုင်ချေရှိသည်။ [ ]<br>ကျွန်ုပ်တို့လိုအပ်သည့် သတင်း အချက်အလက်ရနိုင်သည်။ [ ]<br>ကျွန်ုပ်တို့ အဖွဲ့က ယင်းကို အသုံးပြုနိုင် ခြင်း အင်အားအလုံအလောက် ရှိသည် (သို့) ရှိလာမည်။<br>လွန်ကဲစွာ ရှုပ်ထွေးခြင်း မရှိပါ။ [ ] | တိုင်းတာသည့် သတင်းအချက်အလက် သည် အဓိကဆုံးဖြတ်ချက်ချခြင်းနှင့် ချိတ်ဆက်နေသည်။ [ ]<br>တိုင်းတာသည့် သတင်းအချက်အလက် က အရေးကြီးသည်။ [ ] |
| ဥပမာ – "ဘာသာရေး အသင်းအဖွဲ့တစ်ခုခု၏ ဖေ့ဘွတ်ခ် စာမျက်နှာပေါ်ရှိ ထင်မြင်ယူဆချက် ကွန်မန့်များ အရေအတွက်" | သတင်းအချက်အလက်နှင့် ရင်းမြစ်ဖြစ်သော ဖေ့စ်ဘွတ်ခ် သည် အမှန်အဖြစ် ယုံကြည်နိုင် စရာဖြစ်သည်။<br>မတူညီသော လူများသည်လည်း အဖြေတစ်ခုတည်းပင်ရလိမ့် မည်။၎င်းတွင် ယူဆချက်များ မပါဝင်ပါ။ | ဆောင်ရွက်ရန် ဖြစ်နိုင်သောကြောင့် ယင်းမှာ အလုပ်ဖြစ်နိုင်ချေရှိသည်။ ဖေ့စ်ဘွတ်ခ်မှ သတင်းအချက် အလက် များ ရနိုင်သည်။သတင်းအချက် အလက်များ ရယူရန် ကျွန်ုပ်တို့တွင် စွမ်းရည်ရှိသည့် လုပ်ကိုင်ဖို့ရန် လွယ်ကူသည်။ | လူများ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း ကို ထင်မြင်ချက်ကွန်မန့်များက ပြသသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ထိုသူများ သည်းခံနိုင်လာလျှင် အမုန်းစကားထင်မြင်ချက်ကွန်မန့် များမပေးတော့ရန် ဆုံးဖြတ်ကြမည် ဖြစ်သောကြောင့်ပင်။ |


## Tip: Setting targets




Every indicator needs a target and setting targets can be difficult because they need to be big enough to be worthwhile, but not so big as to be unachievable. It is also hard because we often do not know what is achievable until we have started. Consider these tips before you set the target:

- Make sure you know the current situation well (the baseline)
- Talk to your key stakeholders (see the Stakeholder Analysis Tool to work out who they are)
- Ask other organisations doing similar work (in Myanmar or abroad) to see what they have found
- Discuss with your experienced staff or previous staff to see what they think
- Always remember your capacity, including budget, staff, and technical skills
- Keep talking with your donor throughout the project – they are often happy to hear that you are regularly reflecting on what is achievable, because it shows that you are keen to learn.

## အကြံပြုချက် - ရည်ညွှန်းချက်ရလဒ်များ ချမှတ်ခြင်း




အညွှန်းကိန်းတိုင်းတွင် ရည်ညွှန်းချက်ရလဒ်တစ်ခု လိုအပ်ပြီး၊ ရည်ညွှန်းချက်ရလာဒ်များ ချမှတ်ခြင်းက ခက်ခဲသည်။ အဘယ် ကြောင့်ဆိုသော် ရည်ညွှန်းချက်ရလဒ်များသည် အသုံးဝင်စေရန် ကြီးမားဖို့ လိုအပ်သော်လည်း အောင်မြင်မှုရရှိနိုင်စေရန် အရမ်း ကြီးမား၍မဖြစ်သောကြောင့်ပင်။ ကျွန်ုပ်တို့ စတင်မပြီးမချင်း ဘယ်အရာကတော့ဖြင့် အောင်မြင်မှုရနိုင်သည်ကို မကြာခဏဆိုသလို မသိနိုင်သောကြောင့် ခက်ခဲမှုလည်း ရှိပါသည်။ ရည်ညွှန်းချက်ရလဒ်များကို မချမှတ်ခင် ဤအကြံပြုချက်များကို ထည့်သွင်းစဉ်းစားပါ။

- လက်ရှိအနေအထားကို သင်ကောင်းစွာ နားလည်ကြောင်း သေချာပါစေ။ (အခြေခံမျဉ်း)
- သင်ရဲ့အဓိက ပါဝင်သူများနှင့် စကားပြောပါ (ပါဝင်သူများကို သတ်မှတ်ရန် ပါဝင်သူများအား လေ့လာစိတ်ဖြာခြင်း Tool ကို ကြည့်ပါ။)
- အခြားသူများရှာဖွေတွေ့ရှိထားသည်များကိုလေ့လာနိုင်ရန် ဆင်တူသောအလုပ်ကိုလုပ်ကိုင်နေသည့် (ပြည်တွင်းပြည်ပမှ) အခြား အဖွဲ့အစည်းများကို မေးပါ။
- သင်၏အတွေ့အကြုံရှိသော ဝန်ထမ်းများသို့မဟုတ် ဝန်ထမ်းဟောင်းများနှင့် ယင်းတို့ဘယ်လိုထင်မြင်သည်ကိုဆွေးနွေးပါ။
- ဘဏ္ဍာရေး၊ ဝန်ထမ်း နှင့် နည်းပညာကျွမ်းကျင်မှုများ အပါအဝင် သင့်စွမ်းရည်ကို အမြဲ သတိရပါ။
- စီမံကိန်းတလျှောက်လုံး သင့် အလှူရှင်နှင့် စဉ်ဆက်မပြတ်ပြောဆို ဆွေးနွေးပါ။ အောင်မြင်နိုင်ချေဖြစ်မှု အပေါ် သင် ပုံမှန် ထပ်ဟပ်နေသည်ကို ကြားသိရန် အလှူရှင်များ ပျော်ရွှင်ကြပါသည်။ အဘယ်ကြောင့် ယင်းအချက်က သင်သည် သင်ယူရန်စိတ်အား ပြင်းပြနေကြောင်း ပြသနေသောကြောင့်ဖြစ်သည်။

## Tool: Quantitative and qualitative indicators and targets

Indicators can be either "quantitative" or "qualitative" measures of change. Quantitative indicators measure the quantity or amount of change, like a ruler measures distance or a thermometer measures temperature. Qualitative indicators measure changes of judgement or belief, like a doctor judges health or a court judges a crime. Good projects include both quantitative and qualitative indicators because it makes your evaluation much richer and deeper. This tool can be used to design your qualitative and quantitative indicators, targets, and baseline.

For example:

Qualitative indicator: How safe people feel in a particular area

Quantative indicator: The number of violent attacks documented against a minority in a particular area

| **Example Qualitative and Quantitative Indicators Tool** | | |
|---|---|---|
| | **Example indicator 1** | **Example indicator 2** |
| Indicator (tool for measuring) | The number of comments on Mandalay mosque's Facebook page that include hate speech. | The extent to which counter comments on Mandalay mosque's Facebook page promote tolerance. |
| Type of data | Quantitative (numbers) | Qualitative (judgements) |
| Baseline (measurement you get at the start of the project) | 10 comments per week. | 0% of Facebook page visitors post positive counter comments to denounce the hate speech on the page |
| Target (measurement you want to get at the end of the project) | 5 comments per week by 1 January 2019. | 60% of Facebook page visitors who post positive counter comments to denounce the hate speech on the page by 1 January 2019. |
| Result (measurement you get at the end of the project) | 3 comments per week. | 40% of Facebook page visitors post positive counter comments to denounce the hate speech on the page by 1 January 2019. |

## Tool: အရေအတွက်ပြနှင့်အရည်အသွေးပြ အညွှန်းကိန်းများနှင့် ရည်ညွှန်း ချက်ရလဒ်များ

အညွှန်းကိန်းများသည် အရေအတွက်ပြ သို့မဟုတ် အရည်အသွေးပြ ပြောင်းလဲမှုအတိုင်းအတာ တစ်ခုမဟုတ်တစ်ခု ဖြစ်နိုင်သည်။ အရေအတွက်ပြ အညွှန်းကိန်းများသည် အကွာအဝေးကို တိုင်းတာသည့် ပေတံနှင့် အပူချိန်ကို တိုင်းတာသည့် သာမိုမီတာကဲ့သို့ အရည်အသွေး သို့မဟုတ် အပြောင်းအလဲ ပမာဏကိုတိုင်းတာသည်။ အရည်အသွေးပြ အညွှန်းကိန်းများကတော့ ဆရာဝန်မှ ကျန်းမာရေးကို ဆုံးဖြတ်ခြင်းနှင့် တရားသူကြီးမှ အမှုကို ပိုင်းခြားဆုံးဖြတ်သကဲ့သို့ ဆုံးဖြတ်ချက် သို့မဟုတ် ယုံကြည်ချက်ပြောင်းလဲမှုကို တိုင်းတာသည်။ ကောင်းမွန်သော စီမံကိန်းများတွင် အရေအတွက်ပြနှင့် အရည်အသွေးပြ အညွှန်းကိန်း ၂ မျိုးလုံးကို ထည့်သွင်းထားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းက သင့် အကဲဖြတ်ဆန်းစစ်ခြင်းကို ပိုမိုကြွယ်ဝနက်ရှိုင်းစေသောကြောင့် ဖြစ်သည်။ ဤ Tool ကို သင်၏ အရည်အသွေးနှင့် အရေအတွက်ပြ အညွှန်းကိန်းများ၊ ရည်ညွှန်းရလဒ်နှင့် အခြေခံမျဉ်းကို ဒီဇိုင်းဆွဲရန် အသုံးပြုနိုင်သည်။

ဥပမာ

အရည်အသွေးပြ အညွှန်းကိန်း - - - - - ► သတ်မှတ်ထားသော ဒေသအတွင်း လူတွေ၏ လုံခြုံမှုအပေါ် ခံစားမှု


အရေအတွက်ပြ အညွှန်းကိန်း - - - - - ► သတ်မှတ်ထားသော ဒေသအတွင်း လူနည်းစုများအပေါ် ကျူးလွန်သော်အကြမ်းဖက်မှု အရေအတွက်

| အရည်အသွေးနှင့် အရေအတွက်ပြ အညွှန်းကိန်းများ **Tool** ဥပမာ | | |
|---|---|---|
| | **အညွှန်းကိန်း ဥပမာ ၁** | **အညွှန်းကိန်း ဥပမာ ၂** |
| အညွှန်းကိန်း (တိုင်းတာရန် Tool) | အမုန်းစကားများပါဝင်သည့် မန္တလေးဗလီ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ရှိ ထင်မြင်ယူဆချက် ကွန်မန့်များ အရေအတွက် | မန္တလေးဗလီ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ရှိ မတူကွဲပြားမှုအား သည်းခံနိုင်စွမ်းကို တိုးမြှင့်သည့် အမုန်းစကား ဆန့်ကျင်တန်ပြန်သော ထင်မြင်ချက်ကွန်မန့်များ ပမာဏ |
| အညွှန်းကိန်းအမျိုးအစား | အရေအတွက်ပြ (နံပါတ်များ) | အရည်အသွေးပြ (ဆုံးဖြတ်ချက်များ) |
| အခြေခံမျဉ်း (စီမံကိန်းအစတွင် သင်ရရှိသော အတိုင်းအတာ) | ၁ ပတ်တွင် ထင်မြင်ချက် ၁၀ ခု | မတူကွဲပြားမှုအား သည်းခံနိုင်စွမ်းကို တိုးမြှင့်သည့် အမုန်းစကားဆန့်ကျင်တန်ပြန်သော ထင်မြင်ချက်ကွန်မန့်များ ဥပမာ သုညအရေအတွက် |
| ရည်ညွှန်းချက်ရလဒ် (စီမံကိန်းအဆုံးတွင် သင်ရရှိလိုသော အတိုင်းအတာ) | ၁ရက် ဇန်နဝါရီလ ၂၀၁၉ခုနှစ် အထိ ၁ ပတ်လျှင် ထင်မြင်ချက်ကွန်မန့် ၅ ခု | ၁ရက် ဇန်နဝါရီလ ၂၀၁၉ခုနှစ် အထိ အမုန်းစကားတစ်ခုစီ အတွက် သည်းခံနိုင်စွမ်းကို တိုးမြှင့်သည့် ထင်မြင်ချက် ကွန်မန့် ၁ ခု |
| ရလဒ် (စီမံကိန်းအဆုံးတွင် သင်ရရှိသည့် အတိုင်းအတာ) | ၁ ပတ်လျှင် ထင်မြင်ချက်ကွန်မန့် ၃ ခု | အမုန်းစကားကွန်မန့်တစ်ခုစီအတွက် ဆန့်ကျင်တန်ပြန်သော ကြမ်းတမ်းသည့် ထင်မြင်ချက်ကွန်မန့် ၁ ခု<br>1 January 2019. |

Example Indicator 1 shows that the project was more successful than expected because it clearly reduced the number of hate speech comments and beat the target. Example Indicator 2 shows that the project was less successful than expected because althought there was a 40% increase in the percentage of Facebook page visitors who posted positive counter comments to denounce the hate speech on the page, the project did not reach the targeted 60% increase.

အမုန်းစကားထင်မြင်ချက်ကွန်မန့်အရေအတွက် သိသာစွာလျော့ကျသွားပြီး ရည်ညွှန်းချက်ရလဒ်ကို ထိသွားသောကြောင့် စီမံကိန်းက မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင်ကြောင်း ဥပမာအညွှန်းကိန်း ၁ က ပြသသည်။ အမုန်းစကားထင်မြင်ချက်ကွန်မန့် တစ်ခုစီက ဆန့်ကျင်တန်ပြန်သည့် ကွန်မန့်တစ်ခု ရရှိသော်လည်း ၎င်းတို့မှာ ကြမ်းတမ်းပြီး မတူကွဲပြားမှုအပေါ်သည်းခံစွမ်းရည် မတိုးမြှင့်ခဲ့သည့်အတွက် စီမံကိန်းမှာ မျှော်လင့်ထားသည်အောက် အောင်မြင်မှုလျော့နည်းသွားကြောင်း ဥပမာအညွှန်းကိန်း ၂ က ပြသသည်။


## Tip: Monitoring indicators




In a well-managed project, indicators are monitored throughout the project cycle. Indicators are the best source for finding out whether a project is going according to plan or not, and checking regularly (every month or quarter) so that you can adjust the project if needed, can save you from a lot of problems later. Most projects that fail do so because no one has checked the indicators.

In the example shown in the above table, if the indicator was being checked regularly, you would spot that Example Indicator 2 was unlikely to reach the target, and you could adjust the project to make it more likely.

## အကြံပြုချက် – လေ့လာစောင့်ကြည့်ခြင်း အညွှန်းကိန်းများ




ကောင်းစွာစီမံခန့်ခွဲထားသည့် စီမံကိန်းတစ်ခုတွင် အညွှန်းကိန်းများကို စီမံကိန်းအဆုံးသတ်ရောက်မှ စောင့်ကြည့်လေ့လာခြင်းမဟုတ်ဘဲ တလျှောက်လုံး စောင့်ကြည့်လေသည်။ စီမံကိန်းတစ်ခု ကြိုတင်ပြင်ဆင်တော့မလားဆိုသည်ကို သိရှိရန်နှင့်၊ လစဉ် သို့မဟုတ် လေးလတစ်ကြိမ် စစ်ဆေးရန်အတွက် အညွှန်းကိန်းများမှာ အကောင်းဆုံး ရင်းမြစ်များ ဖြစ်လေသည်။ စီမံကိန်းကို လစဉ် သို့မဟုတ် ၄ လတစ်ကြိမ် စစ်ဆေးခြင်းက လိုအပ်လျှင် စီမံကိန်းကို ညှိလို့ရစေပြီး နောက်ပိုင်းတွင်လည်း ပြဿနာအမြောက်အများကို သက်သာစေနိုင်သည်။ မည်သူကမျှ အညွှန်းကိန်းများကို မစစ်ဆေးသောကြောင့် စီမံကိန်းအတော်များများမှာ ထိုသို့ စီမံကိန်းကို ညှိနှိုင်းခြင်း၊ နောက်ဆက်တွဲပြဿနာများကို ရှောင်ရှားနိုင်ခြင်းများကို မပြုလုပ်နိုင်ကြချေ။ အထက်ပါဇယားကွက်တွင် ပြသထားသော ဥပမာတွင် အကယ်၍ အညွှန်းကိန်းကို ပုံမှန်စစ်ဆေးလျှင် အညွှန်းကိန်းဥပမာ ၂က ရည်ညွှန်းရလဒ်ကို ရောက်ရှိဖို့ မဖြစ်နိုင်သည်ကို သင်မြင်လိမ့်မည်။ ထို့နောက် ပိုမိုဖြစ်နိုင်ချေရှိအောင် စီမံကိန်းကို ညှိနှိုင်းနိုင်မည် ဖြစ်သည်။

## Tool: Disaggregation

Sometimes an indicator can hide very important information. For example, the above project was successful in hitting the Example Indicator 1 target because the final number of hate speech comments on a particular religious group's Facebook page was reduced to three per week. However, this result could hide a significant problem – what if the three remaining hate speech comments per week were all directed at women? This would mean that the project was successful in stopping hate speech comments that did not mention gender, or stopping those that were only directed at men, but did not stop hate speech comments directed at women.

To make sure an indicator does not hide such information, indicator data can be "disaggregated" or split up according to social, economic and demographic variables such as gender, ethnicity, religion, age, or other important characteristic. Always provide people with the option to opt out when collecting demographic information as participants may not feel comfortable sharing all of their personal information. This tool will help you decide what to disaggregate.

## Tool: ကွဲပြားခြားနားမှုကို ပေါ်လွင်ကွဲပြားစေခြင်း

တခါတရံများတွင် အညွှန်းကိန်းတစ်ခုက အလွန်အရေးကြီးသော သတင်းအချက်အလက်ကို ဖုံးကွယ်ထားနိုင်သည်။ ဥပမာ အားဖြင့် အထက်တွင်ပြထားသော စီမံကိန်းမှ ဥပမာအညွှန်းကိန်း ၁ ၏ ရည်ညွှန်းရလဒ်ကို အောင်မြင်စွာ ထိသွားသည်။ အဘယ်ကြောင့် ဆိုသော် ဘာသာရေး အသင်းအဖွဲ့တစ်ခု၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ် ရှိ နောက်ဆုံးသော အမုန်းစကားထင်မြင်ချက်ကွန်မန့် အရေအတွက်သည် တစ်ပတ်တွင် ၃ ခုအထိ လျော့ကျသွားသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤရလဒ်က သိသာထင်ရှားသည့် ပြဿနာတစ်ရပ်ကို ဖုံးကွယ်ထားနိုင်သည်။ အကယ်၍ တစ်ပတ် ၃ ခု ကျန်ရှိနေသေးသည့် အမုန်းစကားကွန်မန့်များ အားလုံးသည် အမျိုးသမီးများကို တိုက်ရိုက်ရည်ညွှန်းထားလျှင် မည်သို့ဖြစ်သွားမည်နည်း။ အစီပွါယ်မှာ ကျားမအခြေပြုလိင်ခွဲခြားမှုကို ရည်ညွှန်းခြင်း မရှိခဲ့သည့် အမုန်းစကားထင်မြင်ချက်များကို စီမံကိန်းမှ အောင်မြင်စွာ ရပ်တန့်နိုင်ခဲ့သည် (သို့မဟုတ်) အမျိုးသားများကို ဦးတည်သော အမုန်းစကားများကိုသာ ရပ်တန့်ပြီး အမျိုးသမီးများကို ဦးတည်သည့် အမုန်းစကားထင်မြင်ချက်ကွန်မန့်များကိုမူ ရပ်တန့်နိုင်ခြင်း မရှိခဲ့ပါ။ အညွှန်းကိန်းမှ ထိုကဲ့သို့သော သတင်းအချက်အလက်များကို ဖုံးကွယ်ခြင်းမရှိစေရန် အညွှန်းကိန်း ရှာဖွေမှုများကို "ခွဲခြမ်း" နိုင်သည် (သို့မဟုတ်) ကျားမ အခြေပြု လိင်ခွဲခြားမှု၊ တိုင်းရင်းသားဖြစ်တည်မှု၊ ဘာသာရေး၊ အသက်အရွယ်၊ သို့မဟုတ် အခြားအရေးကြီးသော ဝိသေသလက္ခဏာများအရ ပိုင်းခြားလိုက်နိုင်သည်။ အညွှန်းကိန်းရှာဖွေမှုများကို ခွဲခြားရန် သာမက ၎င်းအုပ်စုအတွက် ရည်ညွှန်းရလဒ်ရှိရန်လည်း အရေးကြီးပါသည်။ ဤ Tool မှ ဘာကို ခွဲခြားပိုင်းစိတ်မလဲ ဆိုသည်ကို ဆုံးဖြတ်ရန် သင့်ကို အကူညီပေးပါလိမ့်မည်။

| Example Indicator Disaggregation Tool | | | | |
|---|---|---|---|---|
| Indicator | Is it likely that the finding may change depending on gender, ethnicity, religion, or another characteristic? | If it is likely, what do we need to check when collecting information for the indicator? | What would be the disaggrareg ated indicator? | What would be that target? |
| The number of comments on a particular religious group's Facebook page that include hate speech. | Yes. We suspect that women may be more likely than men to reduce their use of hate speech because of our project. | We need to check the gender of those users that add comments that include hate speech. | The number of comments posted by men or women. | Less than 2/3 of the comments are made by men by 1 January 2019. |
| The extent to which counter comments on a particular religious group's Facebook page promote tolerance. | Yes. We suspect that young people will be more influenced by our project than older people. | We need to check the age of those users that add counter comments that promote tolerance. | The extent to which counter comments promoting tolerance are made by young or old. | More than 1/3 of counter comments promoting tolerance are made by users older than 35 by 1 January 2019. |

| ခွဲခြမ်းစိတ်ဖြာခြင်းအညွှန်းကိန်း **Tool** ဥပမာ | | | | |
|---|---|---|---|---|
| အညွှန်းကိန်း | ကျားမအခြေပြု လိင်ခွဲခြားမှု၊ တိုင်းရင်းသားဖြစ်တည်မှု၊ ဘာသာရေး၊ အသက်အရွယ်၊ သို့မဟုတ်အခြား အရေးကြီး သော ဝိသေသလက္ခဏာ များအရ အညွှန်းကိန်းရှာဖွေမှုပြောင်းလဲသွားနိုင်သည်။ | အကယ်၍ဖြစ်နိုင်ချေရှိလျှင် အညွှန်းကိန်းများအတွက် သတင်းအချက်အလက်များ စုဆောင်းချိန်တွင် ကျွန်ုပ်တို့ ဘာ – လုပ်ဖို့ လိုသလဲ။ | ခွဲခြမ်းစိတ်ဖြာထားသော အညွှန်းကိန်းဆိုသည်မှာ ဘာလဲ။ | ရည်ညွှန်းချက်ရလဒ် ဆိုသည်မှာ ဘာလဲ။ |
| ဘာသာရေး အသင်းအဖွဲ့ တစ်ခုခု၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ရှိ ထင်မြင်ယူဆချက် ကွန်မန့်များအရေအတွက် | ဟုတ်သည်။ စီမံကိန်းကြောင့် အမျိုးသမီးများက အမျိုးသားများနှင့် စာလျှင် ၎င်းတို့၏ အမုန်းစကား အသုံးပြုမှုကို လျှော့ချနိုင်ချေ ပိုမိုရှိကြောင်း ကျွန်ုပ်တို့ သံသယရှိသည်။ | အမုန်းစကားပါထင်မြင်ချက်များပေးသည့် အသုံးပြုသူများ၏ ကျားမလိင်ကွဲပြားမှုကို စစ်ဆေးရန်လိုအပ်သည်။ | အမျိုးသားသို့မဟုတ် အမျိုးသမီးတင်သည့် ထင်မြင်ချက်ကွန်မန့် အရေအတွက် | ၁ရက် ဇန်နဝါရီ ၂၀၁၉ အထိ ကွန်မန့်များ၏ ၃ ပုံ ၂ ပုံအောက်လျော့နည်းသောကွန်မန့်များကို အမျိုးသားများ ပြုလုပ်ကြသည်။ |
| ဘာသာရေး အသင်းအဖွဲ့ တစ်ခုခု၏ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ရှိ မတူကွဲပြားမှု အားသည်းခံနိုင်စွမ်းကိုတိုးမြှင့်သည့် အမုန်းစကားဆန့်ကျင်တန်ပြန်သောထင်မြင်ချက်ကွန်မန့်များ ပမာဏ | ဟုတ်သည်။ လူကြီးများနှင့် စာလျှင် လူငယ်များကိုကျွန်ုပ်တို့ စီမံကိန်းမှ ပိုမိုလွှမ်းမိုးစေနိုင်မည် ဆိုသည်ကို ကျွန်ုပ်တို့ သံသယရှိသည်။ | အမုန်းစကားပါထင်မြင်ချက်များပေးသည့် အသုံးပြုသူများ၏ အသက်ရွယ်ကို စစ်ဆေးရန် လိုအပ်သည်။ | လူကြီး သို့မဟုတ် လူငယ်များမှ ရေးသားဖော်ပြသော မတူကွဲပြားမှု အပေါ် သည်းခံနိုင်စွမ်းကို တိုးမြှင့်နေသည့် အမုန်းစကားတန်ပြန် ထင်မြင်ချက်ကွန်မန့်များ ပမာဏ | ၁ရက် ဇန်နဝါရီ ၂၀၁၉ အထိမတူကွဲပြားမှု အပေါ် သည်းခံနိုင်စွမ်းကို တိုးမြှင့်နေသည့် အမုန်းစကား တန်ပြန် ထင်မြင်ချက် ကွန်မန့်များ၏ ၃ ပုံ ၁ ပုံထက် ပိုများသောကွန်မန့်များကို အသက် ၃၅နှစ်ကျော်သည့် သူများကပြုလုပ်ကြသည်။ |

## Tip: Dealing with risk and and staff safety and motivation




Almost everyone working to counter hate speech has had to deal with the impact of working in an area where they face the worst of human behaviour, or are the victim of threats or attacks themselves, or fail in parts of their project because the situation is so difficult. It is quite normal to feel the psychological effect of this, and there are a few tips to dealing with such risks:

- Be very careful when deciding upon your targets – do not set them too high because you may be setting yourself up to fail. Donors in Myanmar are gen erally open to discussing targets with organisations and want to hear how projects are adapting to the changing context
- Make sure your organisation has done a risk assessment with a plan for how to mitigate and manage the likelihood and impact of such risks happening. A good risk assessment includes everything from personal safety to protect ing information. **See www.knowhownonprofit.org/how-to/how-to-compl ete- a-risk-assessment** for more information on doing a risk assessment
- Prioritise psychological support in your organisation and make sure staff and volunteers do not think it is shameful. See **www.humanrightsconnect ed.org/toolkit/** for a list of tools that can help, including those that are par ticularly useful for women.

## အကြံပြုချက် - ဖြစ်နိုင်ချေ အန္တရာယ်၊ ကျရှုံးခြင်းတို့ကို ကိုင်တွယ်ခြင်း




မြန်မာနိုင်ငံရှိ အမုန်းစကားဆန့်ကျင်တန်ပြန်ရေးကို လုပ်ကိုင်နေကြသော သူများအားလုံးနီးပါးသည် အဆိုးရွားဆုံးလူသားအပြုအမူ၊ သို့မဟုတ် ၎င်းတို့ကိုယ်တိုင် ခြိမ်းခြောက်ခံရမှု၊ တိုက်ခိုက်ခံရမှုများ၏ သားကောင်ဖြစ်သွားခြင်း၊ သို့မဟုတ် အခြေအနေခက်ခဲလွန်းသဖြင့် ယင်းတို့၏ စီမံကိန်း အစိတ်အပိုင်းများ ကျရှုံးခြင်းစသည်တို့ကို ကြုံတွေ့ရသော နယ်မြေတစ်ခုအတွင်း အလုပ်လုပ်ရခြင်း၏ ရေရှည်သက်ရောက်မှုများနှင့် မဖြစ်မနေပတ်သတ်ခဲ့ရပြီး ဖြစ်သည်။ ယင်းအခြေအနေများကပေးသော စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုကို ခံစားကြရသည်မှာ ပုံမှန်ပင်ဖြစ်ပြီး၊ ဤတွင် ထို အန္တရာယ်များကို ကိုင်တွယ်ရန် အကြံပြုချက်အနည်းငယ် ရှိပါသည်။

- သင်တို့၏ရည်ညွှန်းရလဒ်များကို တည်ဆောက်သည့်အခါ သတိကြီးစွာထားပါ - သင့်ကိုယ်သင် ကျရှုံးဖို့ တည်ဆောက်ခြင်း မဖြစ်စေရန် ၎င်းရည်ညွှန်းချက်များကို အမြင့်ကြီးမချမှတ်ပါနှင့်။ မြန်မာနိုင်ငံရှိ အလှူရှင်များက အများအားဖြင့် ရည်ညွှန်းရလဒ်များကို အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်းအား လမ်းဖွင့်ပေးကြသည်။ ထို့အတူ အလှူရှင်များသည် ပြောင်းလဲနေသော အခြေအနေနှင့် စီမံကိန်းများကို လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ပုံကို ကြားသိချင်ကြသည်။
- အန္တရာယ်များဖြစ်နိုင်ချေနှင့် ရေရှည်သက်ရောက်မှုကို လျှော့ချရန် နှင့် စီမံခန့်ခွဲရန် Risk Assessment Plan ဟုခေါ်သည့် အန္တရာယ်ဖြစ်နိုင်ချေအား ဆန်းစစ်ခြင်း စီမံချက်ကို အဖွဲ့အစည်းအတွင်း ပြုလုပ်ပြီး ဖြစ်ကြောင်း သေချာပါစေ။ ကောင်းမွန်သော အန္တရာယ်ဖြစ်နိုင်ချေအား ဆန်းစစ်ချက်တွင် တစ်ဦးချင်းလုံခြုံရေးမှစတင်၍ သတင်းအချက်အလက်များကို ကာကွယ်ခြင်းအထိ အားလုံးပါဝင်သည်။ အန္တရာယ်ဖြစ်နိုင်ချေအား ဆန်းစစ်ချက်ကို ပြုလုပ်ဖို့ရာတွင် သတင်းအချက်အလက်များ ပိုမိုသိရှိရန် www.knowhownonprofit.org/how-to/how-to-complete-a-risk-assessment တွင် ကြည့်ရှုပါ။
- သင့်အဖွဲ့အစည်းအတွင်း စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ကို ဦးစားပေးပြီး၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား အရှက်ရသည်ဟု မထင်မှတ်စေရန် သေချာလုပ်ဆောင်ပါ။ အထူးသဖြင့် အမျိုးသမီးများအတွက် အသုံးဝင်သည့် Tool များအပါအဝင် အကူညီပေးနိုင်မည့် Tool စာရင်းအား www.humanrightsconnected.org/toolkit/ တွင် ကြည့်ရှုနိုင်ပါသည်။

## Tool: Indicators and the logical framework

It is useful to design your indicators, targets, and disaggregation their in the Logical Framework Tool rather than separately. This is because you will need different indicators for each of the impact, outcome, and output levels of the Logical Framework. Those indicators will be different in what they measure – for example, output indicators may simply count the number of participants but this would not be suitable for an outcome indicator. One useful way to think about different levels of indicators is called the “3Rs”, which was created by the advertising industry to measure the effect of their adverts. **This has also been used for media monitoring and peacebuilding media approaches.**

| **Example 3 Rs Tool** | | |
|---|---|---|
| **Reach** | **Resonance** | **Response** |
| Indicators for outputs and outcomes often measure the reach of activities. For example, an indicator may measure how many people read a report or share a Facebook post. | Indicators for outputs and outcomes often measure whether an activity resonates with people. For example, an indicator may measure the changes in attitude or mindset in an individual or institution.For media, it also refers to how a media output resonates with people – do they feel legitimately portrayed, are the issues close to their lives and has the impact of that message been captured in peoples’ response | Indicators for outcomes and impact often measure what response your project gets. For example, an indicator may measure what has been triggered because of the project. The response can also be linked to knowledge, attitude and behaviour changes in target populations. |

## Tool: အညွှန်းကိန်းများနှင့် ကျိုးကြောင်းခိုင်လုံသော မူဘောင်

သင်၏ အညွှန်းကိန်းများ၊ ရည်ညွှန်းချက်ရလဒ်များ နှင့် ခွဲခြမ်းစိတ်ဖြာမှုတို့ကို သီးခြားစီထည့်သွင်းခြင်းထက် ကျိုးကြောင်းခိုင်လုံသော မူဘောင် Tool ထဲတွင် ထည့်သွင်း ဒီဇိုင်းရေးဆွဲလျှင် အသုံးဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျိုးကြောင်းခိုင်လုံသော မူဘောင်၏ ရေရှည်သက်ရောက်မှု၊ စီမံချက်အပြီးအကျိုးရလဒ် နှင့် လက်ငင်း အကျိုးရလဒ် အဆင့် တစ်ဆင့်ချင်းစီအတွက် အမျိုးမျိုးသော အညွှန်းကိန်းများ လိုအပ်ပေလိမ့်မည်။ ၎င်း အညွှန်းကိန်းများမှာ သူတို့တိုင်းတာသည့်အရာပေါ် မူတည်ပြီးကွဲပြားပေလိမ့်မည်။ ဥပမာ – လက်ငင်းအကျိုးရလဒ် အညွှန်းကိန်းသည် တက်ရောက်သည့် လူအရေအတွက်ကို ရိုးရှင်းစွာပင် ရေတွက်လိမ့်မည်။ သို့သော် ယင်းသည် စီမံကိန်းအပြီးအကျိုးရလဒ်အညွှန်းကိန်းအတွက်တော့ အသုံးတည့်လိမ့်မည်မဟုတ်ချေ။ မတူညီသောအညွှန်းကိန်းအဆင့်များကို တွေးတောကြံဆရန် အသုံးဝင်သော နည်းလမ်းတစ်ခုကို "3Rs" ဟုခေါ်သည်။ ယင်း "3Rs" ကို စက်ရုံအလုပ်ရုံများတွင် ၎င်းတို့ ကြော်ငြာများ၏သက်ရောက်မှုကိုတိုင်းတာရန် စက်ရုံကိုကြေညာခြင်းအားဖြင့် ဖန်တီးထားခြင်းဖြစ်သည်။ အထက်ပါဖော်ပြခဲ့သည်များကို မီဒီယာ စောင့်ကြည့် လေ့လာခြင်းနှင့် မီဒီယာဖွံ့ဖြိုးရေး တည်ဆောက်ခြင်းနည်းစဉ် များတွင်လည်း အသုံးပြုကြသည်။

### 3Rs Tool ဥပမာ

| ရောက်ရှိနိုင်သည့် အကွာအဝေး | နက်ရှိုင်း၍တာရှည်ခံခြင်း | တုံ့ပြန်မှု |
|---|---|---|
| လက်ငင်းရလဒ် နှင့် စီမံကိန်းအပြီး ရလဒ်များအတွက် အညွှန်းကိန်းများက မကြာခဏဆိုသလို လုပ်ရှားမှုများ၏ ရောက်ရှိနိုင်သည့် အကွာအဝေးကို တိုင်းတာသည်။ ဥပမာ – အညွှန်းကိန်း တစ်ခုက လူပေါင်းမည်မျှ အစီရင်ခံတစ်စောင်ကို ဖတ်သလဲ (သို့မဟုတ်) ဖေ့စ်ဘွတ်ခ် ပို့စ် တစ်ခုကို မျှဝေသလဲ ဆိုသည်ကို တိုင်းတာလိမ့်မည်။ | လက်ငင်းရလဒ် နှင့် စီမံကိန်းအပြီးရလဒ်များအတွက် အညွှန်းကိန်းများက မကြာခဏဆိုသလို လှုပ်ရှားမှုများက လူအများအတွက် တာရှည်ခံမှု ရှိမရှိ ကို တိုင်းတာသည်။<br>ဥပမာ – အညွှန်းကိန်းတစ်ခုသည် ရပ်တည်ချက် သဘောထား (သို့မဟုတ်) အတွေးအခေါ် (သို့မဟုတ်) အဖွဲ့အစည်း အပြောင်းအလဲ ကို တိုင်းတာလိမ့်မည်။ မီဒီယာပိုင်း အတွက် ထုတ်လွှင့်လိုက်သော ရေဒီယို / တီဗီအစီအစဉ်တစ်ခုက လူတွေဖြစ်ပျက်ခံစားနေသောအဖြစ် အပျက်များနှင့် မည်ကဲ့သို့ ပတ်သက်သည်ကို ရည်ညွှန်းပါသည်။ ဤသည်တွင် လူတွေက သဘာဝ ကျကျသရုပ်ဖော်ထားသည်ဟု ခံစား ရခြင်း၊ အကြောင်းအရာတွေက သူတို့ဘဝနှင့် နီးစပ်ခြင်းနှင့် ပေးလိုက် သော သတင်းစကားသည် သတ်ရောက်မှု ရှိသည်ဟု လူထုမှ တုံ့ပြန် ပြောဆိုခြင်း။ | စီမံကိန်းအပြီးရလဒ် နှင့် ရေရှည် အကျိုးရလဒ် အတွက် အညွှန်းကိန်း များက မကြာခဏဆိုသလို သင့် စီမံကိန်းမှ ရရှိသော တုံ့ပြန်မှု ကို တိုင်းတာသည်။<br>ဥပမာ – အညွှန်းကိန်းတစ်ခုသည် စီမံကိန်းကြောင့် ဘာတွေ ဖြစ်ပေါ်ခဲ့ပြီး ဆိုသည်ကို တိုင်းတာလိမ့်မည်။ |


Below is the Logical Framework example used before, but with the added columns of "indicators", "target" and "disaggregation", together with some examples in each to help you design your projects.

| **Example Logical Framework Tool (with indicators, targets, and disaggregation)** | | | | |
|---|---|---|---|---|
| | **Indicators** | **Target** | **Disaggregation and target** | **Assumptions** |
| Impact / overall objective / goal<br>For example, "increase in tolerance among religious and community leaders in the target area". | For example, "Percentage of religious and community leaders in the target area that say in interviews that they want to see more tolerance." | For example, "50% by 1 January 2019" | For example, "Percentage of men...<br>Target = More than 50% of men by 1 January 2019." | For example, "Assumption that levels of tolerance are largely due to the guidance of religious and community leaders in the target area". |
| Outcome / purpose / effect / immediate objective / results<br>For example, "increase in constructive and safe meetings between religious and community leaders in the target area". | For example, "Percentage of religious and community leaders in the target area that have attended our workshops and say that they have better relationships with other leaders." | For example, "70% by 1 January 2019" | For example, "Percentage of men...<br>Target = More than 50% of men by 1 January 2019." | For example, "Assumption that bringing religious and community leaders in the target area together constructively will change their attitude to one another". |
| Output<br>For example, "10 religious and community leaders in the target area trained together in conflict resolution". | For example, "Number of religious and community leaders that have completed 3x 2-day workshops." | For example, "10 by 1 January 2019" | For example, "Percentage of women...<br>Target = More than 50% are women by 1 January 2019." | For example, "Assumption that religious and community leaders will fully participate and engage in the workshops". |

"အညွှန်းကိန်း"၊ "ရည်ညွှန်းရလဒ်" နှင့် "ခွဲခြားသတ်မှတ်ခြင်း" စသဖြင့် ထပ်မံထည့်ထားသည့် ကော်လံများကို ဥပမာအချို့နှင့် အတူ ယခင်ကအသုံးပြုခဲ့သော ကျိုးကြောင်းဆိုင်လုံသည့် မူဘောင်ဥပမာထဲတွင် ထည့်သွင်းရေးဆွဲကာ သင့်အား ဒီဇိုင်းဆွဲရာတွင် ကူညီပေးရန် အောက်တွင်ဖော်ပြထားသည်။


| ကျိုးကြောင်းဆိုင်လုံသောမူဘောင် **Tool** ဥပမာ (အညွှန်းကိန်းများ၊ ရည်ညွှန်းချက်ရလဒ်နှင့် ခွဲခြားမှု များနှင့် အတူ) | | | | |
|---|---|---|---|---|
| | အညွှန်းကိန်းများ | ရည်ညွှန်းချက်ရလဒ် | ခွဲခြားမှု နှင့်ရည်ညွှန်း ချက် ရလဒ် | ယူဆချက်များ |
| ရေရှည်သက်ရောက်မှု/မြှင့် ရည်ရွယ်ချက် /ပန်းတိုင်ဥပမာ – "ဦးတည်နေရာအတွင်းရှိ ဘာသာရေးနှင့်လူမျိုးရေးခေါင်းဆောင်များ အကြား ယုံကြည်မှုမတူညီသော လူမျိုးများသို့ ဦးတည် နေသည့် သည်းခံနိုင်စွမ်း တိုးမြင့်လာသည်။" | ဥပမာ – "ယုံကြည်မှု မတူညီသော လူမျိုးများကို ဦးတည်သည့်သည်းခံနိုင်စွမ်းရည်ပိုမိုရှိလာခြင်းကို မြင်ချင်သည်ဟုအင်တာဗျူးများတွင် ပြောခဲ့သော ဦးတည်နေရာအတွင်းရှိ ဘာသာရေးနှင့် လူမျိုးရေး ခေါင်းဆောင်များ ရာခိုင်နှုန်း" | ဥပမာ – "၁ ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ ရာခိုင်နှုန်း" | ဥပမာ – "အမျိုးသား ရာခိုင်နှုန်း... ရည်ညွှန်းရလဒ် = ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ % ထက်ပိုသော အမျိုးသား" | ဥပမာ – "သည်းခံနိုင်စွမ်း အဆင့် ဘာသာရေးနှင့် လူမျိုးရေးခေါင်းဆောင်များ၏ ဦးဆောင်ညွှန်ပြမှုကြောင့် များစွာ ကြီးမားကျယ်ပြန့်လာသည် ဟူသော ယူဆချက်" |
| စီမံကိန်းအပြီးရလဒ်/ရည်ရွယ်ချက် /သက်ရောက်မှု/ အနီးကပ် ရည်ရွယ်ချက် /ရလဒ် ဥပမာ – "ဦးတည်ရာ နေရာအတွင်းရှိဘာသာရေးနှင့် လူမျိုးရေးခေါင်းဆောင်များ အကြား အပြုသဘော ဆောင် လုံခြုံစိတ်ချရသောတွေ့ဆုံဆွေးနွေးပွဲများတိုး – မြင့်လာသည်" | ဥပမာ – "ကျွန်ုပ်တို့၏ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယုံကြည်မှုမတူညီသော ခေါင်းဆောင် များနှင့် ယခင်ထက်ပိုမို ကောင်းမွန်သော ဆက်ဆံ ရေးရှိသည်ဟု ပြောလာသော ဦးတည်နေရာ အတွင်းရှိ ဘာသာရေးနှင့် လူမျိုးရေး ခေါင်းဆောင်များ ရာခိုင်နှုန်း " | ဥပမာ – "၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၇၀ % " | ဥပမာ – "အမျိုးသား ရာခိုင်နှုန်း ... ရည်ညွှန်းရလဒ် = ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ % ထက်ပိုသော အမျိုးသား" | ဥပမာ – "ဘာသာရေးနှင့် လူမျိုးရေးခေါင်းဆောင်များ သည် အတူတကွ အပြုသဘောဆန်စွာဖြင့် ၎င်းတို့၏ ရပ်တည်ချက်သဘောထားများကို တစ်ဦးမှ တစ်ဦး ပြောင်းလဲပေးလိမ့်မည်ဟူသော ယူဆချက်" |
| လက်ငင်းရလဒ် ဥပမာ – "ပဋိပက္ခဖြေရှင်းရေး သင်တန်းတွင် အတူ လေ့ကျင့်ပေးခြင်း ခံခဲ့ရသောဘာသာရေးနှင့် လူမျိုးရေးခေါင်းဆောင် ၁၀ ဦး " | ဥပမာ – "၂ရက်တာ အလုပ်ရုံ ဆွေးနွေးပွဲ ၃ ခု ကို ပြီးမြောက်ခဲ့သောဘာသာရေးနှင့် လူမျိုးရေးခေါင်းဆောင် အရေအတွက် " | ဥပမာ – "၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၁၀ ယောက်" | ဥပမာ – "အမျိုးသမီး ရာခိုင်နှုန်း ... ရည်ညွှန်းရလဒ် = ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ % ထက်ပိုသော အရေအတွက်မှာ အမျိုးသမီးများ ဖြစ်ကြသည်။" | ဥပမာ – "ဘာသာရေးနှင့် – လူမျိုးရေးခေါင်းဆောင်များကအလုပ်ရုံဆွေးနွေးပွဲများတွင် အပြည့်တက်ရောက် ချိတ်ဆက်ကြလိမ့်မည် ဟူသော ယူဆချက်" |

## Tip: Counter hate speech indicators




Civil society organisations, activists and others countering hate speech in Myanmar use a variety of indicators to measure the change that they achieve. Here are a few impact and outcome-level indicators that are used depending on whether the organisation is measuring changes in knowledge, attitude, or practice, and whether it is measuring changes in beneficiaries, stakeholders, or wider population groups.

## အကြံပြုချက် – အမုန်းစကားဆန့်ကျင် တန်ပြန်အညွှန်းကိန်း




မြန်မာနိုင်ငံရှိ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများနှင့် အမုန်းစကားဆန့်ကျင် တန်ပြန်နေသည့် အခြားသူများသည် ၎င်းတို့ အောင်မြင်ရရှိခဲ့သည့် ပြောင်းလဲမှုကို တိုင်းတာရန် အညွှန်းကိန်းအမျိုးအစားများစွာကို အသုံးပြုကြသည်။ အဖွဲ့အစည်းက အသိပညာ၊ ရပ်တည်ချက်သဘောထား၊ သို့မဟုတ် အလေ့အထ ပြောင်းလဲမှုများကို လေ့လာသလားနှင့် အကျိုးခံစားခွင့်ရရှိသူများ၊ ပါဝင်သူများ၊ သို့မဟုတ် ပိုမိုကျယ်ပြန့်သော လူဦးရေအုပ်စု ၏ အပြောင်းအလဲကို တိုင်းတာသလား အပေါ်တွင်မူတည်အသုံးပြုသော ရေရှည်သက်ရောက်မှု နှင့် စီမံကိန်းအပြီးရလဒ်အဆင့် အညွှန်းကိန်းအနည်းငယ်ကို ဤနေရာတွင် ဖော်ပြလိုသည်။

| Indicator… | Knowledge | Attitude | Practice |
|---|---|---|---|
| … measuring changes in beneficiaries<br>For example, people that have attended your workshops. | [Number / percentage] of [beneficiaries] in [place] that are aware of hate speech against [minority]. | [Number / percentage] of [beneficiaries] in [place] that believe that hate speech towards [minority] should be stopped. | [Number / percentage] of [beneficiaries] in [place] that have done counter-hate speech activities [on Facebook / in public / etc.] in favour of [minority]. |
| … measuring changes in stakeholders<br>For example, local media, police, other civil society organisations or activists. | [Number / percentage] of [stakeholders] in [place] that are aware about the problem of hate speech towards [minority]. | [Number / percentage] of [stakeholders] in [place] that have [changed their strategies to include / discussed with their colleagues or peers about / published stories] directly or indirectly countering hate speech against [minority]. | [Number / percentage] of [stakeholders] in [place] that are now implementing activities that will directly or indirectly counter hate speech against [minority]. |
| … measuring changes in population groups<br>For example, students in university or people in a particular geographic area. | [Number / percentage] of [population group] in [place] that are aware of hate speech towards [minority]. | [Number / percentage] of [population group] in [place] that [say in interviews / show by liking or sharing on Facebook] that they want to see [less hate speech / more tolerance] towards [minority]. | [Number / percentage] of [population group] in [place] that [say in interviews / show on Facebook] they have rejected hate speech against [minority]. |

| အညွှန်းကိန်း ... | အသိပညာ ... | ရပ်တည်ချက်သဘောထား | အလေ့အထ |
|---|---|---|---|
| အကျိုးခံစားခွင့်ရရှိသူများတွင် ဖြစ်ပေါ်သော အပြောင်းအလဲကို တိုင်းတာနေသော .... ဥပမာ - သင်၏အလုပ်ရုံ ဆွေးနွေးပွဲများသို့ တက်ရောက်ပြီးသော လူများ | [လူနည်းစုလူမျိုးစု] ကိုတိုက်ခိုက်နေသောအမုန်းစကားကို သိရှိနားလည်သော [နေရာ] ရှိ [အကျိုးခံစား ခွင့်ရှိသူများ] ၏ [အရေအတွက် / ရာခိုင်နှုန်း] | [လူနည်းစုလူမျိုးစု] ကို တိုက်ခိုက်နေသော အမုန်းစကားကို ရပ်တန့်ပစ်သင့်သည်ဟု ယုံကြည်သော[နေရာ] ရှိ[အကျိုးခံစားခွင့် ရှိသူများ] ၏[အရေအတွက် / ရာခိုင်နှုန်း] | [ဖေ့စ်ဘွတ်ခ်ပေါ် / လူထုထဲတွင် / စသဖြင့်][လူနည်းစုလူမျိုးစု] အား အခွင့်အရေးပေးသည့် အမုန်းစကားဆန့်ကျင်တန်ပြန်ရေး လှုပ်ရှားမှုများ ပြုလုပ်ပြီး - ဖြစ်သော [နေရာ] ရှိ [အကျိုးခံစား ခွင့်ရှိသူများ] ၏ [အရေအတွက် / ရာခိုင်နှုန်း] |
| ပါဝင်သူများတွင် ဖြစ်ပေါ်သော အပြောင်းအလဲများကို တိုင်းတာနေသော ... ဥပမာ - ဒေသတွင်း၊ မီဒီယာ၊ ရဲ၊ အခြားအရပ် ဖက်အဖွဲ့အစည်းများ သို့မဟုတ် တက်ကြွလှုပ်ရှားသူများ | [လူနည်းစု လူမျိုးစု] ကိုဆန့်ကျင်နေသော အမုန်းစကား အကြောင်းသိရှိနားလည်းသည့် [နေရာ] ရှိ [ပါဝင်သူများ] ၏ [အရေအတွက် / ရာခိုင်နှုန်း] | [လူနည်းစုလူမျိုးစု]ကိုတိုက်ခိုက်နေသည့် အမုန်းစကား ကိုတိုက်ရိုက် သို့မဟုတ်သွယ်ဝိုက်၍ ဆန့်ကျင်တန်ပြန်ကာ၊ [၎င်းတို့၏ မဟာဗျူဟာများကို ပြောင်းလဲခဲ့ပြီး ဖြစ်သော/ လုပ်ဖော် ကိုင်ဖက်များသို့ တန်းတူ လုပ်ကိုင်သူများနှင့်ဆွေးနွေးပြီးဖြစ်သော / ဇာတ်လမ်းများထုတ်ဝေဖြန့်ချိပြီးသော][နေရာ] ရှိ[ပါဝင်သူများ] ၏[အရေအတွက် / ရာခိုင်နှုန်း] | [လူနည်းစုလူမျိုးစု]များအား တိုက်ခိုက်သည့် အမုန်းစကားများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆန့်ကျင် တန်ပြန်မည့် လှုပ်ရှားမှုများကို အကောင်အထည်ဖော်နေသည့် [နေရာ] ရှိ [ပါဝင်သူများ] ၏[အရေအတွက် / ရာခိုင်နှုန်း] |
| လူဦးရေအစုအဖွဲ့များရှိ အပြောင်းအလဲကို တိုင်းတာနေသော .... ဥပမာ - တက္ကသိုလ်တစ်ခုရှိ ကျောင်းသားများ၊ သို့မဟုတ် ဒေသတစ်ခုအတွင်းရှိ လူများ | [လူနည်းစု လူမျိုးစု] ကို ဆန့်ကျင်နေသော အမုန်းစကား အကြောင်း သိရှိနားလည်သည့် [နေရာ] ရှိ [လူဦးရေ အုပ်စု] ၏ [အရေအတွက် / ရာခိုင်နှုန်း] | [လူနည်းစုလူမျိုးစု] ကို ဆန့်ကျင်သော [အမုန်းစကားများ လျော့နည်းလာ / ပိုမို သည်းခံနိုင် စွမ်းရှိလာ] သည်ကို ၎င်းတို့ တွေ့မြင် ချင်ကြောင်း [အင်တာ ဗျူးများတွင် ဖြေဆိုသော / ဖေ့စ်ဘွတ်ခ်ပေါ်ရှိ Like ၊ Share များဖြင့် ပြသသော] [နေရာ] ရှိ [လူဦးရေအုပ်စု] ၏ [အရေအတွက် / ရာခိုင်နှုန်း] | [လူနည်းစုလူမျိုးစု]များအား တိုက်ခိုက်သည့် အမုန်းစကားများကို ငြင်းဆန်ပြီး ဖြစ်ကြောင်း [အင်တာဗျူးများတွင် ဖြေဆိုသော / ဖေ့စ်ဘွတ်ခ်ပေါ်တွင် ပြသသော] [နေရာ] ရှိ [လူဦးရေအုပ်စု] ၏ [အရေအတွက် / ရာခိုင်နှုန်း] |

## Step three: Implementing monitoring and evaluation

After completing steps one and two, you should have a well-designed project including clear indicators and achievable targets. This chapter explains how to develop a monitoring and evaluation plan and includes a range of tools for implementing it once your project is underway.

## အဆင့်သုံး။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း ကို အကောင် အထည်ဖော်ပါ။

အဆင့် ၁ နှင့် ၂ ကို ပြီးမြောက်သည့်အခါ ရှင်းလင်းပြတ်သားသည့် အညွှန်းကိန်းများနှင့် အောင်မြင်ရောက်ရှိနိုင်သော ရည်ညွှန်းချက်ရလဒ်များ ပါဝင်သည့် ကောင်းမွန်စွာ ဒီဇိုင်းဆွဲထားသော စီမံကိန်းတစ်ခု သင့်မှာ ရှိသင့်ပြီ ဖြစ်သည်။ ဤအခန်းမှ စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်တစ်ရပ်အား မည်သို့ တည်ဆောက်ရမည်ကို ရှင်းပြပါမည်။

## Developing a monitoring and evaluation plan




A monitoring and evaluation plan is a document that sets out what you are going to do for a project. It should be created before the project is started and be a living and changeable document easily accessible to staff, volunteers and any other relevant stakeholders. It should include details on who will be doing what, when and how.

## စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်ကို ပြုစုတည်ဆောက်ခြင်း




စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း အစီအစဉ် တစ်ရပ်သည် စီမံကိန်းတစ်ခုအတွက် သင် ဘာကို ဆောင်ရွက်တော့မည့်အကြောင်း ချမှတ်ထားသည့် အထောက်အထားစာတမ်း တစ်ရပ်ဖြစ်သည်။ ၎င်းကို စီမံကိန်းမစတင်ခင် ဖန်တီးသင့်ပြီး၊ ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းများနှင့် အခြားသက်ဆိုင်မှုရှိသည့် ပါဝင်သူများမှ လွယ်လင့်တကူ ရယူနိုင်သော အသက်ဝင်၍ အပြောင်းအလဲလုပ်နိုင်သည့် အထောက်အထားမှတ်တမ်းလည်း ဖြစ်သင့်သည်။ ဘယ်သူက ဘယ်အချိန်မှာ၊ ဘာကို၊ ဘယ်လို ဆောင်ရွက်မည်ဆိုသည့် အသေးစိတ်အချက်အလက်များလည်း ပါဝင်သင့်သည်။

| The plan should include… | |
|---|---|
| **What?** | The Logical Framework which includes the whole project plus all the indicators, targets, and any disaggregation. |
| **How?** | A clearly-defined method for how each indicator is going to be measured, and which source the information will come from. |
| **When?** | A timeline showing when each indicator is going to be measured, and when important deadlines are, such as for report deadlines. |
| **Who?** | A breakdown of who handles each part of the plan, including a clear process for what should happen when a problem is found. |

Depending on the size of the project, a monitoring and evaluation plan could be in the form of a table. The table uses the impact, outcome, and output indicators, targets, and disaggregation from the Logical Framework Tool. It adds a column called "information method and source" to explain how the indicator will be checked, as well as a column called "timing and key dates" to say when exactly the indicator will be checked. The last two columns cover who will handle checking the indicator and at what point they **will escalate if there is a problem**.

| အစီအစဉ်တွင် ပါဝင်သင့်သည့်များမှာ ... | |
|---|---|
| ဘာလဲ | စီမံကိန်းတစ်ခုလုံး အပြင် အညွှန်းကိန်းများ၊ ရည်ညွှန်းရလဒ်များ နှင့် ခွဲခြမ်းမှု များ အားလုံး ပါဝင်သော ကျိုးကြောင်းခိုင်လုံသော မူဘောင် |
| ဘယ်လိုလဲ | အညွှန်းကိန်းတစ်ခုစီကို ဘယ်လိုတိုင်းတာမည်၊ နှင့် မည်သို့သောရင်းမြစ်မှ သတင်းအချက်အလက်များ ရရှိလာမည်ဆိုသည်ကို ရှင်းလင်းစွာသတ်မှတ်ထားသော နည်းလမ်း |
| ဘယ်တော့လဲ | အညွှန်းကိန်းတစ်ခုစီကို ဘယ်အချိန်တိုင်းတာမည် နှင့် ဘယ်အချိန်တွင် လုပ်ငန်းပြီးဆုံးရမည် အရေးကြီးသော ပုံသေနေ့ရက်များရှိသည်ကို ပြသထားသော အချိန်ဇယား |
| ဘယ်သူလဲ | ပြဿနာဖြစ်လာလျှင် ဘာကို လုပ်ဆောင်သင့်သည်ဆိုသည့်အချက်အတွက် ရှင်းလင်းသည့် ဖြစ်စဉ် အပါအဝင် အစီအစဉ်၏ အပိုင်းတစ်ခုစီကို မည်သူက ကိုင်တွယ်မည် ဆိုသည့် အသေးစိတ်ခွဲခြမ်းစိတ်ဖြာချက် |

စီမံကိန်းအရွယ်အစားပေါ်မူတည်၍ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း အစီအစဉ်က ဇယားပုံစံနှင့်လည်း ဖြစ်နိုင်သည်။ ကျိုးကြောင်းဆီလျော်သော မူဘောင် Tool မှ ရေရှည်သက်ရောက်မှု၊ စီမံကိန်းအပြီးရလဒ် နှင့် လက်ငင်းရလဒ် အညွှန်းကိန်းများ၊ ရည်ညွှန်းရလဒ်များ နှင့် ခွဲခြမ်းစိတ်ဖြာမှု တို့ကို ဇယားတွင် အသုံးပြုထားသည်။ အညွှန်းကိန်းများကို မည်သို့ စစ်ဆေးသည်ကို ရှင်းပြရန် "သတင်းအချက်အလက်နည်းပညာနှင့် ရင်းမြစ်" ဆိုသည့် ကော်လံတစ်ခုနှင့်၊ အညွှန်းကိန်းကို ဘယ်အချိန်မှာ အတိအကျ စစ်ဆေးမလဲ ဆိုသည့်အချက်ကို ပြောရန် "အချိန်ကိုက်ဖြစ်ခြင်း နှင့် အဓိက ရက်စွဲများ" ဆိုသည့် ကော်လံကို ထည့်သွင်းဖော်ပြထားသည်။ အညွှန်းကိန်းများ စစ်ဆေးခြင်းကို မည်သူက ကိုင်တွယ်မည် ဆိုသည့်အချက်နှင့် ပြဿနာတစုံတရာရှိခဲ့သော် မည်သည့် အမှတ်ကို မြှင့်တင်မလဲ ဆိုသည့်အချက်များကို နောက်ဆုံးကော်လံ ၂ခုက ဖော်ပြထားသည်။

| Example Monitoring and Evaluation Plan Tool | | | | | | |
|---|---|---|---|---|---|---|
| **Indicator** | **Target** | **Disaggregation and target** | **Information method and source** | **Timing and key dates** | **Responsible person** | **Escalation point** |
| Percentage of religious and community leaders in the target area that say in interviews that they want to see more tolerance. | 50% by 1 January 2019 | Percentage of men... Target = More than 50% of men by 1 January 2019. | Pre-, mid-, and post-project interviews with religious and community leaders. | Pre-project interview on 1 January 2018. Mid-project interview on 1 August 2018. Post-project interview on 1 January 2019. | Project manager | When getting results of mid-project interview if the target or disaggregation target is unlikely to be reached. |
| Percentage of religious and community leaders in the target area that have attended our workshops and say that they have better relationships with other leaders. | 70% by 1 January 2019 | Percentage of men... Target = More than 50% of men by 1 January 2019. | Pre- and post-workshop questionnaires with workshop participants. | Pre-workshop questionnaire on 1 January 2018. Post-workshop questionnaire on 1 March 2018, 1 August 2018, and 1 October 2018. | Project manager | When getting results of any of the workshops if the target or disaggregation target is unlikely to be reached. |
| Number of religious and community leaders in the target area that have completed 3x 2-day workshops. | 10 by 1 January 2019 | Percentage of women... Target = More than 50% are women by 1 January 2019. | Attendance sheets with workshop participants. | At workshops on 1 March 2018, 1 August 2018, and 1 October 2018. | Project officer | When getting results of any of the workshops if the target or disaggregation target is unlikely to be reached. |

| စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း အစီအစဉ် **Tool** ဥပမာ | | | | | | |
|---|---|---|---|---|---|---|
| အညွှန်းကိန်း | ရည်ညွှန်း ရလဒ် | ခွဲခြမ်းစိတ်ဖြာမှုနှင့် ရည်ညွှန်းရလဒ် | သတင်းအချက် အလက်နည်းလမ်း နှင့် ရင်းမြစ် | အချိန်ကိုက်ခြင်း နှင့် အဓိက ရက်စွဲများ | တာဝန်ရှိသော ပုဂ္ဂိုလ် | တိုးမြှင့်ခြင်းအမှတ် |
| မွတ်ဆလင်များကို ဦးတည်သည့် သည်းခံစွမ်းရည်ပိုမို တိုးပွာလာသည်ကို မြင်ချင်ကြောင်း အင်တာဗျူးများတွင် ဖြေဆိုသည့် မန္တလေး နေ ဘာသာရေးနှင့် လူမျိုးရေးခေါင်း ဆောင်များ ၏ ရာခိုင်နှုန်း | ၁ရက် ဇန်နဝါရီလ ၂၀၁၉ အထိ ၅၀ % | အမျိုးသား ရာခိုင်နှုန်း… ရည်ညွှန်း ရလဒ် = ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ % ထက်ပိုသော အမျိုးသား | ဘာသာ ရေးနှင့် လူမျိုးရေးခေါင်း ဆောင်များနှင့်တွေ့ ဆုံမေးမြန်းသည့် စီမံကိန်းမစတင်မီ၊ စီမံကိန်းအလယ် နှင့် စီမံကိန်းပြီးနောက် အင်တာဗျူးများ | ၁ရက် ဇန်နဝါရီ ၂၀၁၈ ရှိ စီမံကိန်း မစတင်မီ အင်တာ ဗျူး။ ၁ရက်၊ ဩဂုတ် လ၊ ၂၀၁၈ ရှိစီမံကိန်း အလယ်အင်တာ ဗျူး။ ၁ရက်၊ ဇန်နဝါ ရီ၊ ၂၀၁၉ ရှိ စီမံကိန်း ပြီး နောက်အင်တာ ဗျူး။ | စီမံကိန်း မန်နေဂျာ | စီမံကိန်းအလယ် အင်တာဗျူးမှရလဒ် များရရှိပြီးနောက် အကယ်၍ ရည် ညွှန်းရလဒ်၊ သို့မဟုတ်ခွဲခြမ်း ခြင်းရည်ညွှန်း ရလဒ်ကိုရောက်ရှိ ရန် ဖြစ်နိုင်ချေနည်း လျှင် |
| ကျွန်ုပ်တို့၏ အလုပ်ရုံ ဆွေးနွေးပွဲများသို့ တက်ရောက်ပြီး၊ ၎င်း တို့တွင် မွတ်ဆလင် ခေါင်းဆောင်များနှင့် ယခင်ထက် ပိုမို ကောင်းမွန်သော ဆက်ဆံရေးမျိုးရှိ ကြောင်းပြောဆိုခဲ့ သော ဘာသာရေး နှင့်လူမျိုးရေးခေါင်း ဆောင်များ၏ ရာခိုင်နှုန်း | ၁ရက်၊ ဇန်နဝါရီ လ၊ ၂၀၁၉ အထိ ၇၀ % | ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ % ထက်ပိုသော အမျိုးသား | အလုပ်ရုံဆွေးနွေးပွဲ များသို့ တက်ရောက် လာသူများနှင့်ပူး ပေါင်း ဆောင်ရွက် သော အလုပ်ရုံ ဆွေးနွေးပွဲမတိုင်မီ နှင့် ဆွေးနွေးပွဲအပြီး မေးခွန်းပုံစံများ။ | ၁ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ရှိ အလုပ်ရုံ ဆွေးနွေးပွဲမတိုင်မီ မေးခွန်းပုံစံ။ (၁ရက်၊ မတ်လ၊ ၂၀၁၈ ခုနှစ်)၊ (၁ရက်၊ ဩဂုတ်လ၊ ၂၀၁၈ခုနှစ်) နှင့် (၁ရက်၊ အောက်တိုဘာ၊ ၂၀၁၈ခုနှစ်) ရှိ အလုပ်ရုံဆွေးနွေးပွဲ အပြီး မေးခွန်းများ။ | စီမံကိန်း မန်နေဂျာ | အလုပ်ရုံ ဆွေးနွေး ပွဲများမှ ရလဒ်များ ရရှိပြီးနောက် အကယ်၍ရည် ညွှန်းရလဒ်၊ သို့မဟုတ်ခွဲခြမ်း ခြင်းရည်ညွှန်း ရလဒ်ကို ရောက်ရှိ ရန် ဖြစ်နိုင်ချေ နည်းလျှင် |
| ၂ရက်တာအလုပ်ရုံ ဆွေးနွေးပွဲ ၃ ခုသို့ တက်ရောက်ပြီး ဖြစ်သောဘာသာ ရေးနှင့်လူမျိုးရေး ခေါင်းဆောင်များ အရေအတွက် | ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၁၀ ယောက် | အမျိုးသမီး ရာခိုင် နှုန်း …ရည်ညွှန်း ရလဒ် = ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ % ထက်ပိုသော အရေအတွက်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ | အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်သူများ ပါဝင်သောတက် ရောက်သူများ စာရင်းစာရွက်။ | (၁ရက်၊မတ်လ၊ ၂၀၁၈ ခုနှစ်)၊ (၁ရက်၊ ဩဂုတ်လ၊ ၂၀၁၈ခုနှစ်) နှင့် (၁ရက်၊ အောက် တိုဘာ၊ ၂၀၁၈ခုနှစ်) နေ့ရက်များရှိ အလုပ်ရုံဆွေးနွေး ပွဲများတွင်။ | စီမံကိန်းအရာရှိ | အလုပ်ရုံဆွေး နွေးပွဲများမှ ရလဒ် များရရှိပြီးနောက် အကယ်၍ ရည် ညွှန်းရလဒ်၊ သို့မဟုတ် ခွဲခြမ်း ခြင်းရည်ညွှန်း ရ လဒ်ကို ရောက်ရှိ ရန် ဖြစ်နိုင်ချေနည်း လျှင် |

## Participatory monitoring and evaluation

When designing your plan, you should consider using a participatory monitoring and evaluation approach. The participatory approach is where stakeholders' role in monitoring and evaluation changes, and stakeholders become:

- Active participants rather than sources of information
- Evaluators themselves, facilitated by external actors
- Trained in analysis and problem-solving
- Part of any recommendations coming from the evaluation.

Organisations can involve their stakeholders as participants throughout monitoring and evaluation, including in:

- Designing a monitoring and evaluation plan
- Gathering information
- Analysing information
- Identifying problems in the project and developing solutions

The benefits of the participatory approach are that it increases stakeholder support for the project and its objectives, builds stakeholder capacity, and improves the reliability of the monitoring and evaluation and the overall lessons learned. However, the participatory approach can be time consuming and can be difficult when you do not want certain stakeholders to have access to sensitive information. If you decide to do participatory monitoring and evaluation, make sure to change the plan to reflect that. Participating stakeholders can include beneficiaries, partners, and sometimes even representatives of government. Stakeholders should be inclusive of minorities such as women, ethnic and religious groups.

## အများပူးပေါင်းပါဝင်မှုရှိသော စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ဆန်းစစ်ခြင်း

သင့် အစီအစဉ်ကို ဒီဇိုင်းဆွဲပြီးသည့်အခါ ပူးပေါင်းပါဝင်မှုရှိသော စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ဆန်းစစ်ခြင်း ချဉ်းကပ်ပုံကို အသုံးပြုရန် စဉ်းစားသင့်သည်။ ပူးပေါင်းပါဝင်မှုရှိသောချဉ်းကပ်ပုံတွင် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း အပြောင်းအလဲများတွင် ပါဝင်သူများ၏ အခန်းကဏ္ဍပါဝင်ပြီး၊ ပါဝင်သူများမှာ –

- သတင်းအချက်အလက်ရင်းမြစ်ထက် တက်ကြွသော ပူးပေါင်းပါဝင်သူများ
- ပြင်ပမှ ပုဂ္ဂိုလ်များ၏ ကူညီထောက်ပံ့မှုဖြင့် ၎င်းတို့ကိုယ်တိုင် အကဲဖြတ်ဆန်းစစ်သူများ
- လေ့လာဆန်းစစ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းတွင် လေ့ကျင့်ခံထားရပြီးသူများ
- အကဲဖြတ်ဆန်းစစ်ခြင်းမှ လာသော အကြံပြုချက်များ၏ အစိတ်အပိုင်း စသည်တို့ဖြစ်လာ ကြသည်။

အဖွဲ့အစည်းများက ၎င်းတို့၏ ပါဝင်သူများကို တက်ရောက်သူများအဖြစ် စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ဆန်းစစ်ရေး တလျှောက်လုံးတွင် ထည့်သွင်းနိုင်သည်။ ယင်းပါဝင်သူများကို –

- စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ဆန်းစစ်ခြင်း အစီအစဉ် ကို ရေးဆွဲခြင်း
- သတင်းအချက်အလက်များ စုဆောင်းခြင်း
- သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း
- စီမံကိန်းရှိပြဿနာရပ်များကို သတ်မှတ်ပြီး ဖြေရှင်းပုံများကို တည်ဆောက်ခြင်းစသည် တို့တွင်လည်း အပါအဝင်ထည့်သွင်း ရမည်ဖြစ်သည်။

ပူးပေါင်းပါဝင်မှုရှိသောချဉ်းကပ်ပုံ၏အကျိုးကျေးဇူးများမှာစီမံကိန်းနှင့်ရည်ရွယ်ချက်များအတွက်ပါဝင်သူများ၏ပံ့ပိုးမှုကိုမြင့်တက်စေပြီး၊ ပါဝင်သူများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးကာ၊ စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ဆန်းစစ်ခြင်း၏ လက်တွေ့ အမှန်တရားနှင့် အားလုံးခြုံငုံသည့်သင်ခန်းစာများ၏အမှန်တရားကိုတိုးတက်စေသည်။ မည်သို့ပင်ဆိုစေ (တိကျသည့်) ပါဝင်သူများကို ထိလွယ်ရှလွယ်သော သတင်းအချက်အလက်များ မရစေချင်သည့်အခါတွင် ပူးပေါင်းပါဝင်သည့်ချဉ်းကပ်မှုသည် အချိန်ကုန်စေပြီး ခက်ခဲနိုင်သည်။ အကယ်၍ အများပူးပေါင်းပါဝင်မှုရှိသော စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ဆန်းစစ်ခြင်းကိုပြုလုပ်ဖို့ သင်ဆုံးဖြတ် ချက်ချလျှင် ယင်းကို ထင်ဟပ်စေရန် အစီအစဉ်ကို ပြောင်းလဲပစ်ပါ။ ပူးပေါင်းပါဝင်သူများထဲတွင် အကျိုးခံစားခွင့်ရှိသူများ၊ မိတ်ဖက်များ နှင့် တခါတရံ အစိုးရကိုယ်စားလှယ်များကိုပါ ထည့်သွင်းနိုင်သည်။ ယင်းပါဝင်သူများတွင် လူနည်းစုလူအုပ်စုများဖြစ်သော အမျိုးသမီးများ၊ တိုင်းရင်းသားများနှင့် ဘာသာရေးအုပ်စုများကိုလည်း ထည့်သွင်းသင့်ပေသည်။

## Methods and sources for gathering information

There are many ways to gather information for your indicator. For each indicator, the column "information method and source" in the Logical Framework needs to say what method you will use to get your information and from what source. Methods include for example, direct observation, interviews, focus groups discussions, document reviews, tests, questionnaires, and surveys. Each method has strengths and weaknesses, but you can choose a method by asking yourself:

- How difficult is the project? Qualitative methods are better suited to han dling difficult projects and concepts
- How much information is already available? Some methods are more useful for filling in information gaps
- How much information do we need? Large quantities of information are best gathered using questionnaires and surveys, and small quantities are best gathered using interviews and direct observation
- Do we need information on knowledge, attitudes, or practices? Knowledge can be easily seen in tests, attitudes can be checked with questionnaires, and practices can be seen in direct observation.
- How much time do we have? Questionnaires are quicker to do than inter views.
- How much money and capacity do we have? All methods need staff and volunteers, but some methods like interviews and focus groups will cost more money.
- How hard will it be to gather information ? It is easier to gather information from some participants using interviews, while others will easily complete a form or test.

Once you have decided upon a method, you should consider what or who will be your source of information. Sources depend on the indicator, but often sources for output and outcome indicators include the participants themselves, while impact indicators may have wider sources because you want to contribute to broader change.

## သတင်းအချက်အလက်နည်းလမ်းနှင့် အရင်းအမြစ်

သင်၏အညွှန်းကိန်းအတွက် သတင်းအချက်အလက်စုဆောင်းရန် နည်းလမ်းများစွာရှိသည်။ ကျိုးကြောင်းခိုင်လုံသောမူဘောင်ရှိ "သတင်းအချက်အလက် နည်းလမ်း နှင့် အရင်းအမြစ်" ကော်လံက အညွှန်းကိန်းတစ်ခုချင်းစီအတွက် သတင်းအချက်အလက်ကို ရရှိရန် မည်သည့်နည်းလမ်းကို သုံးမလဲ၊ မည်သည့် သတင်းအရင်းအမြစ်မှ ရရှိမလဲ ဆိုသည်ကို ပြောဖို့လိုအပ်သည်။

နည်းလမ်းများတွင် ဥပမာ တိုက်ရိုက်လေ့လာခြင်း၊ အင်တာဗျူးများ၊ အာရုံစိုက်သည့် အုပ်စု၊ အထောက်အထားမှတ်တမ်း အမြင်များ၊ စစ်ဆေးမှု၊ မေးခွန်းပုံစံများ နှင့် ဆာဗေးအချက်အလက် ကောက်ခံခြင်းများ စသည်တို့ ပါဝင်သည်။ နည်းလမ်းတိုင်းတွင် အားသာချက်နှင့် အားနည်းချက်ရှိသည်။ သို့သော် သင့်ကိုယ်သင့် မေးခွန်းထုတ်ခြင်းအားဖြင့် နည်းလမ်းတစ်ခုကို ရွေးချယ်နိုင်သည်။

- စီမံကိန်းက ဘယ်လောက်ခက်ခဲသလဲ။ အရည်အသွေးပြ နည်းလမ်းက ခက်ခဲသော စီမံကိန်းများကို ကိုင်တွယ်ရန် ပို၍ အသုံးတည့်သည်။
- သတင်းအချက်အလက် မည်မျှ ရယူနိုင်နေပြီလဲ။ အချို့သော နည်းလမ်းများက သတင်းအချက်အလက် ဟာကွက်များကို ချိတ်ဆက်ဖြည့်စွက်ရာတွင်ပို၍အသုံးဝင်လေသည်။
- သတင်းအချက်အလက်မည်မျှ ကျွန်ုပ်တို့ လိုအပ်သလဲ။ သတင်းအချက်အလက်၏ ကြီးမားသော အရေအတွက်များကို မေးခွန်းပုံစံများ၊ ဆာဗေးများ သုံးခြင်းဖြင့် အကောင်းဆုံး စုစည်းကြသည်။ သေးငယ်သောအရေအတွက်ကိုမူ အင်တာဗျူးများ နှင့် တိုက်ရိုက် လေ့လာခြင်းနည်းလမ်းကို သုံးခြင်းဖြင့် အကောင်းဆုံး စုဆောင်းကြလေသည်။
- အသိပညာ၊ ရပ်တည်ချက်သဘောထား၊ သို့မဟုတ် အလေ့အထများ ရှိ သတင်းအချက် အလက်များကို ကျွန်ုပ်တို့ လိုအပ်သလား။ စစ်ဆေးမှုများတွင် အသိပညာကို လွယ်ကူစွာမြင်နိုင်သည်။ မေးခွန်းပုံစံများဖြင့် ရပ်တည်ချက်သဘောထားကို စစ်ဆေးနိုင်ပြီး၊ အလေ့အထကို တိုက်ရိုက် လေ့လားဆန်းစစ်ချက်မှ မြင်တွေ့နိုင်သည်။
- အချိန်ဘယ်လောက်လိုသလဲ။ မေးခွန်းပုံစံများကို အင်တာဗျူးများထက် ပိုမိုမြန်ဆန်စွာ ပြုလုပ်နိုင်သည်။
- ငွေကြေးနှင့် စွမ်းရည် မည်မျှ ရှိသလဲ။ နည်းလမ်းအားလုံးက ဝန်ထမ်းနှင့် စေတနာ့ ဝန်ထမ်းများလိုအပ်သည်။ သို့သော် အင်တာဗျူးနှင့် အာရုံစိုက်သည့်အုပ်စု ကဲ့သို့သော အချို့နည်းလမ်းများက ငွေကြေးကုန်ကျမှုလည်း ရှိပေမည်။
- စုဆောင်းဖို့ရန် မည်မျှခက်ခဲသလဲ။ အင်တာဗျူးအသုံးပြုပြီး အချို့သော ပူးပေါင်းသူများထဲမှ သတင်းအချက်အလက် စုဆောင်းသည်က ပိုမိုလွယ်ကူပြီး၊ စစ်ဆေးချက်များက အခြားသတင်းအချက်အလက်များကို လွယ်ကူစွာ ဖြည့်စွက်ပါလိမ့်မည်။

နည်းလမ်းတစ်ခုကို သင်ဆုံးဖြတ်ပြီးလျှင် ဘယ်အရာနှင့် ဘယ်သူက သင့်ရဲ့ သတင်းအချက်အလက် အရင်းအမြစ် ဖြစ်သည်ကို စဉ်းစားပါ။ ရင်းမြစ်များက အညွှန်းကိန်းများအပေါ်တွင် အခြေခံသည်။ သို့သော် မကြာခဏဆိုသလို လက်ငင်းရလဒ်နှင့် စီမံကိန်းအပြီး ရလဒ် အညွှန်းကိန်းများအတွက် သတင်းရင်းမြစ်များက သူတို့ဘာသာ ပူးပေါင်းပါဝင်သူများကို ထည့်သွင်းပေးလေသည်။ ပိုမိုကျယ်ပြန့်သောအပြောင်းအလဲကိုသင်ကပေးချင်သောကြောင့်တဖက်၌ရေရှည်သက်ရောက်မှုအညွှန်းကိန်းများတွင်ပိုမိုကျယ်ပြန့်သောရင်းမြစ်များ ရှိနေနိုင်သည်။

## Being systematic

Another important factor in gathering information is making sure it is done systematically. Being systematic includes deciding what you will do in advance, and then doing it in the same way every time. It is also important to ensure that your personal biases do not affect the information that you are collecting. This table includes some examples of being systematic.

| **Example Systematic Information Gathering Tool** | | | |
|---|---|---|---|
| | **Decide in advance** | **Do it the same** | **Remove biases** |
| Example 1: Gathering information using interviews | Decide who you need to ask and what you need to answer. Write all your questions. Testing them first is a good idea. | Ask everyone the same questions, explaining further if participants do not understand. | Check your questions for bias and make sure your interviewer will not affect the answers due to who they are or what they say or do. |
| Example 2: Gathering information from Facebook posts and comments | Decide where you will look (specific pages) and what exactly you are looking for. Agreeing exact words or levels of hateful is a good idea. | Check the same pages over the project timeline, checking them on the same day and time. If you are scrolling through posts, make sure it is between agreed points in time. | Be aware of personal Facebook settings so that you see everything. Have different people check the posts and comments to see if your assessment of the level of hateful is the same. |

## စနစ်ကျခြင်း

သတင်းအချက်အလက်စုဆောင်းရာတွင် နောက်ထပ်အရေးကြီးသော အချက်မှာ ၎င်းကိုစနစ်တကျပြီးစီးဆောင်ရွက်ခဲ့ရဲ့လား ဆိုသည့် အချက်ပင်ဖြစ်သည်။ စနစ်ကျနခြင်းတွင် သင်ကို ဘာကို ကြိုတင်လုပ်ဆောင်မလဲ ဆိုသည်ကို ဆုံးဖြတ်ခြင်း နှင့် ထို့နောက် ၎င်းတူညီသော အရာကိုပင် အချိန်တိုင်း လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။ သင်၏ ပုဂ္ဂိုလ်ရေးအရ ဘက်လိုက်ခြင်းများက သင်စု ဆောင်းနေသော သတင်းအချက်အလက်များကို သက်ရောက်မှုမရှိကြောင်း သေချာစေရန် အရေးကြီးသည်။ ဤဇယားတွင်စနစ်တကျဖြစ်ခြင်း၏ ဥပမာ တချို့ပါဝင်သည်။

| စနစ်တကျဖြစ်သော သတင်းအချက်အလက်စုဆောင်းခြင်း **Tool** ဥပမာ | | | |
|---|---|---|---|
| | **ကြိုတင်ဆုံးဖြတ်ချက်ချပါ** | **တူညီစွာလုပ်ဆောင်ပါ** | **ဘက်လိုက်ခြင်းများကို ဖယ်ရှားပါ** |
| ဥပမာ ၁။ အင်တာဗျူး အသုံးပြု သတင်း စုဆောင်းခြင်း | သင်ဘာကို မေးဖို့၊ ဖြေဖို့ လိုအပ် ကြောင်း ဆုံးဖြတ်ချက်ချပါ။ သင်၏ မေးခွန်းများအားလုံးကိုချရေးပါ။ ၎င်း တို့ကို ဦးစွာ စမ်းသပ်ခြင်းက ကောင်း သည့် အကြံပင်ဖြစ်သည်။ | လူတိုင်းကို တူညီသော မေးခွန်း များ မေးပါ။ ပူးပေါင်းဖြေဆို သူများမှ နားမလည်လျှင်ပိုမို ရှင်းပြပါ။ | ဘက်လိုက်ယိမ်းယိုင်ခြင်းအတွက် သင့် မေး ခွန်းများကို စစ်ဆေးပြီး၊ သင်၏ အင်တာဗျူး များက သူတို့ဘယ်သူ၊ ဘာပြောသည်၊ ဘာ လုပ်ကိုင်သည် ဆိုသည်များကြောင့် အဖြေ ကို မထိခိုက်ကြောင်းသေချာပါစေ။ |
| ဥပမာ ၂။ ဖေ့စ်ဘွတ်ခ်ပို့စ် နှင့်ထင်မြင်ချက် ကွန်မန့် များမှ သတင်းစုဆောင်း - ခြင်း | သင်ဘယ်နေရာ (သီးသန့်စာမျက်နှာ ပေ့ဂျ်များ) တွင်၊ အတိအကျ မည် သည့်အချက်အား ရှာဖွေကြည့်ရှု မည်ဆိုသည်ကို ဆုံးဖြတ်ချက်ချပါ။ တိကျသော စကားလုံးများ သို့မဟုတ် အမုန်း တရားအဆင့်ကို သဘောတူ ဆုံးဖြတ်ခြင်းက ကောင်းမွန်သည့် အကြံပင်ဖြစ်သည်။ | စီမံကိန်း အချိန်ဇယားအပေါ် မူတည်၍ တူညီသော စာမျက်နှာများကိုပဲ၊ တစ် ရက် တည်းတချိန်တည်းမှာ စစ်ဆေး ပါ။ အကယ်၍ ပို့စ်များကို အထက် အောက်ရွှေ့၍ စစ်ဆေးလျှင်လည်း သ ဘော တူညီထားသော အချိန်ကာလ အမှတ်များသာ ဖြစ်ပါစေ။ (ဥပမာ - ဖေ့စ်ဘွတ်ခ်စာမျက်နှာ A ရှိ ၁ရက်၊ ဇန်နဝါရီ၊ ၂၀၁၉ ရက်စွဲပါ ပို့စ် များကို စစ်လျှင် ဖေ့စ်ဘွတ်ခ်စာမျက် နှာ ကြိုစစ်ဆေးရာတွင် တူညီသော ရက်စွဲရှိ ပို့စ်များဖြစ်ရမည်။) | သင် အားလုံးကို မြင်နိုင်စေရန် ပုဂ္ဂိုလ်ရေး ဖေ့စ်ဘွတ်ခ် Setting များ ကို သတိထား ပါ။ ပို့စ်များ၊ ထင်မြင်ချက်ကွန်မန့်များအား မတူ ညီသော လူများအားဖြင့် စစ်ဆေးစေကာ သင့်အမုန်းတရားအဆင့် စမ်းသပ်စစ်ဆေး ချက်ကအတူတူပင်ဖြစ်ကြောင်း သေချာ ပါစေ။ |

## Tip: Gathering information ethically




There are many ethical considerations when gathering information. Here are a few of them:

- Receive consent: Never take information from a person without their consent. Participants can only give consent based on knowing what you are doing and why
- Be careful interviewing victims of hate speech: Watch out for signals of du ress including agitation or tears and be prepared to pause or stop
- Guarantee confidentiality: Make sure participants know how their names or information will be used, and do not use their names in the data unless necessary
- Keep secure: Engage with participants in a way that keeps what they say secure, including using private spaces and protecting any physical or digital notes or files
- Keep safe: Make sure both you and the participants are safe. Consider their environment and people that they know
- Give feedback: Try to let participants know the results of your information gathering so that they understand better and are more likely to take part in the future.

## အကြံပြုချက် - သတင်းအချက်အလက်များကို ကိုယ်ကျင့်တရားနှင့် အညီ စုဆောင်းခြင်း




သတင်းအချက်အလက်စုဆောင်းသည့်အခါများစွာသော ကိုယ်ကျင့်တရားဆိုင်ရာ ထည့်သွင်းစဉ်းစားစရာများ ရှိလေသည်။ ၎င်းတို့ထဲမှ အချို့ကို ဖော်ပြပါမည်။

- သဘောတူညီမှု ရယူပါ။ ၎င်းတို့၏ သဘောတူညီမှု မပါဘဲ လူတစ်ဦးဆီမှ သတင်း အချက်အလက် ဘယ်တော့မှ မယူပါနှင့်။ ပူးပေါင်းပါဝင်သူများ အနေဖြင့် သင် ဘာလုပ် နေသည်၊ ဘာကြောင့် လုပ်ကိုင်နေသည်ကို သိရှိမှသာ ယင်းကို အခြေခံ၍ သဘော တူညီမှု ပေးနိုင်မည် ဖြစ်သည်။
- အမုန်းစကား၏ သားကောင်များနှင့် အင်တာဗျူးသောအခါ သတိထားပါ။ စိတ်သောက သို့မဟုတ် မျက်ရည်ကျခြင်းများ အပါအဝင် ဖိအားများ၏ သင်္ကေတများကို စောင့်ကြည့်ပြီး၊ ခေတ္တရပ်နားရန် သို့မဟုတ် ရပ်တန့်ရန် ပြင်ဆင်ထားပါ။
- လျှို့ဝှက်မပေါက်ကြားစေရေးကိုအာမခံချက်ပေးပါ။ပူးပေါင်းဖြေဆိုသူများအနေဖြင့်၎င်းတို့၏အမည်နာမနှင့်သတင်းအချက်အလက်များအား မည်သို့ အသုံးပြုမည်ကို သိရှိပါစေ။ မလိုအပ်ဘဲ အချက်အလက်များထဲတွင် ၎င်းတို့၏ နာမည်ကို အသုံး မပြုပါနှင့်။
- လုံခြုံစွာသိမ်းဆည်းပါ။ ကိုယ်ပိုင်နေရာများ အပါအဝင် စာရွက်စာတမ်းများ၊ ဖိုင်များ သာမက ဒစ်ဂျစ်တယ် ဖိုင်များကို ကာကွယ်ခြင်းဖြင့် ၎င်းတို့ဖြေဆို ပြောကြားထား သည်များကို လုံခြုံစွာ သိမ်းဆည်းသည့် နည်းလမ်းအသုံးပြုကာ ပူးပေါင်း ဖြေဆိုသူများကို ချိတ်ဆက်ပါ။
- လုံခြုံမှုရှိပါစေ၊ သင် နှင့် သင့် ပါဝင်ဖြေဆိုသူများ လုံခြုံမှုရှိကြောင်း သေချာအောင် ပြုလုပ်ပါ။ ၎င်းတို့၏ ပတ်ဝန်းကျင်နှင့် သိကျွမ်းသော သူများကိုလည်း ထည့်သွင်းစဉ်းစားပါ။
- အကြောင်းပြန်ချက် ပေးပါ။ သင်၏ သတင်းအချက်အလက်စုဆောင်းခြင်း မှ ရရှိသော ရလဒ်များကို ပူးပေါင်းဖြေဆိုခဲ့သူများအား အသိပေးရန် ကြိုးစားပါ။ သို့မှသာ ၎င်းတို့ ပိုမိုနားလည်လာပြီး အနာဂတ်တွင် ပူးပေါင်းပါဝင်နိုင်ချေ ပိုမိုရှိလာမည် ဖြစ်သည်။

## Tools for gathering information

Here are some of the most useful tools for gathering information on indicators for countering hate speech. Each tool is flexible and can be easily adapted to your own circumstances.

## Tool: Questionnaires

Questionnaires are question sets that give you written answers to use in measuring your indicator. Questionnaires are useful for gathering information from participants attending a workshop or a training, and save a lot of time as they are self-completing so that you can get answers from a lot more people. **The are most useful when applied to quantitative or multiple choice type questions, or when there is adequate human resources to analyse open ended questions.** People often feel more anonymous too, so they give more truthful answers. Questionnaires are not useful if you need to really investigate what people are saying, however, because unless you ask for their name, you do not know who to ask for follow-up. Be aware that people are often tired of questionnaires and usually rush through them so that they can go home!

The best thing about questionnaires is that they are easily comparable, so that you can do one at the beginning of your project or workshop, and then compare the answers against another one at the end. This is often called pre and post tests. They can get tiring and repetitive, so you could consider asking one or two “hands-up” questions orally at the beginning of the workshop, count the answers, and then have the same question in the written questionnaire at the end of the workshop. Consider the questions carefully. If a topic is sensitive, then people may not want to answer, may not answer honestly or may say ‘I don’t know’.

## သတင်းအချက်အလက်စုဆောင်းခြင်း Tool များ

အမုန်းစကားဆန့်ကျင်တန်ပြန်ခြင်းအတွက် အညွှန်းကိန်းများဆိုင်ရာ သတင်းအချက်အလက်စုဆောင်းခြင်းအတွက်အသုံးအဝင်ဆုံး Tool အချို့ကို ဖော်ပြပါမည်။ Tool တစ်ခုစီက လွယ်ကူစွာပြောင်းလဲနိုင်ပြီး၊ သင်၏ အခြေအနေနှင့် အလွယ်ကတူအံ့ဝင်ခွင်ကျဖြစ်နိုင်ပါသည်။

## Tool: မေးခွန်းစာရင်း

မေးခွန်းစာရင်းများဆိုသည်မှာ သင့် အညွှန်းကိန်းတိုင်းတာခြင်းတွင် အသုံးပြုရန် ရေးသားထားသော အဖြေများ ပေးမည့် မေးခွန်းများဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ သို့မဟုတ် သင်တန်းသို့ တက်ရောက်လာသော သူများထံမှ သတင်းအချက်အလက်များ စုဆောင်းရန်အတွက် မေးခွန်းစာရင်းပုံစံက အသုံးဝင်သည်။ တက်ရောက်လာသူများမှ မိမိဘာသာဖြည့်စွက်ရသည် ဖြစ်သောကြောင့် အချိန်များစွာသက်သာပြီးလူများစွာဆီမှအဖြေများရနိုင်လေသည်။လူများမှအမည်မသိဟုခံစားရလျှင် (အမည်ဖော်ပြစရာမလိုလျှင်) ပိုမိုမှန်ကန်သော အဖြေများကို ပေးတတ်ကြသည်။ အကယ်၍ လူတွေဘာပြောသည်ကို သင် စုံစမ်းစစ်ဆေးဖို့ အမှန်တယ်လိုအပ်ပါက မေးခွန်းစာရင်းပုံစံသည် အသုံးဝင်မည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် နောက်ဆက်တွဲမေးခွန်းများမေးရန် ၎င်းတို့ အမည်နာမကို မသိဘဲ မဖြစ်နိုင်သောကြောင့် ဖြစ်လေသည်။ မကြာခဏဆိုသလို လူများက မေးခွန်းများကို ငြီးငွေ့လာပြီး ဖြေဆိုအပြီး အိမ်မြန်မြန် ပြန်ရရေး ခပ်သွက်သွက်လုပ်ပစ်တတ်ကြသည်။

မေးခွန်းစာရင်းများ၏ အကောင်းဆုံးအရာမှာ နိူင်းယှဉ်ရလွယ်ကူသောကြောင့် စီမံကိန်း သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲအစတွင် ပြုလုပ်နိုင်ပြီး၊ ယင်းအဖြေများကို အဆုံးသတ်အဖြေများနှင့် တိုက်ဆိုင်စစ်ဆေးနိုင်သည်။ ကြိမ်ဖန်များစွာဖြစ်ပြီး ဖြေဆိုသူများ ငြီးငွေ့လာနိုင်သဖြင့် အလုပ်ရုံဆွေးနွေးပွဲအစမျိုးတွင် "သိသူက လက်ထောင်ဖြေဆိုရသော" မေးခွန်း ၁ မျိုး၊ ၂ မျိုး ကိုထည့်သွင်းစဉ်းစားသင့်သည်။ အဖြေများကို ရေတွက်မှတ်သားထားပြီး အလုပ်ရုံဆွေးနွေးပွဲ အပြီးတွင် ၎င်းမေးခွန်းများကို ရေးသားထားသည့်မေးခွန်းပုံစံ၌ ထပ်မံထည့်မေးပါ။

| Example Questionnaire Tool |
|---|
| General workshop quality questions: These questions measure the quality of the workshop preparation, materials, logistics and methodology. It is a good idea to always ask these at the end of each workshop so that you can improve them each time. |
| Overall, I think the workshop was: Poor – Average – Good. Comments? |
| The invitation, information and location were: Poor – Average – Good. Comments? |
| The workshop moderation / facilitation was: Poor – Average – Good. Comments? |
| The chances to speak and discuss were: Poor – Average – Good. Comments? |
| The timing and length of sessions were: Poor – Average – Good. Comments? |
| The quality of handouts / materials was: Poor – Average – Good. Comments? |
| Indicator-specific questions: These questions should be designed according to your outcome indicators. It is useful to look above at the KAB Tool and 3 Rs Tool to think about what your indicator measures. These examples are for the above Logical Framework outcome indicator: "Percentage of religious and community leaders in that have attended our workshops and say that they have better relationships with other leaders." |
| [Knowledge] Where do you get information about people from other religions?<br>Online sources like Facebook -- Newspapers and books -- People from other religions |
| [Knowledge] How would you regard your knowledge of leaders in from other religions?<br>Very bad – Bad – Do not know – Good – Very good. Comments? |
| [Attitude] What do you think about people who say that religious leaders should meet and talk with leaders from other religions?<br>Completely disagree -- Disagree – Do not know – Agree – Completely agree. Comments? |
| [Attitude] What do you think about people who say that leaders should promote tolerance of people from other religions?<br>Completely disagree -- Disagree – Do not know – Agree – Completely agree. Comments? |
| [Behaviour] How are your relationships with leaders from other religions?<br>Very bad – Bad – Do not know – Good – Very good. Comments? |
| [Behaviour] Have you ever encouraged other leaders to talk with leaders from other religions?<br>Never – Rarely – Sometimes – Occasionally – Often. Comments? |

| မေးခွန်းပုံစံ **Tool** ဥပမာ |
| --- |
| အလုပ်ရုံဆွေးနွေးပွဲ၏အထွေထွေသော အရည်အသွေးဆိုင်ရာမေးခွန်းများ၊ ဤမေးခွန်းများက အလုပ်ရုံဆွေးနွေးပွဲ၏ပြင်ဆင်မှု၊ အထောက်အကူပြုပစ္စည်း၊ စာရင်းအင်း အပိုင်း နှင့် ဆွေးနွေးပွဲ နည်းပညာစသည်တို့ကို တိုင်းတာသည်။ ဤမေးခွန်းများကို အမြဲတမ်း အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် မေးခြင်းက အကြံကောင်းဖြစ်သည်။ သို့မှသာ လိုအပ်ချက်များကို တစ်ကြိမ်ထက် တစ်ကြိမ် တိုးမြှင့်သွားနိုင်မည် ဖြစ်သည်။ |
| ခြုံငုံပြောရလျှင် အလုပ်ရုံဆွေးနွေးပွဲမှာ ၊ ညံ့ – သင့် – ကောင်း ။ ထင်မြင်ချက်များ။ |
| ဖိတ်ကြားချက်၊ သတင်းအချက်အလက် နှင့် ဆွေးနွေးပွဲတည်နေရာတို့မှာ ၊ ညံ့ – သင့် – ကောင်း ။ ထင်မြင်ချက်များ။ |
| အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ သင့်တင့်စေရန်ကူညီလမ်းကြောင်းမှု၊ အဆင်ပြေချောမွေ့စေရန် ကူညီပေးမှု တို့မှာ၊ ညံ့ – သင့် – ကောင်း ။ ထင်မြင်ချက်များ။ |
| ပြောဆိုဆွေးနွေးခွင့်များသည် ၊ ညံ့ – သင့် – ကောင်း ။ ထင်မြင်ချက်များ။ |
| အချိန်ကိုက်ဖြစ်ခြင်း နှင့် ဆွေးနွေးပွဲကဏ္ဍများ၏ကြာမြင့်ချိန်မှာ၊ ညံ့ – သင့် – ကောင်း ။ ထင်မြင်ချက်များ။ |
| ပေးဝေသော စာရွက်စာတမ်း၊ အထောက်အကူပြု ပစ္စည်းများမှာ၊ ညံ့ – သင့် – ကောင်း ။ ထင်မြင်ချက်များ။ |
| အညွှန်းကိန်း သီးသန့် မေးခွန်းများ၊ ဤမေးခွန်းများကို သင်၏ စီမံကိန်းအပြီး ရလဒ် အညွှန်းကိန်းများ အရ ဒီဇိုင်းဆွဲသင့်သည်။ အထက်တွင်ဖော်ပြခဲ့သော KAP Tool နှင့် 3Rs Tool များကို ပြန်ကြည့်ပြီး သင်၏အညွှန်းကိန်းများက ဘာကို တိုင်းတာမည်ဆိုသည်ကို တွေးတောခြင်းက ပိုအသုံးတည့်သည်။ ဤဥပမာများက အထက်တွင်ဖော်ပြခဲ့သော ကျိုးကြောင်းဆီလျော်သည့် မူဘောင် ၏ စီမံကိန်းအပြီးရလဒ် အညွှန်းကိန်းဖြစ်သော "ကျွန်ုပ်တို့၏ အလုပ်ရုံဆွေးနွေးများသို့ တက်ရောက်ပြီး၊ ၎င်းတို့တွင် မွတ်ဆလင်ခေါင်းဆောင်များနှင့် ယခင်ထက်ပိုမိုကောင်းမွန်သော ဆက်ဆံရေးများ ရှိလာကြောင်း ပြောဆိုခဲ့သည့် မန္တလေးနေ ဘာသာရေးနှင့် လူမှုရေးခေါင်းဆောင် ရာခိုင်နှုန်း" အတွက် ဖြစ်သည်။ |
| [အသိပညာ] အခြားဘာသာဝင် လူများအကြောင်း သတင်းအချက်အလက်ကို သင် ဘယ်ကနေ ရရှိသလဲ။ ဖေ့စ်ဘွတ်ခ်ကဲ့သို့သော အွန်လိုင်းအရင်းအမြစ် – – သတင်းစာနှင့် စာအုပ်များ – – အခြားဘာသာဝင်များ။ |
| [အသိပညာ] မန္တလေးနေ အခြားဘာသာဝင်ခေါင်းဆောင်များအကြောင်း သင့်၌ရှိသော အသိပညာကို သင် ဘယ်လို သုံးသပ်မလဲ။<br>အလွန်ညံ့ – ညံ့ – မသိပါ – ကောင်း – အလွန်ကောင်း။ ထင်မြင်ချက်များ။ |
| [ရပ်တည်ချက်သဘောထား] ဘာသာရေးခေါင်းဆောင်များသည် အခြားဘာသာမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသင့်သည် ဟု ပြောသော လူများအပေါ် သင်ဘယ်လိုထင်သလဲ။ လုံးဝသဘောမတူပါ – – သဘောမတူပါ – – မသိပါ – – သဘောတူပါသည် – – လုံးဝသဘောတူပါသည်။<br>ထင်မြင်ချက်များ။ |
| [ရပ်တည်ချက်သဘောထား] ခေါင်းဆောင်များမှ အခြားဘာသာဝင်များအပေါ် စိတ်ရှည်နားလည်သည်းခံမှု မြင့်တက်လာစေရန် တိုးမြှင့်ပေးသင့်သည် ဟု ပြောသော လူများအပေါ် သင်ဘယ်လိုထင်သလဲ။<br>လုံးဝသဘောမတူပါ – – သဘောမတူပါ – – မသိပါ – – သဘောတူပါသည် – – လုံးဝသဘောတူပါသည်။<br>ထင်မြင်ချက်များ။ |
| [အပြုအမူ] မန္တလေးနေ အခြားဘာသာဝင်ခေါင်းဆောင်များနှင့် သင်၏ ဆက်ဆံရေးက ဘယ်လိုလဲ။<br>အလွန်ညံ့ – ညံ့ – မသိပါ – ကောင်း – အလွန်ကောင်း။ ထင်မြင်ချက်များ။ |
| [အပြုအမူ] အခြားခေါင်းဆောင်များကို ဘာသာခြားခေါင်းဆောင်များနှင့် စကားပြောဆိုဖို့ရန် သင်တစ်ခါမျှ တိုက်တွန်းဖူးသလား။<br>တခါမှမတိုက်တွန်းဖူးပါ – ရှားရှားပါးပါးသာ – တခါတရံ – အခါအားလျော်စွာ – မကြာခဏ။ ထင်မြင်ချက်များ။ |

## Tool: Interview

Interviews are like questionnaires but done individually, usually in person. An interviewer asks an interviewee questions with the aim of getting information so that they can measure an indicator. Interviews are useful because they are so flexible and can be used with anyone involved in a project. They do need to be systematic which requires a skilled interviewer. Interviews can be structured (following a strict list of questions), semi-structured (following a list of questions, but asking other relevant questions), or unstructured (without any list of questions). Questions can be closed (yes/no answers) or open-ended (descriptive answers). Interviews can be used for both qualitative and quantitative indicators. It is a good idea to create your interview questions considering the types of measurement in the KAB Tool and 3 Rs Tool.

## Tip: Interviewing skills

When interviewing someone:

| **Do** | **Do not** |
|---|---|
| ■ Test the interview schedule beforehand for clarity, and to make sure questions cannot be misunderstood<br>■ State clearly what the purpose of the interview is<br>■ Assure the interviewee that what is said will be treated in confidence<br>■ Ask if the interviewee minds if you take notes or tape record the interview<br>■ Record the exact words of the interviewee as far as possible<br>■ Keep talking as you write<br>■ Keep the interview to the point<br>■ Cover the full schedule of questions<br>■ Watch for answers that are vague and probe for more information<br>■ Be flexible and note down everything interesting that is said, even if it is not on the schedule. | ■ Offend the interviewee in any way<br>■ Say things that are judgmental<br>■ Interrupt in mid-sentence<br>■ Put words into the interviewees mouth<br>■ Show what you are thinking through changed tone of voice. |

## Tool: အင်တာဗျူး

အင်တာဗျူးများက ရေးသားထားသော မေးခွန်းစာရင်းပုံစံများကဲ့သို့ပင်ဖြစ်သည်။ သို့သော် လူကိုယ်တိုင်ကိုယ်ကျ တစ်ဦးချင်းစီ ဆောင်ရွက်ရသည်။ အင်တာဗျူးတစ်ခုသည် သတင်းအချက် အလက်ရရန် ရည်ရွယ်ချက်ဖြင့် အင်တာဗျူးခံရသူကို မေးခွန်းများ မေးသည်။ သို့မှသာ အညွှန်းကိန်းကို တိုင်းတာရန် သတင်းအချက်အလက်များ ရပေမည်။ အင်တာဗျူးများသည် ပြောင်းလဲရလွယ်ကူသဖြင့် လွန်စွာအသုံးဝင်သည်။ ၎င်းကို စီမံကိန်းတွင် ပါဝင်သော မည်သူတစ်ဦးတစ်ယောက်မဆို အသုံးပြုနိုင်သည်။ အင်တာဗျူးများသည် စနစ်ကျရန်လိုအပ်ပြီး၊ ထိုသို့ပြုလုပ်ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုတချို့ရှိသော အင်တာဗျူးမေးသူလိုအပ်သည်။ အင်တာဗျူးများကို (တိကျခိုင်မာသော မေးခွန်းစာရင်း အလိုက်) တည်ဆောက်ခြင်း၊ (မေးခွန်းစာရင်းအပြင် အခြားဆက်စပ်သောမေးခွန်းများ မေးခြင်းအရ) တစ်ဝက်တည်ဆောက်ခြင်း၊ သို့မဟုတ် (မေးခွန်းစာရင်းမပါဘဲ) တည်ဆောက်မှု မပြုခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ မေးခွန်းများမှာ (ဟုတ်တယ်၊ မဟုတ်ဘူးသာဖြေရန်) အပိတ်မေးခွန်း သို့မဟုတ် (ဖြစ်ရပ်ကျိုးကြောင်းဖော်ပြသောအဖြေများကိုပေးရန်) အဖွင့်မေးခွန်းတို့ပင်ဖြစ်သည်။ အင်တာဗျူးများကို အရေအတွက်နှင့် အရည်အသွေးပြအညွှန်းကိန်း နှစ်မျိုးလုံးအတွက် သုံးနိုင်လေသည်။ KAP Tool နှင့် 3Rs Tool ရှိ တိုင်းတာချက် အမျိုးအစားများကို ထည့်သွင်းစဉ်းစားလျက် သင်၏ အင်တာဗျူး မေးခွန်းများကို တည်ဆောက်ရန်မှာ ကောင်းမွန်သော စိတ်ကူးဖြစ်သည်။

## အကြံပြုချက် - အင်တာဗျူးကျွမ်းကျင်မှု

**တစ်စုံတစ်ဦးအား အင်တာဗျူးသည့်အခါ -**

| ပြုလုပ်ရန် | ရှောင်ကြဉ်ရန် |
|---|---|
| ■ ရှင်းလင်းစေရန် မတိုင်မီတွင် အင်တာဗျူးအစီအစဉ်ကို စစ်ဆေးပြီး မေးခွန်းများကို နားလည်မှုမလွဲနိုင်စေရန် သေချာအောင်လုပ်ပါ။<br>■ အင်တာဗျူး၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာ ဖော်ပြပါ။<br>■ အင်တာဗျူးဖြေဆိုမည့် သူအား ၎င်းပြောကြားမည့် အရာများကိုမပေါက်ကြားစေရေးလျှို့ဝှက်ထားမည်ဖြစ်ကြောင်း အာမခံပါ။<br>■ ဖြေဆိုသူမှ စိတ်မရှိလျှင် အင်တာဗျူးကို နတ်စ်မှတ်ပြီးအသံသွင်း ထား နိုင်သလားဆိုသည်ကို မေးမြန်းပါ။<br>■ ဖြစ်နိုင်သမျှ ဖြေဆိုသူပြောတော့ စကားလုံးများကိုတိတိကျကျ မှတ်တမ်း တင်ပါ။<br>■ ရေးနေချိန်မှာ စကားဆက်ပြောနေပါ။<br>■ အင်တာဗျူးကို လိုရင်းသို့ ဆွဲယူပါ<br>■ မေးခွန်းအစီအစဉ်အပြည့်အစုံကို ဖြည့်စွက်ပါ။<br>■ ဝေဝါးသည့်အဖြေများကို စောင့်ကြည့်ပြီး၊ သတင်းအချက်အလက် ပိုမို ရှာဖွေပါ။<br>■ လွယ်ကူစွာပြောင်းလဲပေးနိုင်သူ ဖြစ်ပါစေ။ အစီအစဉ်ထဲတွင် မပါလျှင် တောင် ဖြေဆိုသွားသည့် စိတ်ဝင်စားစရာမှန်သမျှကို ချရေးထားပါ။ | ■ မည်သည့်နည်းနှင့်ပင်ဖြစ်စေ ဖြေဆိုသူကို ထိခိုက်စော်ကားခြင်း။<br>■ ကောက်ချက်ချသည့်စကားများ။<br>■ ဝါကျတစ်ဝက်တွင် ဝင်ရောက်ကြားဖြတ်ခြင်း။<br>■ ဖြေဆိုသူ၏ ပါးစပ်ထဲသို့ စကားလုံးများ ထည့်ခြင်း။<br>■ သံနေသံထားပြောင်းလဲမှုအပေါ် သင် ဘာတွေးခေါ်နေကြောင်း အမူအယာပြခြင်း။ |

## Tool: Key Informant Interview

Key informant interviews are like interviews but they are carried out with specialists either on countering hate speech or a topic related to your project, rather than project beneficiaries or participants. As they are not involved in your project they can be more objective and give more unbiased information, but they need an interviewer who knows about hate speech or the topic that the interviewee specialises in, so that the answers are useful. Key informant interviews are particularly useful for impact indicators because they can talk about the big picture and the broader environment that you are working in.

## Tool: Focus Group Discussion

Focus group discussions are roundtable discussions involving about 6-12 people that were involved in the project, led by a facilitator with a carefully designed list of questions or discussion areas that will enable you to measure your indicators. Focus groups are an effective way to investigate a complex area in detail because participants will debate and dig into issues. You can often get more information about your project in one hour than you will get from 10 separate interviews! However, for larger projects it can be difficult to find 10 people that really represent all participants, which means that the information may not represent some views. Another potential problem is that sometimes more outspoken participants influence others, or more shy participants will not speak out.

## Tool: အဓိကသတင်းပေးသူအင်တာဗျူး

အဓိက သတင်းပေးသူ အင်တာဗျူးများသည် အခြားအင်တာဗျူးများကဲ့သို့ပင်ဖြစ်သည်။ သို့သော်ယင်းကို စီမံကိန်းအကျိုးခံစားရသူများ သို့မဟုတ် ပါဝင်တက်ရောက်သူများထက် အမှန်းစကားဆန့်ကျင်တန်ပြန်ရေး သို့မဟုတ် သင့်စီမံကိန်းနှင့် ပတ်သတ်နေသော တစ်စုံတစ်ခုကို လုပ်ကိုင်ဆောင်ရွက်နေသော အထူးပြုများ နှင့် စီစဉ်ဆောင်ရွက်သင့်သည်။ ၎င်းတို့မှာ သင့် စီမံကိန်းတွင်မပါဝင်သောကြောင့် ပိုမိုတိကျပြီး၊ ဘက်မလိုက်သော သတင်းအချက်အလက်များကို ပိုမိုပေးနိုင်သည်။ သို့သော် အဖြေများသည် အသုံးဝင်ရန် ၎င်းအင်တာဗျူးတို့တွင် အမုန်းစကားအကြောင်းသို့မဟုတ် အင်တာဗျူးဖြေဆိုသူ၏ အထူးပြု ခေါင်းစဉ်များကို သိရှိသည့် အင်တာဗျူး မေးသူတစ်ယောက် လိုအပ်သည်။ အဓိကသတင်းပေးသူအင်တာဗျူးများမှာ အထူးသဖြင့် ရေရှည်သက်ရောက်မှု အညွှန်းကိန်းအတွက် အသုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသူတို့က သင်လုပ်ကိုင်နေသည့် ကြီးမားသည့်အခင်းအကျင်းမြင်ကွင်း နှင့် ကျယ်ပြန့်သော ပတ်ဝန်းကျင်အကြောင်းကို ပြောဆိုနိုင်သောကြောင့်ဖြစ်သည်။

## Tool: အာရုံစိုက်အုပ်စုဆွေးနွေးခြင်း

အာရုံစိုက်အုပ်စုဆွေးနွေးခြင်းမှာ စီမံကိန်းရှိ လူ၁၀ဦးခန့်ပါဝင်သည့် စားပွဲဝိုင်းဆွေးနွေးမှုမျိုးဖြစ်ပြီး၊ သင့် အညွှန်းကိန်းများကို တိုင်းတာနိုင်စေရန် သေချာစေ့စပ်စွာ ဒီဇိုင်းဆွဲထားသည့် မေးခွန်းများ (သို့မဟုတ်) ဆွေးနွေးမည့်ဇရိယာဖြင့် ကူညီပံ့ပိုးပေးသူတစ်ဦးမှ ဦးဆောင်ကာ ဆွေးနွေးရခြင်းဖြစ်သည်။ အာရုံစိုက်အုပ်စုရှိ ပါဝင်သူများမှာ ပြဿနာရပ်များကို ဆွေးနွေးငြင်းခုန်ကြပြီး နက်နက်ရှိုင်းရှိုင်း တူးဖော်ကြမည်ဖြစ်၍ ရှုပ်ထွေးသည့်နယ်ပယ်များကို အသေးစိတ်စုံစမ်းဖော်ထုတ်ရန် ထိရောက်မှုရှိသော နည်းလမ်းဖြစ်သည်။ မကြာခဏဆိုသလိုပင် အာရုံစိုက်အုပ်စုမှ ၁ နာရီအတွင်း၌ ရရှိသော စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များမှာ သီးသန့်အင်တာဗျူး ၁၀ ခုမှ ရရှိသည့်ထက်ပိုမိုသည်။ မည်သို့ပင်ဆိုစေ ပိုမိုကြီးမားသည့် စီမံကိန်းများအတွက်မူ ပူးပေါင်းပါဝင်သူများ အားလုံးကို အမှန်တကယ် ကိုယ်စားပြုမည့် ပုဂ္ဂိုလ် ၁၀ ဦးခန့် ရှာဖွေရန်မှာ ခက်ခဲနိုင်သည်။ ဆိုလိုသည်မှာ သတင်းအချက်အလက်များအားလုံးသည် ပူးပေါင်းပါဝင်သူများ၏ အမြင်ကို ကိုယ်စားပြုမည် မဟုတ်သောကြောင့်ဖြစ်သည်။ အခြားဖြစ်နိုင်ချေရှိသည့် ပြဿနာတစ်ရပ်မှာ တခါတရံ ပိုမိုအသံထွက်သော ပူးပေါင်းပါဝင်သူများက အခြားသူများကို လွှမ်းမိုးသွားခြင်း (သို့မဟုတ်) အခြားပူးပေါင်းပါဝင်သူများမှ စကားထုတ်ဖော်ပြောရန် ပိုမို ရှိန်နေကြခြင်း ဖြစ်နိုင်သည်။

## Tool: Community Meeting

Community meetings are gatherings of people involved in your project who are asked questions and the answers help you measure your indicators. Community meetings are useful for measuring qualitative indicators and encourage broad debate and support for your measurements. They are particularly good if your counter-hate speech project works with communities of people in a particular location, who are easy to gather together. However, community meetings need a very skilled facilitator who can manage a crowd and can deal with any potential conflict that may arise.

## Tool: Observation

Observation involves directly watching events, processes, relationships, and behaviours to gather information for an indicator. Observation is particularly useful for qualitative indicators where you want to see how and when individuals change, and is also useful for building up more in-depth information on a change that you have seen using another tool, but could not see what happened in detail. Participatory observation is a type of observation where you get involved in what the person or people you are observing are doing. The downside of observation is that it can be very time-consuming to do, and it is difficult to both participate in something and observe it too. Types of observation can include asking staff or volunteers to:

- Take part in counter-hate speech workshop group discussions to monitor changes in attitude
- Attend external events to monitor how stakeholders' change their behaviour towards minorities.

## Tool: ဘာသာစကား၊ ယုံကြည်မှု၊ နေရာစသဖြင့် တူညီသော လူမျိုးစုအုပ်စု (ဘုံအုပ်စု) အစည်းအဝေး

ဘုံအုပ်စု အစည်းအဝေးဆိုသည်မှာ သင်၏ အညွှန်းကိန်းများကို တိုင်းတာရာတွင် သင့်အား ကူညီပေးမည့် အဖြေများကို ပေးသည့် စီမံကိန်းတွင်ပါဝင်သော လူများ၏ စုစည်းခြင်း ဖြစ်သည်။ အရည်အသွေးပြအညွှန်းကိန်းများကို တိုင်းတာရာတွင် ဘုံအုပ်စုအစည်းအဝေးများသည် အသုံးဝင်ကြပြီး၊ သင့် တိုင်းတာချက်များအတွက် အဖွဲ့လိုက် ဆွေးနွေးငြင်းခုန်ခြင်းနှင့် အထောက်အပံ့ပြုခြင်းများကို တွန်းအားပေးသည်။ အကယ်၍ သင်၏ အမုန်းစကားဆန့်ကျင်တန်ပြန်ရေးစီမံကိန်းက နေရာဒေသတစ်ခုထဲရှိ အတူတကွ စုစည်းရလွယ်ကူသော ဘုံအုပ်စုအမျိုးမျိုးနှင့် အလုပ်လုပ်လျှင် အထူးသဖြင့် ပိုမိုကောင်းမွန်သည်။ သို့သော် ဘုံအုပ်စုအစည်းအဝေးများသည် လူထုကို စီမံခန့်ခွဲနိုင်ပြီး၊ ဖြစ်နိုင်ချေရှိသည့် မည်သည့် ပဋိပက္ခကိုမဆို ကိုင်တွယ်နိုင်သော အလွန်ကျွမ်းကျင်သည့် ကူညီထောက်ပံ့ပေးမည့်သူတစ်ဦး လိုအပ်သည်။

## Tool: လေ့လာစူးစမ်းခြင်း

လေ့လာစူးစမ်းခြင်းတွင် အညွှန်းကိန်းအတွက် သတင်းအချက်အလက်များစုဆောင်းရန် အဖြစ်အပျက်များ၊ ဖြစ်စဉ်၊ ဆက်ဆံရေးနှင့် အပြုအမူများကို တိုက်ရိုက်စောင့်ကြည့်ခြင်းတို့ကိုပြုလုပ်သည်။ အထူးသဖြင့် သင်မြင်တွေ့လိုသည့် လူများမှ ဘယ်အချိန်တွင် ဘယ်လိုပြောင်းလဲသွားသည်ဆိုသည်ကိုဖော်ပြသည့်အရည်အသွေးပြအညွှန်းကိန်းများအတွက်လေ့လာစူးစမ်းမှုကအသုံးဝင်သည်။ ထို့အပြင် အခြား Tool ကို အသုံးပြုခြင်းဖြင့် သင်မြင်တွေ့ ပြီးသော်လည်း ဘာဖြစ်ပျက်ခဲ့သည်ကို အသေးစိတ်မသိနိုင်သည့် အပြောင်းအလဲ အပေါ်တွင်မူတည်ပြီး ပိုမိုနက်ရှိုင်းသည့် သတင်းအချက်အလက်များကို တည်ဆောက်ရာတွင်လည်း အသုံးဝင်သည်။ ပူးပေါင်းဆောင်ရွက်မှုရှိသော လေ့လာစူးစမ်းမှုဆိုသည်မှာ သင်လေ့လာနေသော လူတစ်ယောက် (သို့မဟုတ်) လူများ ဘာလုပ်နေသည်ကို သင်ကိုယ်တိုင်ပါဝင်ပြီး လေ့လာစူးစမ်းခြင်းပင် ဖြစ်သည်။ လေ့လာစူးစမ်းမှု၏ အခြားဘက်ပြဿနာမှာ ယင်းကို ပြုလုပ်ဆောင်ရွက်ရန် အချိန်ကုန်လွန်းပြီး၊ တစုံတစ်ခုတွင် ပူးပေါင်းပါဝင်ရန်နှင့် ယင်းကိုပင် စူးစမ်းလေ့လာရန်ဆိုသည်မှာ ခက်ခဲလှသည်။ လေ့လာစူးစမ်းမှု အမျိုးအစားများတွင် ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများကို ထည့်သွင်းပြီး အောက်ပါတို့ကိုပြုလုပ်ရန်တောင်းဆိုနိုင်သည်။

- ရပ်တည်ချက်သဘောထားအပြောင်းအလဲများကို စောင့်ကြည့်လေ့လာရန် အမုန်းစကား ဆန့်ကျင်တန်ပြန်ရေး အလုပ်ရုံဆွေးနွေးပွဲများရှိ အဖွဲ့လိုက်ဆွေးနွေးခြင်းများတွင်ပါဝင်ပါ။
- ပါဝင်သူများ၏ လူနည်းစုအုပ်စုများသို့ အပြုအမူပိုင်းဆိုင်ရာအပြောင်းအလဲကို လေ့လာ စောင့်ကြည့်ရန် ပြင်ပပွဲများကို တက်ရောက်ပါ။

## Tool: Case Study

Case studies are stories examining how a change happened in real life. A case study is an effective way to measure a qualitative indicator from the start of a project right until the end, and is particularly useful when you need to see in detail how a change happened. Case studies are unique and interesting, and need to be very clear and full of detail on the connections between what happened, what caused it to happen, and what was the effect of it happening. The tool below explains what information the case study should have.

| **Example Case Study Tool** | |
|---|---|
| **Context** | The context needs to set the scene, explaining basic information on the context. It should help people to understand the dynamics behind the underlying conflict or problem. Case studies are stories so it is best to centre it on an individual person like you would find in a book or film, called a "protagonist". |
| **Conflict or problem** | This section needs to identify the conflict or problem that the protagonist is facing, which should be easy to relate to for the reader. It is useful to think about this section as a trigger for what happens next. |
| **Intervention** | This section should explain step-by-step the protagonist's response to the trigger, and ensure that the events are in a logical sequence. The protagonist's response should be the result of your project activities because the case study is a measure of your project. |
| **Result** | The result should explain what happened to the conflict or problem as an immediate result of the protagonist's response. Only chose a case study where the result shows your Logical Framework outcome in action. Include the persons transformation or change in knowledge, attitudes, behaviour because of the project and the results. |
| **Impact** | A case study should also imply what the longer-term impact of the protagonist's actions are, so that the case study matches your Logical Framework impact and hopefully shows that your intervention is sustainable. While the result should be what happened to the individual protagonist, the impact should link that to the wider environment and show what the protagonist's actions contributed to. |
| **Follow-up, challenges, and lessons** | If you or other stakeholders did any follow-up, faced any challenges, or learned something important from the protagonist, this is a great ending to a useful case study. |

## Tool: လေ့လာရန်ဖြစ်ရပ်မှတ်တမ်း

ဖြစ်ရပ်မှတ်တမ်းဆိုသည်မှာ လက်တွေ့ဘဝတွင် အပြောင်းအလဲတစ်ခု မည်သို့ဖြစ်ပျက်သည်ကို ဆန်းစစ်သော ဖြစ်ရပ်များ ဖြစ်ကြသည်။ ဖြစ်ရပ်မှတ်တမ်းသည် စီမံကိန်းအစမှ အဆုံးအထိ အရည်အသွေးပြအညွှန်းကိန်းကို တိုင်းတာရန် ထိရောက်သောနည်းလမ်းဖြစ်သည်။ ထို့ပြင် အထူးသဖြင့် အပြောင်းအလဲတစ်ခုမည်သို့ဖြစ်ပေါ်ခဲ့သည်ကို အသေးစိတ်ကြည့်ရှုရန် လိုအပ်သည့်အခါ ဖြစ်ရပ်မှတ်တမ်းက အသုံးဝင်သည်။ ဖြစ်ရပ်မှတ်တမ်းများသည် ထူးခြားပြီး စိတ်ဝင်စားစရာကောင်းလှသည်။ သို့သော် ဘာဖြစ်ပျက်ခဲ့သည်၊ ဘာက ဖြစ်ပျက်စေခဲ့သည် နှင့် သက်ရောက်မှုတို့ အကြားရှိ ဆက်သွယ်ချက်များကို တိကျရှင်းလင်းရန် နှင့် အသေးစိတ်စုံလင်စေရန် လိုအပ်သည်။ ဖြစ်ရပ်မှတ်တမ်းတွင် မည်သည့် သတင်းအချက်အလက်များ ပါဝင်သင့်သည်ကို ဤ Tool က ရှင်းပြပါမည်။

| ဖြစ်ရပ်မှတ်တမ်း **Tool** ဥပမာ | |
|---|---|
| အကြောင်းအရာ | အကြောင်းအရာတစ်ခုရှိ အခြေခံသတင်းအချက်အလက်များကို ရှင်းပြထားသော မြင်ကွင်းကို တည်ဆောက်ဖို့လိုသည်။ ပဋိပက္ခရင်းမြစ်နောက်ကွယ်ရှိ အရွေ့များကို လူအများ နားလည်အောင် ကူညီပေးရမည်။ စာအုပ် သို့မဟုတ် ရုပ်ရှင်တွင် တွေ့ရှိနိုင်သည့် "အဓိကဇာတ်ကောင်" ကဲ့သို့ လူတစ်ဦးတစ်ယောက်ကို ဗဟိုပြုရန် ဖြစ်ရပ်မှတ်တမ်းများသည် အကောင်းဆုံးအဖြစ်အပျက်များ ဖြစ်ကြသည်။ |
| ပဋိပက္ခ သို့မဟုတ် ပြဿနာ | ဤအခန်းက အဓိကဇာတ်ကောင် တွေ့ကြုံနေရသော ပဋိပက္ခ သို့မဟုတ် ပြဿနာကို သတ်မှတ်ရန် လိုအပ်ပြီး၊ စာဖတ်သူတွက် ဆက်စပ်ရန် လွယ်ကူရမည်။ ဤအခန်းက နောက်ထပ်ဘာဖြစ်မည်ဆိုသည့်အချက်အတွက် သေနတ်မောင်းခလုတ် အဖြစ်စဉ်းစားနိုင်ရန် အသုံးဝင်သည်။ |
| ကြားဝင်ခြင်း | ဤအခန်းက ဇာတ်ကောင်၏ မောင်းခလုတ်အား တုံ့ပြန်ပုံကို အဆင့်ဆင့်ရှင်းပြသင့်ပြီး၊ အဖြစ်အပျက်များက ယုတ္တိကျဆက်စပ်မှုရှိရမည်လည်း ဖြစ်သည်။ ဖြစ်ရပ်မှတ်တမ်းဆိုသည်မှာ သင့်စီမံကိန်း၏ အတိုင်းအတာဖြစ်သဖြင့် ဇာတ်ကောင်၏ တုံ့ပြန်မှုက သင့်စီမံကိန်း လှုပ်ရှားမှုများ၏ ရလဒ်ဖြစ်သင့်သည်။ |
| ရလဒ် | ရလဒ်ဆိုသည်မှာ ဇာတ်ကောင်၏ တုံ့ပြန်မှုကြောင့် ချက်ချင်းရလဒ်အဖြစ် ပဋိပက္ခ သို့မဟုတ် ပြဿနာအား ဘာဖြစ်ပျက်သွားစေသည်ကို ရှင်းလင်းတင်ပြသင့်ပါသည်။ သင်၏ ကျိုးကြောင်းဆီလျော်သည့် မူဘောင်ပါ စီမံကိန်းအပြီးရလဒ်ကို လှုပ်ရှားမှုဖြင့် ပြသသည့် ရလဒ်များပါဝင်သော ဖြစ်ရပ်မှတ်တမ်းတစ်ခုကိုသာ ရွေးချယ်ပါ။ |
| ရေရှည် သက်ရောက်မှု | ဖြစ်ရပ်မှတ်တမ်းသည် ဇာတ်ကောင်၏လှုပ်ရှားမှုများကြောင့် ရလာသည့် ရေရှည်သက်ရောက်မှုဆီသို့ လည်း ရည်ညွှန်းသင့်သည်။ သို့မှသာ ဖြစ်ရပ်မှတ်တမ်းက သင်၏ ကျိုးကြောင်းဆီလျော်သည့် မူဘောင်ပါ အနာဂတ်ရေရှည်ရလဒ် နှင့် လိုက်ဖက်ညီမည် ဖြစ်ပြီး၊ သင်၏ ကြားဝင်မှုက ရေရှည်စဉ်ဆက်မပြတ် အောင်မြင်သည်ကို ဖြစ်ရပ်မှတ်တမ်းက ပြသလိမ့်မည်ဟု မျှော်လင့်ရသည်။ ဇာတ်ကောင်တစ်ဦးဦးသို့ ဖြစ်ပျက်ခဲ့သည့်အချက်က ရလဒ်ဖြစ်နေချိန်တွင်၊ ရေရှည်ရလဒ်က ပိုမိုကျယ်ပြောသော ပတ်ဝန်းကျင်ကို ချိတ်ဆက်ရမည်ဖြစ်ပြီး ဇာတ်ကောင်၏ လှုပ်ရှားမှုများက ဘာကိုပေးခဲ့သလဲဆိုသည်ကို ပြသသင့်ပါသည်။ |
| ပြီးပြီးသားနေရာမှ ဆက်လုပ်ခြင်း၊ စိန်ခေါ်မှုများ နှင့် သင်ခန်းစာများ | အကယ်၍ သင် သို့မဟုတ် အခြား ပါဝင်သူများက Follow-Up (လုပ်ဆောင်ပြီးစီးခဲ့သည့်အရာမှ ဆက်လက်လုပ်ဆောင်ခြင်း) ကို ပြုလုပ်ခဲ့ပါက၊ စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ပါက၊ ဇာတ်ကောင်ထံမှ အရေးကြီးသည့် တစုံတခုကို သင်ယူခဲ့ပါက ဤနေရာသည် အသုံးဝင်သောဖြစ်ရပ်မှတ်တမ်းတစ်ခုကို အကောင်းဆုံး အဆုံးသတ်နိုင်ခြင်းပင်ဖြစ်သည်။ |

## Tip: Developing a case study

Case studies can be the most interesting part of doing monitoring and evaluation because it tells a human story that everyone can relate to. A good case study:

- Often comes out of you hearing an interesting anecdote of what happened to one of your stakeholders
- Is written in an engaging way that people in your context can relate to
- Tells a small story, but that can be imagined happening on a large scale with many people
- Includes key messages on what change is and how it happens
- Shows how you built the protagonist's capacity or empowered or enabled them to respond to the problem for themselves.

## Tool: Staff reports

Staff reports are forms that your staff, volunteers, or board members complete at regular intervals, and the information collected helps you measure an indicator. Staff reports can be collected either after an activity or collected at regular intervals such as monthly. They are very useful for ensuring that everyone is involved in monitoring and evaluation, while building their capacity at the same time. Staff reports also help create a culture within an organisation of making sure that work is results-driven and that sharing and learnings are valued. However, staff reports are only useful if people completing them have time to do so, are encouraged to be honest and open, and know that their opinions will be respected even if they are not so positive!

## အကြံပြုချက် - ဖြစ်ရပ်မှတ်တမ်းတစ်ခုကို တည်ဆောက်ခြင်း

ဖြစ်ရပ်မှတ်တမ်းသည် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းပြုလုပ်ရာတွင် စိတ်ဝင်စားစရာအကောင်းဆုံး အစိတ်အပိုင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းက လူတိုင်းပတ်သတ်ဆက်စပ်နိုင်သည့် လူသားဇာတ်လမ်းတစ်ခုကို ပြောပြသောကြောင့်ပင်။ ကောင်းမွန်သော ဖြစ်ရပ်မှတ်တမ်းက -

- သင်၏ပါဝင်သူများထဲမှတစ်ယောက်ကြုံတွေ့ခဲ့သောစိတ်ဝင်စားစရာကောင်းသည့်ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခုကြားရခြင်းမှ ဖြစ်ပေါ်လာသည်။
- မြန်မာနိုင်ငံရှိလူများ ဆက်စပ်နိုင်သည့် ချိတ်ဆက်နည်းလမ်းဖြင့် ရေးသားထားသည်။
- သေးငယ်သော ဖြစ်ရပ်ကို ပြောပြသော်လည်း လူအများနှင့်အတူ ကြီးမားကျယ်ပြန့်သည့် အတိုင်းအတာသို့ ဖြစ်ပျက်နေသည်ကို မြင်ယောင်ကြည့်နိုင်သည်။
- အပြောင်းအလဲနှင့် မည်သို့ပြောင်းလဲခဲ့သည်ဆိုသည့်အပေါ်အဓိက သတင်းစကားတိုများ ပါဝင်သည်။
- ဇာတ်ကောင်၏ စွမ်းရည်ကို သင်မည်သို့တည်ဆောက်ထားကြောင်း၊ သို့မဟုတ် ၎င်းတို့ကိုယ်တိုင်အတွက် ပြဿနာရပ်ကို တုံ့ပြန်နိုင်ရန် စွမ်းရည် သို့မဟုတ် ခွန်အားပေးထား ကြောင်း ပြသသည်။

## Tool: ဝန်ထမ်းအစီရင်ခံစာများ

ဝန်ထမ်းအစီရင်ခံစာများဆိုသည်မှာ သင်၏ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ သို့ ဘုတ်အဖွဲ့ဝင်များမှ ပုံမှန်အမှတ်များတွင် ဖြည့်စွက်ထားသော၊ အညွှန်းကိန်းကို တိုင်းတာရန် အကူအညီပေးသည့် အဖွဲ့တွင်းစုဆောင်းထားသော သတင်းအချက်အလက်များ ပါဝင်သော ပုံစံဖောင်များ ဖြစ်ကြသည်။ ဝန်ထမ်းအစီရင်ခံစာများကို လှုပ်ရှားမှုတစ်ခုပြီးသည့်အခါ သို့မဟုတ် လစဉ်ပုံမှန် စုဆောင်း၍ ရနိုင်ပါသည်။ ၎င်းတို့က လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းဖြစ်စဉ်တွင် လူတိုင်းပါဝင်ကြောင်း သေချာစေရန် အလွန်အသုံးဝင်ပြီး၊ တချိန်တည်းမှာပဲ ယင်းတို့၏စွမ်းရည်ကို မြှင့်တင်ခြင်းလည်း ဖြစ်သည်။ လုပ်ငန်းသည် ရလဒ်ရောက်အောင် မောင်းနှင်ပြီး မျှဝေခြင်းနှင့် သင်ယူခြင်းများက တန်ဖိုးဖြစ်သည်ဟူသော အဖွဲ့အစည်းတွင်း ယဉ်ကျေးမှုတစ်ရပ်ကို ဝန်ထမ်းအစီရင်ခံစာများက အကူညီပေးဖန်တီးသည်။ သို့သော် အကယ်၍ လူများတွင် ဖောင်များကို ဖြည့်စွက်ဖို့ရန် အချိန်ရှိမှသာ၊ ရိုးသားရန် နှင့် ပွင့်လင်းရန် လူများကို အားပေးမှသာ၊ ၎င်းတို့ အမြင်များက အလွန်အပြုသဘော မဆောင် လျှင်လည်း လေးစားခံရမည်ကို သိထားစေမှသာ ဝန်ထမ်းအစီရင်ခံစာများက အသုံးဝင်မည်ဖြစ်သည်။

| Example Staff Reports Tool (for after an activity) |
| --- |
| What activity have you completed and when did it take place? |
| What were your impressions at the beginning of the activity? |
| What change did you expect to see after the activity was completed? |
| What do you think changed by the end of the activity? (Consider the stakeholders' knowledge, attitude, practice.) |
| Which indicator(s) do you think this information can be used to measure? |
| Note down anything stakeholders said that showed a change in knowledge, attitude, or practice, or that could be useful for a future case study: |

## Tool: Ranking and rating

Ranking and rating can be used in questionnaires, surveys, interviews, and other tools as a useful way of getting people to prioritise their feelings, opinions, and observations. Ranking asks people what they think is the most or least useful, most, or least important, and most or least true. Rating usually asks people whether they agree or disagree with a statement. Ranking and rating are useful for both quantitative and qualitative indicators, and are great tools for measuring people's attitudes and perceptions. Ranking and rating are best used comparatively, so you ask the same questions over a period to see how answers change. Be careful with how you write the question because they can be easily misunderstood, or be written in a biased way that hints at a "correct" answer.

| ဝန်ထမ်းအစီရင်ခံစာ **Tool** ဥပမာ (လုပ်ရှားမှုအပြီးအတွက်သာ) |
| --- |
| မည်သည့်လှုပ်ရှားမှုကို သင်ဘယ်လိုဆောင်ရွက်ပြီးစီးခဲ့ပြီးလဲ၊ ဘယ်နေရာတွင် ဆောင်ရွက်ခဲ့တာလဲ။ |
| လှုပ်ရှားမှုအစတွင် သင်၏ ထင်မြင်ချက်များမှာ အဘယ်နည်း။ |
| လှုပ်ရှားမှုပြီးဆုံးသည့်အခါ မည်သည့်အပြောင်းအလဲကို မြင်ဖို့ သင်မျှော်လင့်ထားသလဲ။ |
| လှုပ်ရှားမှုပြီးဆုံးသောအခါ မည်သည်တို့ ပြောင်းလဲသွားသည် ထင်သနည်း။ (ပါဝင်သူများ၏ အသိပညာ၊ ရပ်တည်ချက်သဘောထား၊ အလေ့အထတို့ကို ထည့်သွင်းစဉ်းစားပါ။) |
| မည်သည့် အညွှန်းကိန်း(များ)ကို တိုင်းတာရန်အတွက် ယခုသတင်းအချက်အလက်ကို သုံး၍ရသည်ဟု သင်ထင်သလဲ။ |
| ပါဝင်သူများမှပြောသည့် အသိပညာ၊ ရပ်တည်ချက်သဘောထား သို့မဟုတ် အလေ့အထ တို့၏အပြောင်းအလဲ၊ သို့မဟုတ် အနာဂတ်ဖြစ်ရပ်မှတ်တမ်း အတွက် အသုံးဝင်နိုင်သော အရာမှန်သမျှကို ချရေးပါ။ |

## Tool: အဆင့်သတ်မှတ်ခြင်း နှင့် ရမှတ်သတ်မှတ်ခြင်း

လူများအား ၎င်းတို့၏ ခံစားချက်၊ အမြင်နှင့် လေ့လာစူးစမ်းမှုများကို ဦးစားပေးအဆင့်များ ခွဲတတ်စေရန် အသုံးဝင်သော နည်းလမ်း တစ်ခုအဖြစ် အဆင့်သတ်မှတ်ခြင်းနှင့် ရမှတ်သတ်မှတ်ခြင်းကို မေးခွန်းများ၊ စစ်တမ်းကောက်ခြင်းများ၊ အင်တာဗျူးနှင့် အခြား Tool များတွင် အသုံးပြုနိုင်သည်။ အဆင့်သတ်မှတ်ခြင်းက လူအများအား ဘယ်အရာက အသုံးအဝင်ဆုံးနှင့် အသုံးဝင်မှုအနည်းဆုံးလဲ၊ ဘယ်အရာကအရေးအကြီးဆုံးနှင့်အရေးမကြီးဆုံးလဲ၊ဘယ်အရာကအမှန်ကန်ဆုံးနှင့်မှန်ကန်မှုအနည်းဆုံးလဲဆိုသည့်အချက်များကို မေးမြန်းသည်။ ရမှတ်သတ်မှတ်ခြင်းက ပုံမှန်အားဖြင့် လူများအား ဖော်ပြချက်တစ်ခုကို ၎င်းတို့ သဘောတူသလား၊ သဘောမတူဘူးလားဆိုသည်ကို မေးမြန်းသည်။ အဆင့်သတ်မှတ်ခြင်းနှင့် ရမှတ်သတ်မှတ်ခြင်းသည် အရည်အသွေးနှင့် အရေအတွက်ပြ အညွှန်းကိန်း ၂ မျိုးလုံးအတွက်သာမက လူတို့၏ အမြင်နှင့် ရပ်တည်ချက်သဘောထားကို တိုင်းတာရာတွင်လည်း အသုံးဝင်သည်။ အဆင့်သတ်မှတ်ခြင်းနှင့် ရမှတ်သတ်မှတ်ခြင်းသည် နှိုင်းယှဉ်ရာတွင် အကောင်းဆုံး အသုံးပြုနိုင်ပြီး၊ တူညီသောမေးခွန်းများကို အချိန်ကာလ တစ်ခုတွင် မေးမြန်းပြီး အဖြေများ မည်မျှပြောင်းလဲသွားသည်ကို တွေ့မြင်နိုင်သည်။ သင့်မေးခွန်းရေးပုံနှင့် စပ်လျဉ်း၍ သတိထားစေချင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ အလွယ်တကူနားလည်မှုလွဲစေနိုင်ပြီး၊ "အဖြေမှန်"ကို အရိပ်အမြွက်ပေးထားသည့် ဘက်လိုက်သောနည်းဖြင့်လည်း ရေးသားမိစေနိုင်သည်။

| Example Ranking and Rating Tool |
|---|
| [Rating example] What do you think about people who say that religious leaders should meet and talk with leaders from other religions?<br>Completely disagree -- Disagree – Do not know – Agree – Completely agree. Comments? |
| [Ranking example] Re-arrange these to put the most important factor in reducing hate speech at the top and the least important at the bottom:<br>■ Religious leaders should build relationships between people of different religions<br>■ Political leaders should promote tolerance between people of different religions<br>■ People should condemn individuals who say hurtful things to people from other religions<br>■ Police should prosecute people who say hurtful things to people from other religions |

## Tool: Critical event analysis

Critical event analysis can be used to better understand an incident that happened during a project, which created strong feelings among stakeholders, and is important for measuring your indicator. Critical event analysis is like a small focus group, but one that only discusses a incident. If people with a range of perspectives are involved, it can help you understand people's strong feelings and reactions, and diagnose what went right or wrong. While Critical Event Analysis can help you get to the truth of what has happened, it needs a skilled and neutral facilitator so that people do not get stuck in the detail, but can instead focus on the causes and effects that will help you in learning.

### အဆင့်သတ်မှတ်ခြင်းနှင့် ရမှတ်သတ်မှတ်ခြင်း Tool ဥပမာ

[ရမှတ်သတ်မှတ်ခြင်း ဥပမာ] ဘာသာရေးခေါင်းဆောင်များသည် အခြားဘာသာမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသင့်သည် ဟု ပြောသော လူများ အပေါ် သင်ဘယ်လိုထင်သလဲ။

လုံးဝသဘောမတူပါ - - သဘောမတူပါ - - မသိပါ - - သဘောတူပါသည် - - လုံးဝသဘောတူပါသည်။ ထင်မြင်ချက်များ။

[အဆင့်သတ်မှတ်ခြင်း ဥပမာ] အမုန်းစကားလျှော့ချရာတွင် အရေးအကြီးဆုံးအချက်ကို အပေါ်တွင်တင်ရန် အရေးပါမှုအနည်းဆုံးအချက်ကို အောက်တွင် ထည့်ကာ ပြန်လည်စီစဉ်ပါ။

- ဘာသာရေးခေါင်းဆောင်များသည် အခြားဘာသာဝင်များနှင့် ဆက်ဆံရေးများ တည်ဆောက်သင့်သည်။
- နိုင်ငံရေးခေါင်းဆောင်များသည် မတူညီသော ဘာသာဝင်များအကြား သည်းခံမှုစွမ်းရည်ကို တိုးမြှင့်သင့်သည်။
- အခြားဘာသာမှ လူများကို ဦးတည်သည့် အမုန်းစကားများ ပြောသော လူပုဂ္ဂိုလ်များကို လူထုမှ ရှုံ့ချသင့်သည်။
- အခြားဘာသာမှ လူများကို ဦးတည်သည့် အမုန်းစကားများ ပြောသော လူပုဂ္ဂိုလ်များကို နိုင်ငံရေးခေါင်းဆောင်များမှ တရားစွဲဆိုသင့်သည်။

## Tool: အရေးကြီးသောအဖြစ်အပျက်များကို လေ့လာဆန်းစစ်ခြင်း

ပါဝင်သူများအကြား ပြင်းထန်သောခံစားချက်များကို ဖြစ်ပေါ်စေသည့်အပြင်၊ သင်၏ အည္ထန်းကိန်းကို တိုင်းတာရန် အရေးကြီးပြီး၊ စီမံကိန်းကာလအတွင်း ဖြစ်ပျက်ခဲ့သောဖြစ်ရပ်တစ်ခုကို ပိုမိုသဘောပေါက်နားလည်စေရန် အရေးကြီးသောအဖြစ်အပျက်များအား လေ့လာဆန်းစစ်ခြင်းကို အသုံးပြုနိုင်သည်။ အရေးကြီးသောအဖြစ်အပျက်များအားလေ့လာဆန်းစစ်ခြင်းသည် အာရုံစိုက်အုပ်စု ငယ်ကဲ့သို့ပင်ဖြစ်သော်လည်း၊ ဖြစ်ရပ်တစ်ခုကိုသာ ဆွေးနွေးသည့် အုပ်စုတစ်ခုဖြစ်ပါသည်။ အကယ်၍ကိုယ်စားလှယ်များစွာပါဝင်လျှင် သင့်အားလူတို့၏ပြင်းထန်သောစိတ်ခံစားချက်နှင့် တုံ့ပြန်မှုများကိုနားလည်စေပြီး၊ ဘယ်အရာကမှားသည်မှန်သည်ကိုလည်းအဖြေရှာ တွေ့စေနိုင်ပါသည်။ အရေးကြီးသောအဖြစ်အပျက်များကို လေ့လာဆန်းစစ်ခြင်းက သင့်အား ဖြစ်ပျက်ခဲ့သည့်အမှန်တရားကို ရရှိစေရန် ကူညီပေးနေစဉ်တွင် ကျွမ်းကျင်ပြီး အလယ်အလတ်ကျသော ထောက်ပံ့ကူညီမည့်သူ တစ်ဦးလိုအပ်သည်။ သို့မှသာ ဆွေးနွေးနေသော လူအများသည် အသေးစိတ် အချက်များတွင် ပိတ်မိမနေဘဲ၊ ယင်းအစား သင်တို့၏ သင်ယူမှုကို ကူညီပေးမည့် အကြောင်းတရားနှင့် ရလဒ် အပေါ် အာရုံစိုက်နိုင်ကြမည်ဖြစ်သည်။

## Tool: Change Matrix

The Change Matrix is a series of potential scenarios that could happen because of implementing the project, with each scenario showing a level of change. The scenarios should reflect how beneficiaries could respond after taking part in the project, and it is useful to base them on the KAB Tool and 3 Rs Tool. The Change Matrix can be used to measure many participants. The scenarios are fixed at the beginning but could be changed throughout the project if it becomes clear that alternative scenarios are happening.

| **Example Change Matrix Tool** | | | | |
|---|---|---|---|---|
| Indicator | Baseline / no change | Some change | Good change | Very good change |
| Percentage of religious and community leaders that have attended our workshops and say that they have better relationships with other leaders. | Targeted beneficiary has not attended a workshop. | Targeted beneficiary has attended at least one workshop and learned about the amount of hate speech in Myanmar towards religious groups. They have had some facilitated discussions with religious and community leaders. | Targeted beneficiary has attended all workshops and has said that after having many facilitated discussions with religious and community leaders, they now recognise that hate speech is happening and needs to stop. | Targeted beneficiary has attended all workshops, has met with religious and community leaders outside the project environment, and has encouraged their followers to reject hate speech. |

## Tool: လူမှုရေး၊ နိုင်ငံရေးအခြေအနေဖွံ့ဖြိုးမှုအပြောင်းအလဲ

လူမှုရေး၊ နိုင်ငံရေးအခြေအနေဖွံ့ဖြိုးမှုအပြောင်းအလဲသည် လုပ်ဆောင်လျက်ရှိသော စီမံကိန်းကြောင်းဖြစ်ပေါ်လာမည့် ဖြစ်နိုင်ချေရှိသည့် တွေးဆထားသော အနာဂတ်ဖြစ်ရပ်များ၏ ဖြစ်စဉ်တွဲတစ်ခုဖြစ်ပြီး၊ ယင်း အနာဂတ်ဖြစ်ရပ်တစ်ခုချင်းစီတွင် ပြောင်းလဲမှုအဆင့်ကို ဖော်ပြထားသည်။ အကျိုးခံစားခွင့်ရရှိသူများကစီမံကိန်းတွင် ပါဝင်လာပြီးနောက် မည်သို့မည်ပုံ တုံ့ပြန်နိုင်သည်ကိုအနာဂတ်ဖြစ်ရပ်များကထင်ဟပ်သင့်ပြီး၊ ယင်းတို့ကို KAP Toolနှင့် 3Rs Tool တို့တွင် အခြေပြုရန် အသုံးဝင်သည်။ လူမှုရေး၊ နိုင်ငံရေးအခြေအနေဖွံ့ဖြိုးမှုအပြောင်းအလဲကို များစွာသော ပူးပေါင်းတက်ရောက်လာသူများကို တိုင်းတာရန် အသုံးပြုနိုင်ပါသည်။ အနာဂတ်ဖြစ်ရပ်များသည် အစပိုင်းတွင် သတ်မှတ်ထားပြီးဖြစ်သော်လည်း၊ အကယ်၍ သမရိုးကျမဟုတ်သော အနာဂတ်အခြေအနေများဖြစ်ပေါ်နေကြောင်း ပိုမိုတိကျရှင်းလင်းလာလျှင် စီမံကိန်းကာလတလျှောက်တွင် ယင်းကို ပြောင်းလဲနိုင်သည်။

| လူမှုရေး၊ နိုင်ငံရေးအခြေအနေဖွံ့ဖြိုးမှုအပြောင်းအလဲ **Tool** ဥပမာ | | | | |
|---|---|---|---|---|
| အညွှန်းကိန်း | အခြေခံမျဉ်း/ အပြောင်းအလဲမရှိ | အပြောင်းအလဲတချို့ | ကောင်းသောအပြောင်းအလဲ | အလွန်ကောင်းသော အပြောင်းအလဲ |
| ကျွန်ုပ်တို့၏ အလုပ်ရုံ ဆွေးနွေးများသို့ တက်ရောက်ပြီး၊ ၎င်းတို့တွင် မွတ်ဆလင်ခေါင်းဆောင်များနှင့်ယခင်ထက်ပိုမို ကောင်းမွန်သောဆက်ဆံရေး များရှိလာကြောင်း ပြောဆိုခဲ့သည့် မန္တလေး နေဘာသာရေးနှင့် လူမှုရေး ခေါင်းဆောင် ရာခိုင်နှုန်း | ရည်ရွယ်ထားသည့် အကျိုးခံစားခွင့်ရရှိသူကအလုပ်ရုံ ဆွေးနွေးပွဲများ မတက်ဖူးပါ။ | ရည်ရွယ်ထားသည့် အကျိုးခံစာခွင့်ရရှိသူက အနည်းဆုံး အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုတက်ဖူးပြီး၊ မွတ်ဆလင်များ သို့ ဦးတည်နေသော မြန်မာနိုင်ငံရှိ အမုန်းစကားကို လျော့လာခဲ့သည်။ ၎င်းတို့သည် မွတ်ဆလင် ခေါင်းဆောင်များနှင့် အဆင်ပြေချောမွေ့သည့် ဆွေးနွေးပွဲတစ်ခု ရရှိပြီး ဖြစ်သည်။ | ရည်ရွယ်ထားသည့် အကျိုးခံစားခွင့်ရရှိသူက အလုပ်ရုံဆွေးနွေးပွဲများအားလုံးကို တက်ရောက်ဖူးဖြစ်ပြီး၊ မွတ်ဆလင်ခေါင်းဆောင်များနှင့် ချောမွေ့အဆင်ပြေ သောတွေ့ဆုံဆွေးနွေးပွဲ ပြီးသည့်အခါ လက်ရှိတွင် အမုန်းစကားများ ဖြစ်ပွားနေသည်ကို ၎င်းတို့သိမြင်လာပြီဖြစ်ကြောင်းနှင့် ယင်းကို ရပ်တန့်ရန်လိုအပ်ကြောင်း ပြောကြားလာကြသည်။ | ရည်ရွယ်ထားသည့် အကျိုးခံစားခွင့်ရရှိသူက အလုပ်ရုံဆွေးနွေးပွဲများ အား လုံးကို တက်ရောက်ဖူးပြီး၊ စီမံကိန်းပြင်ပ ပတ်ဝန်းကျင် တွင်လည်း မွတ်ဆလင် ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဖြစ်ကာ၊အမုန်းစကားအားဆန့်ကျင်ရန် ၎င်းတို့၏ ထောက်ခံသူများကို အားပေးပြီး ဖြစ်သည်။ |

## Tool: Most Significant Change

The Most Significant Change tool is a participatory tool where beneficiaries' own stories show how and why change has happened to them. Beneficiaries are asked to identify the most significant change that has happened because of their participation in the counter-hate speech project, and tell it as a story. Once these stories have been collected, beneficiaries select which shows the most significant change, and identify together what the different stories show about trends, patterns, and emerging issues. The benefit of the tool is that it builds the capacity of beneficiaries to reflect and learn, ensures that they are part of the findings, and turns unspoken tacit knowledge into explicit knowledge.

| **Example Most Significant Change Tool** |
|---|
| Ask the following questions to beneficiaries and analyse their answers to pull out trends, patterns, and emerging issues:<br>1. Tell me how you are involved with the project?<br>2. What do you think are the most significant changes that have resulted from the project since it started?<br>3. From your point of view, which of those changes do you think is the most important? Describe this change in the form of a story, with a beginning (situation before the change), middle (what happened?), and end (situation after).<br>4. Why did you choose this change in particular? Why was it significant for you? |

## Tool: အသိသာအထင်ရှားဆုံးအပြောင်းအလဲ

အသိသာအထင်ရှားဆုံးအပြောင်းအလဲ Tool မှာ အကျိုးခံစားခွင့်ရှိသူများထံ မည်သို့မည်ပုံ အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်နှင့် ဘာကြောင့် အပြောင်းအလဲဖြစ်ပေါ်ခဲ့သည် ဆိုသည်တို့ကို ပြသသော အကျိုးခံစားခွင့်ရှိသူများ၏ ကိုယ်ပိုင်ဖြစ်ရပ်များ ပါဝင်သည် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ Tool တစ်ခုဖြစ်သည်။ ယင်း Tool က အကျိုးခံစားခွင့်ရသူများကို အမုန်းစကားတန်ပြန်ရေး စီမံကိန်းတွင် ယင်းတို့ပါဝင်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့်အကြီးမားဆုံးအပြောင်းအလဲအား သတ်မှတ်ပေးရန် တောင်းဆိုပြီး၊ ယင်းဖြစ်စဉ်ကိုဖြစ်ရပ်တစ်ခု အနေဖြင့် ပြန်လည်ပြောပြစေသည်။ ထိုဖြစ်ရပ်များကို စုစည်းပြီးသည့်နောက် အကျိုးခံစားခွင့်ရှိသူများက အသိသာဆုံး အပြောင်းအလဲကို ပြသည့် ဖြစ်ရပ်ကို ရွေးချယ်သည်။ ထို့နောက်တွင် အမျိုးမျိုးသော အဖြစ်အပျက်များက ပြောပြနေသည့် ပြောင်းလဲဖွံ့ဖြိုးမှုများ၊ ပုံစံများ နှင့် ထွက်ပေါ်လာနေသည့် ပြဿနာများကို အတူတကွ ရှာဖွေသတ်မှတ်ကြသည်။ ယခု Tool ၏ အကျိုးကျေးဇူးမှာ ထင်ဟပ်နိုင်ရန်နှင့် သင်ယူရန် အကျိုးခံစားခွင့်ရှိသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း ၊ ၎င်းတို့ကို ရှာဖွေတွေ့ရှိချက်များ၏ အစိတ်အပိုင်း အဖြစ် သေချာစေခြင်း၊ ဖွင့်ထုတ်မပြောဘဲနားလည်နေသော အသိပညာများကို ရှင်းလင်း၍နားလည်လွယ်ကူသော အသိပညာများ အဖြစ်သို့ ပြောင်းလဲပေးခြင်း စသည်တို့ဖြစ်သည်။

| အသိသာအထင်ရှားဆုံး အပြောင်းအလဲ **Tool** ဥပမာ |
|---|
| အကျိုးခံစားခွင့်ရှိသူများကို အောက်ပါမေးခွန်းများ မေးပြီး၊ ပြောင်းလဲဖွံ့ဖြိုးမှုများ၊ ပုံစံများ နှင့် ထွက်ပေါ်လာနေသည့် ပြဿနာများကို ဆွဲထုတ်ရန် လေ့လာ စိတ်ဖြာနိုင်းပါ။<br>၁။ စီမံကိန်းတွင် သင် မည်သို့ ပါဝင်ဆောင်ရွက်ခဲ့သည်ကို ပြောပြပါ။<br>၂။ စီမံကိန်းစတင်ကတည်းက စီမံကိန်းမှ ရလဒ်ထွက်ပြီးဖြစ်သော အထင်ရှားဆုံး အပြောင်းအလဲများကို သင်မည်သို့ထင်သလဲ။<br>၃။ သင့်အမြင်အရ ဤပြောင်းလဲမှုများထဲမှ မည်သည့်တစ်ခုက အရေးအကြီးဆုံးဟု သင်ထင်သလဲ။ ဤပြောင်းလဲမှုအား (အပြောင်းအလဲမတိုင်ခင် အခြေအနေ) ကနဦးမှစ၍၊ (ဘာဖြစ်ပျက်ခဲ့သလဲ) အလယ်၊ နှင့် (အပြောင်းအလဲဖြစ်ပေါ်ပြီး) အဆုံးအထိ ဖြစ်ရပ်ပုံစံဖြင့် ဖော်ပြပါ။<br>၄။ အထူးသဖြင့် ဤပြောင်းလဲမှုကိုသင်ဘာကြောင့် ရွေးချယ်ခဲ့သလဲ။ ဘာကြောင့် သင့်အတွက် အသိသာအထင်ရှားဆုံး ဖြစ်ရသလဲ။ |

## Documenting the monitoring and evaluation results

Although each method of collecting information will have its own paperwork, it is useful to include a results table together with your monitoring and evaluation plan. A results table is just a simple place for all stakeholders to see your targets and what your status is in reaching them. A second benefit of completing the results table is that it forces you to turn written information, such as an interview, into a number, such as a percentage, in a systematic way. For example, the first indicator below is based on an interview but the result needs to be a percentage. That requires us to make sure our interview clearly answers the indicator, so that we can say one type of answer is 100%, one is 0% and another answer is somewhere in the middle at 50%. An example of a results table is below, based on the indicators, targets and timelines of the above monitoring and evaluation plan.

## စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းရလဒ်များအား မှတ်တမ်းပြုခြင်း

သတင်းအချက်အလက် စုဆောင်းခြင်းနည်းလမ်းတစ်ခုစီတွင် သက်ဆိုင်ရာ မှတ်တမ်းစာရွက်များ ရှိကြသော်လည်း သင်၏ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းအစီအစဉ်နှင့် အတူ ရလဒ်ဇယားတစ်ခုကို ထည့်သွင်းလျှင်လည်း အသုံးဝင်ပါသည်။ ရလဒ်ဇယားဆိုသည်မှာ ပါဝင်သူများအားလုံးအတွက် သင်၏ ရည်ညွှန်းချက်ရလဒ်များနှင့် သင်ဘယ်အခြေအနေထိ ရောက်နေပြီလဲဆိုသည်ကို မြင်သာစေသည့် ရိုးရှင်းသော နေရာတစ်ခုပင်ဖြစ်သည်။ ရလဒ်ဇယားကို ဖြည့်စွက်ခြင်း၏ ဒုတိယအကျိုးကျေးဇူးမှာ ယင်းက အင်တာဗျူးကို နံပါတ်အဖြစ်သို့၊ ရာခိုင်နှုန်းတစ်ခုကို နည်းလမ်းတကျ စသဖြင့် စာဖြင့်ရေးသားထားသော သတင်းအချက်အလက်များအဖြစ်သို့ပြောင်းရန် သင့်ကို တွန်းအားပေးပါသည်။ ဥပမာ – အောက်ဖက်ရှိ ပထမအညွှန်းကိန်းသည် အင်တာဗျူးတစ်ခုတွင် အခြေခံထားသော်လည်း ရလဒ်က ရာခိုင်နှုန်းဖြစ်ဖို့ လိုအပ်လေသည်။ ကျွန်ုပ်တို့ အင်တာဗျူးက အညွှန်းကိန်းကို ရှင်းလင်းစွာ အဖြေပေးရန် သေချာအောင်လုပ်ဖို့လိုအပ်သည်။ သို့မှသာ အဖြေပုံစံတစ်ခုက ၁၀၀%၊ နောက်တစ်ခုက ၀% နှင့် အခြားသော အဖြေက အလယ်တနေရာရာရှိ ၅၀% ဟု ကျွန်ုပ်တို့ ဖြေနိုင်မည် ဖြစ်သည်။ ရလဒ်ဇယားတစ်ခု၏ ဥပမာကို အညွှန်းကိန်းများ၊ ရည်ညွှန်းချက်ရလဒ်နှင့် အထက်ပါ လေ့လာရေးနှင့် အကဲဖြတ်ဆန်းစစ်ရေးလုပ်ငန်း၏ အချိန်ဇယားများကို အခြေတည်ကာ အောက်တွင်ဖော်ပြထားပါသည်။

| Example Monitoring and Evaluation Results Tool | | | | | | | | |
|---|---|---|---|---|---|---|---|---|
| Indicator | Baseline on 1 December 2016 | Target | Disaggregation and target | Pre-project / pre-workshop on 1 January 2018 | Check on 1 March 2018 | Check on 1 August 2018 | Check on 1 October 2018 | Post-project on 1 January 2019 |
| Percentage of religious and community leaders that say in interviews that they want to see more tolerance towards other leaders. | 10% | 50% by 1 January 2019 | Percentage of men... Target = More than 50% of men by 1 January 2019. | 10% | - | 23% | - | 63% (52% men) |
| Percentage of religious and community leaders that have attended our workshops and say that they have better relationships with other leaders. | 0% | 70% by 1 January 2019 | Percentage of men... Target = More than 50% of men by 1 January 2019. | 0% | 19% | 34% | 52% | 73% (52% men) |
| Number of religious and community leaders in the target area that have completed 3x 2-day workshops. | 0 | 10 by 1 January 2019 | Percentage of women... Target = More than 50% are women by 1 January 2019. | 0 | 0 | 0 | 10 | 10 (60% women) |

## လေ့လာစောင့်ကြည့်ရေးနှင့် အကဲဖြတ်ဆန်းစစ်ခြင်းရလဒ် Tool ဥပမာ

| အညွှန်းကိန်း | ၁ရက်၊ ဒီဇင် ဘာ၁၊ ၂၀၁၆ တွင် အခြေပြု သည်။ | ရည်ညွှန်း ချက်ရလဒ် | ပိုင်းစိတ် ခွဲခြမ်းမှုနှင့် ရည်ညွှန်း ချက်ရလဒ် | ၁ရက်၊ ဇန်နဝါရီ၊ ၂၀၁၈ ရှိ စီမံကိန်း မတိုင်ခင် / အလုပ်ရုံ ဆွေးနွေးပွဲ မတိုင်ခင် | ၁ရက်၊ မတ်လ၊ ၂၀၁၈ တွင် စစ်ဆေး ပါ။ | ၁ရက်၊ ဩဂုတ် လ၊ ၂၀၁၈ တွင် စစ်ဆေး ပါ။ | ၁ရက်၊ အောက် တိုဘာ၊ ၂၀၁၈ တွင် စစ်ဆေး ပါ။ | ၁ရက်၊ ဇန်နဝါရီ၊ ၂၀၁၉ ရှိ စီမံကိန်း အပြီး |
|---|---|---|---|---|---|---|---|---|
| ယုံကြည်မှုမတူညီသောလူများကို ဦးတည် သည့် သည်းခံ စွမ်းရည် ပိုမို တိုးပွားလာသည် ကို မြင်ချင်ကြောင်း အင်တာဗျူးများ တွင် ဖြေဆိုသည့် မန္တလေး နေ ဘာသာရေးနှင့် လူမျိုး ရေးခေါင်းဆောင် များ၏ ရာခိုင်နှုန်း | ၁၀% | ၁ရက် ဇန်နဝါရီလ ၂၀၁၉ ထိ ၅၀ ရာခိုင်နှုန်း | အမျိုးသား ရာခိုင်နှုန်း.... ရည်ညွှန်းရလဒ် = ၁ ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ % ထက်ပို သော အမျိုးသား | ၁၀% | - | ၂၃% | - | ၆၃% (အမျိုး သား ၅၂%) |
| ကျွန်ုပ်တို့၏ အလုပ်ရုံ ဆွေးနွေးများသို့တက်ရောက်ပြီး၊ ၎င်းတို့တွင် ယုံကြည်မှုမတူညီသောခေါင်းဆောင်များနှင့် ယခင်ထက်ပိုမို ကောင်းမွန်သော ဆက်ဆံရေးများ ရှိလာကြောင်းပြောဆိုခဲ့ သည့် ဦးတည်နေရာတွင်း နေထိုင်သော ဘာသာရေး နှင့် လူမှုရေး ခေါင်းဆောင် ရာခိုင်နှုန်း | | ၁ရက်၊ ဇန်နဝါရီ၊ ၂၀၁၉ အထိ ၇၀% | အမျိုးသား ရာခိုင်နှုန်း.... ရည်ညွှန်းရလဒ် = ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ % ထက် ပိုသော အမျိုးသား | ၀% | ၁၉% | ၃၄% | ၅၂% | ၇၃% (အမျိုး သား ၅၂%) |
| ၂ရက်တာ အလုပ်ရုံဆွေးနွေးပွဲ ၃ ခုသို့ တက်ရောက်ပြီးဖြစ်သော ဘာသာရေးနှင့် လူမျိုးရေးခေါင်းဆောင်များ အရေအတွက် | ၀ | ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၁၀ ယောက် | အမျိုးသမီး ရာခိုင်နှုန်း ... ရည်ညွှန်း ရလဒ် = ၁ရက် ဇန်နဝါရီ ၂၀၁၉ ထိ ၅၀ % ထက်ပိုသော အရေအတွက်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ | ၀ | ၀ | ၀ | ၁၀ | ၁၀ (အမျိုး သမီး ၆၀%) |

## Analysing the information

Once you have gathered information and input it into your Monitoring and Evaluation Results Table you will need to analyse it. Analysis is where you turn your gathered information and results into an understanding of patterns, trends, and interpretations. The best way to start identifying those patterns, trends and interpretations is to think intuitively about what you think happened in your project and what the results show. Once you have some key ideas on what happened, you can start to test those ideas to see if they are valid. Your overall process will look like this:

1. Create your indicators

2. Gather information for your indicators

3. Think intuitively about what patterns, trends, and interpretations it shows, including where you suspect what has happened is not what you hoped for or expected

4. Go back to your gathered information and organise it under your patterns, trends, and interpretations to see if you have evidence for your intuitive thoughts (and maybe add new ones)

5. Write up your findings and conclusions, including recommendations for fu ture work

## သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်း

သတင်းအချက်အလက်များကိုစုဆောင်းပြီးပြီဆိုလျှင် ခွဲခြမ်းစိတ်ဖြာလေ့လာရန် ၎င်းတို့ကို စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းရလဒ်ဇယားထဲတွင် ထည့်ပါ။ လေ့လာဆန်းစစ်ချက်ဆိုသည်မှာ သင်စုဆောင်းထားပြီးသော သတင်းအချက်အလက်များနှင့် ရလဒ်များကို ပုံစံများ၊ ပြောင်းလဲဖွံ့ဖြိုးမှုများ နှင့် ဘာသာပြန်ခြင်း စသည့် နားလည်သဘောပေါက်ခြင်း သဏ္ဌာန်ဆီသို့ ပြောင်းလဲရာ နေရာတစ်ခုဖြစ်သည်။ ယင်း ပုံစံများ၊ ပြောင်းလဲဖွံ့ဖြိုးမှုများနှင့် ဘာသာပြန်ခြင်းကို ခွဲခြားသတ်မှတ်ဖို့ စတင်ရန် အကောင်းဆုံးနည်းလမ်းမှာ သင်၏စီမံကိန်းအတွင်း ဖြစ်ပျက်ခဲ့သည်ဟု သင်ထင်ထားသည်နှင့် ရလဒ်များက ဘာကို ပြသနေသလဲဆိုသည်တို့ကို ပင်ကိုယ်သိစိတ်ဖြင့်တွေးတောရန်ပင်ဖြစ်သည်။ ဖြစ်ပေါ်ခဲ့သည်နှင့် ပတ်သတ်ပြီး သင့်တွင်အဓိကအကြံတချို့ရရှိပြီးသည့်အခါ ၎င်းစိတ်ကူးအကြံများကို အသုံးချ၍ ရနိုင်သလားဆိုသည်ကို ကြည့်ရန် ၎င်းအကြံများကို စတင်စစ်ဆေးနိုင်ပြီဖြစ်သည်။ သင်၏အားလုံးခြုံငုံသော ဖြစ်–စဉ်တစ်ခုလုံးသည် ဤကဲ့သို့ ဖြစ်နေပါလိမ့်မည်။

၁။ သင်၏ အညွှန်းကိန်းများကို ဖန်တီးပါ။

၂။ သင်၏အညွှန်းကိန်းများအတွက် သတင်းအချက်အလက်များစုဆောင်းပါ။

၃။ ဖြစ်ပျက်ခဲ့သည်က သင်မျှော်လင့်ထားသည့်အတိုင်း မဟုတ်ဟု သင် သံသယရှိသော နေရာအပါအဝင်၊ စုဆောင်းထားသော သတင်းအချက်အလက်များမှ မည်သည့်ပုံစံက၊ ပြောင်းလဲဖွံ့ဖြိုးမှုနှင့် ရှင်းလင်းချက်များဖြစ်သည်ကို ပင်ကိုယ် သိစိတ်ဖြင့်တွေးပါ။

၄။ သင်စုဆောင်းထားသော သတင်းအချက်အလက်များဆီသို့ ပြန်သွားပြီး၊ သင့်ပင်ကိုအတွေးများအတွက် (အသစ်များပေါ်လာလျှင်လည်းပေါင်းထည့်နိုင်) သက်သေရှိမရှိကိုသိသာစေရန်၎င်းတို့ကိုသင်၏ပုံစံ၊ ပြောင်းလဲဖွံ့ဖြိုးမှု၊နှင့်ရှင်းလင်းချက်များ၏ အောက်တွင် နေရာချပါ။

၅။ အနာဂတ်လုပ်ငန်းအတွက် အကြံပြုချက်များအပါအဝင် သင်၏ ရှာဖွေတွေ့ရှိချက်များ၊ နိဂုံးများကို ရေးပါ။

## Disseminating results

Once you have gathered information and analysed it, it is useful to plan what you will do with the results how you will disseminate them and to whom. Consider how the results will be used to:

- Inform relevant people
- Help relevant people to make modifications and course corrections as necessary
- Report to donors and others that you are accountable to
- Move efforts to counter-hate speech forward, making projects more effective (including sharing those results with other organisations working on hate speech).

## Learning from your project

Learning is one of the biggest reasons why monitoring and evaluation is so important. Learning what works and what does not, what you did right and what you did wrong, empowers you to work in an informed and constructive way. Throughout the Toolkit there are references to learning from your monitoring so that you can adjust the project as it is running. Learning is just as important at the end of the project when you are analysing the information that you have collected and need to include what you have learned in your results and written reports. Ask yourselves these questions in particular:

- What have you learned?
- What are the implications of what you have learned for your organisation, your stakeholders, and any future work?
- What options are there to implement what you have learned, and who can make any necessary changes?

## ရလဒ်များကို ကျယ်ပြန့်စွာဖြန့်ချိခြင်း

သတင်းအချက်အလက်များကို စုဆောင်း၍ ခွဲခြမ်းစိတ်ဖြာလေ့လာပြီးပြီဆိုလျှင် ရလဒ်များကို ဘာလုပ်မည်၊ မည်သူ့ထံ၊ မည်သို့ ဖြန့်ဝေမည်ဆိုသည်ကို စီစဉ်ရန် အသုံးဝင်လေသည်။ ရလဒ်များကို အောက်ပါအတိုင်း အသုံးပြုရန် ထည့်သွင်းစဉ်းစားပါ။

- သက်ဆိုင်သည့်သူများကို အကြောင်းကြားပါ
- အပြောင်းအလဲများနှင့် လိုအပ်သော လမ်းကြောင်းပြောင်းလဲခြင်းများ ပြုလုပ်ရန် သက်ဆိုင် သည့် လူများကိုကူညီပေးပါ။
- သင်တာဝန်ခံထားရသည့် အလှူရှင်များနှင့် အခြားသူများကို အစီရင်ခံစာတင်ပါ။
- စီမံကိန်းများကို ပိုမိုထိရောက်အောင် ပြုလုပ်ပြီး အမုန်းစကားတန်ပြန်ရန် အင်တိုက်အားတိုက်ရှေ့ဆက်ပါ။ (ထိုရလဒ်များကို အမုန်းစကားတန်ပြန်ဆန့်ကျင်ရေးလုပ်ဆောင်နေသောအခြားအဖွဲ့အစည်းများဆီသို့ မျှဝေခြင်း အပါအဝင်)

## သင်၏စီမံကိန်းမှ သင်ယူခြင်း

သင်ယူခြင်းဆိုသည်မှာ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်က ဘာကြောင့် လွန်စွာ အရေးကြီးသလဲ ဆိုသည့်အကြီးမားဆုံးအကြောင်းပြချက်များထဲမှတစ်ခုဖြစ်သည်။ဘယ်အရာကအလုပ်ဖြစ်သည်၊ဘယ်အရာကအလုပ်မဖြစ်၊သင်လုပ်သည့် ဘယ်အရာက မှန်သည်၊ မှားသည် ဆိုသည်တို့ကို သင်ယူခြင်းက သတင်းအချက်အလက်များပြည့်စုံပြီး အပြုသဘောဆောင်သည့် နည်းလမ်းတွင် အလုပ်လုပ်ရန် သင့်ကို လုပ်ပိုင်ခွင့်စွမ်းအားပေးနေသည်။ အကောင်အထည်ဖော်နေသကဲ့သို့ သင် စီမံကိန်းကို ထိန်းညှိနိုင်စေရန် Toolkit တစ်ခုလုံးတွင် သင်၏ လေ့လာစောင့်ကြည့်ခြင်းမှ သင်ယူခြင်းအထိ အချက်အလက်ရည်ညွှန်းချက်များစွာ ပါဝင်ပါသည်။ သင်စုဆောင်းရရှိပြီးသော သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာနေသောအချိန် စီမံကိန်းအဆုံးတွင် သင်ယူခြင်းက အရေးကြီးသကဲ့သို့ သင်၏ရလဒ်များနှင့် ရေးသားထားသော အစီရင်ခံစာများမှ သင် သင်ယူရရှိသည်ကို ထည့်သွင်းရန်လိုအပ်သည်။ အထူးသဖြင့် သင့်ကိုယ်သင် အောက်ပါမေးခွန်းများကို မေးပါ။

- သင်ဘာသင်ယူရရှိခဲ့ပြီးပြီလဲ။
- သင့်အဖွဲ့အစည်း၊ ပါဝင်သူများ နှင့် အနာဂတ်လုပ်ငန်းများအတွင် သင်ယူရရှိခဲ့သော ရည်ညွှန်းပြသချက်များမှာ အဘယ်နည်း။
- သင်ယူရရှိခဲ့သည်များကို အကောင်အထည်ဖော်ရန် မည်သည့်ရွေးချယ်စရာများရှိသလဲ။ မည်သူကလိုအပ်သောအပြောင်းအလဲများကို ပြုလုပ်နိုင်သလဲ။

## Written reports

Many of your stakeholders, including your donor, will ask for a written report called an evaluation. For larger projects, external people often do evaluations. For smaller projects, civil society organisations will be expected to evaluate the results themselves. Sometimes evaluations are difficult to do because you have spent so long working on the project that it is difficult to take a step back and evaluate what you did. A good way to refresh yourself is to do the evaluation with relevant stakeholders so that you learn from discussion. If you are asked for a written evaluation you should include the following sections:

- Executive Summary: Give a short (2-3 paragraph) summary of the key issues evaluated, the main findings of the evaluation, and recommendations
- Introduction: Explain the project that you are evaluating and what the purpose of the evaluation is
- Methodology: Explain what you monitored and how
- Findings: Explain your results, focusing on trends and patterns that you identified. You could use the SWOT Tool to summarise this.
- Recommendations: Explain your recommendations going forward, including how you would address any weaknesses in the project, and how you would build on strengths

## ရေးသားထားသော အစီရင်ခံစာများ

သင်၏ အလှူရှင်အပါအဝင် ပါဝင်သူအများစုက အကဲဖြတ်ဆန်းစစ်ခြင်းဟုခေါ်သော ရေးသားဖော်ပြချက်အစီရင်ခံစာတစ်စောင်ကိုတောင်းဆိုကြပေလိမ့်မည်။ ပို၍ကြီးမားသည့် စီမံကိန်းများအတွက်မကြာခဏဆိုသလို ပြင်ပမှ ပုဂ္ဂိုလ်များကို ခေါ်ပြီးအကဲဖြတ်ဆန်းစစ်ခြင်းများပြုလုပ်ကြရသည်။ သေးငယ်သောစီမံကိန်းများအတွက်အရပ်ဖက်လူ့အဖွဲ့အစည်းများကိုငင်းတို့ကိုယ်တိုင်အကဲဖြတ်ဆန်းစစ်ရန် မျှော်လင့်ကြသည်။ တခါတရံအကဲဖြတ်ဆန်းစစ်ခြင်းများကပြုလုပ်ရန်ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် ခြေတစ်လှမ်းနောက်ပြန်ဆုတ်ပြီး သင်ဘာလုပ်ခဲ့သည်ကို အကဲဖြတ်ဆန်းစစ်ရန် ခက်ခဲသည့် စီမံကိန်းတစ်ခုအပေါ်တွင် အလုပ်လုပ်ဖို့ကြာမြင့်ချိန်များစွာ အသုံးပြုရလေသည်။ သင့်ကိုယ်သင် ဆန်းသစ်သည့် နည်းလမ်းကောင်းတစ်ခုမှာ သက်ဆိုင်ရာပါဝင်သူများနှင့် အကဲဖြတ်ဆန်းစစ်ချက်ကိုပြုလုပ်ရန်ဖြစ်သည်။ သို့မှသာ ဆွေးနွေးချက်များမှ သင်ခန်းစာများကို သင်ရယူနိုင်မည်ဖြစ်သည်။ အကယ်၍ ရေးသားထားသော အကဲဖြတ်ဆန်းစစ်ခြင်းတစ်စောင်ကိုတောင်းဆိုခံခဲ့ရသော် အောက်ပါ အခန်းကဏ္ဍများကို သင် ထည့်သွင်းသင့်သည်။

- စာတမ်းအနှစ်ချုပ်။ အကဲဖြတ်ဆန်းစစ်ထားသည့် အဓိက ကိစ္စရပ်များ၊ အကဲဖြတ်ဆန်းစစ်ခြင်း၏ အဓိက ရှာဖွေတွေ့ရှိချက်များ နှင့် အကြံပြုချက်များ ၏(စာပိုဒ် ၂ ပိုဒ် ၃ ပိုဒ်ပါဝင်သော) အကျဉ်းချုပ်ကို ပေးပါ။
- နိဒါန်း။ သင် အကဲဖြတ်ဆန်းစစ်သော စီမံကိန်းနှင့် အကဲဖြတ်ဆန်းစစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပါ။
- နည်းဗျူဟာ ။ သင် ဘာကို လေ့လာစောင့်ကြည့်ခဲ့သည်၊ မည်သို့စောင့်ကြည့်ခဲ့သည်ကို ရှင်းပြပါ။
- ရှာဖွေတွေ့ရှိချက်များ။ သင်သတ်မှတ်ခဲ့သော ပြောင်းလဲမှုအဆင့်၊ ပုံစံများအပေါ်အာရုံစိုက်၍သင့်ရလဒ်များကိုရှင်းလင်းတင်ပြပါ။ အရာအားလုံးကို အနှစ်ချုပ်တင်ပြနိုင်ရန် SWOT Tool ကို အသုံးပြုနိုင်သည်။
- အကြံပြုချက်များ ။ စီမံကိန်းရှိ အားနည်းချက်မှန်သမျှကို သင်မည်သို့ စုံစမ်းမလဲ နှင့် အားသာချက်များကို မည်သို့ တည်ဆောက်မလဲဆိုသည့်အချက်များ အပါအဝင် ရှေ့သို့ဦးတည်သော အကြံပြုချက်များကို ရှင်းလင်းတင်ပြပါ။

## Conclusion

The Myanmar Impact Toolkit provides guidance to taking the first steps in setting up a system to better monitor and evaluate your counter hate speech initiatives. Before you start working through each step, you might want to fill in the organisational checklist in the Appendix to assess the current performance of your organisation in relation to monitoring and evaluation. The tools can all be downloaded as blank word files for you to fill in on the Search for Common Ground Myanmar website **(https://www.sfcg.org/myanmar/).**

## References


Article 19 (2015); Hate speech e_plained; London found at https://www.article19.org/data/files/medialibrary/38231/%27Hate-Speech%27-E_plained---A-Toolkit-%282015-Edition%29.pdf

C4ADS (2016); Sticks and Stones: Hate speech narratives and facilitators in Myanmar, found at http://www.burmapartnership.org/2016/02/sticks-and-stones-hate-speech-narratives-and-facilitators-in-myanmar/

Council of Europe Committee of Ministers (1997); Recommendation No. R (97)20; EU, found at https://www.coe.int/en/web/freedom-e_pression/committee-of-ministers-adopted-te_ts/-/asset_publisher/aDXmrol0vvsU/content/recommendation-no-r-97-20-of-the-committee-of-ministers-to-member-states-on-hate-speech-?inheritRedirect=false

Facebook Community Standards on encouraging respectful behaviour found at https://www.facebook.com/communitystandards

Search for Common Ground (2017), Stakeholder Mapping of Countering Hate Speech in Myanmar found at https://www.sfcg.org/tag/myanmar-reports

Smile Education and Development Foundation + University of Winchester (2016); Religion, Hate speech and social media in Myanmar: Analyzing methods of intervention, found at http://www.academia.edu/29939461/Religion_hate_speech_and_social_media_in_Myanmar_analysing_methods_of_intervention

UN Committee on the Elimination of Racial Discrimination (2013); General Recommendation No 35 on combating racist hate speech, CERD^C^GC^35; Geneva, found at: http://www.refworld.org/docid/53f457db4.html

UNESCO (2015); Countering online hate speech, Paris, found at: http://unesdoc.unesco.org/images/0023/002332/233231e.pdf

UN Human Rights Council (2013); Rabat Plan of Action on the prohibition of advocacy of national, racial, or religious hatred that constitutes incitement to discrimination, hostility, or violence; Geneva found at http://www.ohchr.org/Documents/Issues/Opinion/SeminarRabat/Rabat_draft_outcome.pdf

United States Institute of Peace (2014); Media and conflict in Myanmar: Opportunities for media to advance peace, found at https://www.files.ethz.ch/isn/175602/PW92.pdf

YouTube Community Guidelines found at https://www.youtube.com/yt/about/policies/#community-guidelines

| Organisational checklist | | |
|---|---|---|
| Does your project have a written description? | YES! – Go to the next question. | NO! – Start from Step 1 and complete all the tools. |
| Does the written description of your project clearly describe what you must achieve by the end of the project? | YES! – Go to the next question. | NO! – Start from Step 1 and complete all the tools. |
| Does the written description of your project explain what long-term change your project contributes to? | YES! – Go to the next question. | NO! – Start from Step 1 and complete all the tools. |
| Does the written description of your project include clear indicators for both what you intend to achieve by the end of the project, and what bigger impact your project will contribute to? | YES! – Go to the next question. | NO! – Start from Step 2 and complete all the tools. |
| Are the indicators for your project clearly written and clearly measurable? | YES! – Go to the next question. | NO! – Start from Step 2 and complete all the tools. |
| Do you have targets for each indicator, including both the level of what you want to achieve, and a deadline for doing so? | YES! – Go to the next question. | NO! – Start from Step 2 and complete all the tools. |
| Do you have separate disaggregated targets for making sure your project includes relevant minority groups? | YES! – Go to the next question. | NO! – Start from Step 2 and complete all the tools. |
| Do you have both a method and a source for each indicator, and are they clear enough for you to implement? | YES! – Go to the next question. | NO! – Start from Step 3 and complete all the tools. |
| Do you have a clear timeline for when to measure each indicator? | YES! – Go to the next question. | NO! – Start from Step 3 and complete all the tools. |
| Do you know who is responsible for measuring each indicator? | YES! – Go to the next question. | NO! – Start from Step 3 and complete all the tools. |
| Do you know what to do if you think an indicator is unlikely to be reached by the end of the project? Do you know who to escalate it to? | YES! – Go to the next question. | NO! – Start from Step 3 and complete all the tools. |
| Do you have a plan for turning information into analysis? | YES! – Go to the next question. | NO! – Start from Step 3 and complete all the tools. |
| Do you have a plan for where you need to disseminate your analysis to? | YES! – Go to the next question. | NO! – Start from Step 3 and complete all the tools. |
| Do you have an external evaluator, or if not, do you have a plan for how to do an internal evaluation? | YES!<br>You are well prepared and know exactly what you are doing. Good luck! | NO! – Start from Step 3 and complete all the tools. |

| အဖွဲ့အစည်းနှင့်သက်ဆိုင်သော စစ်ဆေးရန်စာရင်း | | |
|---|---|---|
| သင်၏စီမံကိန်းတွင် ရေးသားထားသော ဖော်ပြချက်တစ်စောင် ရှိပါသလား။ | ရှိပါသည် - နောက်မေးခွန်းသို့ သွားပါ | မရှိပါ။ အဆင့် ၁ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| သင်၏စီမံကိန်းရေးသားဖော်ပြချက်သည် စီမံကိန်းအပြီးတွင် သင်ဘာကို ရရှိအောင်မြင်ရမည်ဆိုသည်ကို ရှင်းလင်းစွာဖော်ပြထားပါသလား။ | ဖော်ပြထားပါသည် - နောက် မေးခွန်းသို့ သွားပါ | မဖော်ပြပါ - အဆင့် ၁ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| သင်၏စီမံကိန်းရေးသားဖော်ပြချက်သည် သင်၏ စီမံကိန်း က ပေးမည့် ရေရှည်အပြောင်းအလဲကို ရှင်းပြထားပါသလား။ | ရှင်းပြထားပါသည် - နောက် မေးခွန်းသို့ သွားပါ | ရှင်းပြမထားပါ - အဆင့် ၁ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| သင်၏စီမံကိန်းရေးသားဖော်ပြချက်သည် စီမံကိန်းအဆုံးတွင် သင်ဘာကို ရရှိအောင်မြင်ရန် ရည်ရွယ်ထားသည်နှင့် သင်၏စီမံကိန်းမှ ပေးမည့် ကြီးမားသော ရေရှည်သက်ရောက်မှု ၂ခုလုံးအတွက် အညွှန်းကိန်းများ ထည့်သွင်းထားသလား။ | ထည့်သွင်းထားပါသည် - နောက်မေးခွန်းသို့ သွားပါ | ထည့်သွင်းမထားပါ - အဆင့် ၂ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| သင်၏စီမံကိန်းအတွက် အညွှန်းကိန်းများကိုရှင်းလင်းစွာ ရေးသားထားသလား၊ ရှင်းလင်းစွာတိုင်းတာ၍ရနိုင် သလား။ | ဟုတ်ကဲ့ပါ - နောက်မေးခွန်းသို့ သွားပါ | မဟုတ်ပါ - အဆင့် ၂ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| သင်အောင်မြင်လိုသည့် အဆင့်နှင့် ပြုလုပ်ဆောင်ရွက်ရန် ဘယ်အချိန်တွင်လုပ်ငန်းပြီးဆုံးရမည်ဆိုသည့် နေ့ရက် စသည့် ၂ မျိုးလုံးအပါအဝင် အညွှန်းကိန်းတစ်ခုစီအတွက် ရည်ညွှန်းချက်ရလဒ်များ သင့်တွင်ရှိသလား။ | ရှိပါသည် - နောက်မေးခွန်းသို့ သွားပါ | မရှိပါ - အဆင့် ၂ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| သင်၏စီမံကိန်းမှ သက်ဆိုင်ရာ လူနည်းစုလူအုပ်စုများကို ထည့်သွင်းထားကြောင်း သေချာစေရန် သီးသန့်ဖြစ်သော ခွဲခြမ်းထားသည့် ရည်ညွှန်းချက်ရလဒ်များ သင့်တွင် ရှိသလား။ | ရှိပါသည် - နောက်မေးခွန်းသို့ သွားပါ | မရှိပါ - အဆင့် ၂ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| အညွှန်းကိန်းတစ်ခုစီအတွက် နည်းလမ်းနှင့် အရင်းအမြစ် နှစ်ခုလုံး သင့်တွင်ရှိပါသလား။ ၎င်းတို့သည် အကောင် အထည်ဖော်ဖို့ရန် လုံလောက်သည့် ရှင်းလင်းမှု ရှိပါသလား။ | ရှိပါသည် - နောက်မေးခွန်းသို့ သွားပါ | မရှိပါ - အဆင့် ၃ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| ဘယ်အချိန်တွင် အညွှန်းကိန်းများကို တိုင်းတာမည်ဆိုသည့် ရှင်းလင်း တိကျသော အချိန်ဇယားရှိပါသလား။ | ရှိပါသည် - နောက်မေးခွန်းသို့ သွားပါ | မရှိပါ - အဆင့် ၃ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| အညွှန်းကိန်းများကို တိုင်းတာရန် မည်သူ့တွင် တာဝန်ရှိသည်ကိုသင်သိပါသလား။ | သိပါသည် - နောက်မေးခွန်းသို့ သွားပါ | မရှိပါ - အဆင့် ၃ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| အကယ်၍ စီမံကိန်းအဆုံးသတ်သည်အထိ အညွှန်းကိန်း တစ်ခုကို မရောက်ရှိနိုင်ဘူးဆိုလျှင် ဘာလုပ်ရမည်ကို သိပါသလား။ | သိပါသည် - နောက်မေးခွန်းသို့ သွားပါ | မရှိပါ - အဆင့် ၃ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း သို့ ပြောင်းလဲရန် သင့်တွင် စီစဉ်ထားမှုရှိပါသလား။ | ရှိပါသည် - နောက်မေးခွန်းသို့ သွားပါ | မရှိပါ - အဆင့် ၃ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| သင့်ခွဲခြမ်းစိတ်ဖြာလေ့လာချက်ကို ဘယ်နေရာတွင် ဖြန့်ဝေရန်လိုအပ်ကြောင်း ကြိုတင်စီစဉ်ထားမှုရှိပါသလား။ | ရှိပါသည် - နောက်မေးခွန်းသို့ သွားပါ | မရှိပါ - အဆင့် ၃ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |
| သင့်တွင် ပြင်ပမှ အကဲဖြတ်ဆန်းစစ်သူ ရှိပါသလား။ အကယ်၍ မရှိလျှင် အဖွဲ့အစည်းအတွင်း အကဲဖြတ်ဆန်း စစ်မှုပြုရန် သင့်တွင် အစီအစဉ်ရှိပါသလား။ | ရှိပါသည် - သင်က ကောင်းမွန်စွာပြင်ဆင်ထားပြီး၊ သင်ဘာလုပ်နေသည်ကို အတိအကျ သိ - သည်။ ကံကောင်းပါစေ! | မရှိပါ - အဆင့် ၃ မှ စတင်ကာ Tool အားလုံးကို ဖြည့်စွက်ပါ။ |

# Myanmar Impact Toolkit: Monitoring and Evaluating Counter Hate Speech Initiatives

Search for Common Ground

Kingdom of the Netherlands